မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၆)**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် ၂၀၁၇ ခုနှစ်၊ မတ် ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆) ၊ အမှတ် (၁၇၄)

# မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ » ၃



# မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှုဆိုင်ရာအဆင့်တွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိလာ

**သတင်း - ရဲခေါင်ညွှန့်**
**ဓာတ်ပုံ - ဖိုးထောင်**

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်တွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိလာကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ "လူတိုင်းအတွက် လူသားဖွံ့ဖြိုးမှု" ဟု အမည်ပေးထားသော လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ-၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI)အဆင့်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က ထုတ်ပြန်သည့် လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI) အဆင့်တွင် နိုင်ငံပေါင်း ၁၈၈ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် ၁၄၅ သို့ တိုးတက်ရောက်ရှိလာကြောင်း ယနေ့ ညနေက ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ UNDP

*စာမျက်နှာ ၇ ကော်လံ ၁* ✻



ကုလသမဂ္ဂဌာနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မြန်မာနိုင်ငံဆိုင်ရာ UNDP ဌာနေကိုယ်စားလှယ် မစ္စရီနားတားဒက်စ်ဆယ်လီယန် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများအား ရှင်းလင်းပြောကြားစဉ်

**ရွှေဈေး ငွေကျပ် ကိုးသိန်းအထက်သို့ စတင်မြင့်တက်သဖြင့် ရောင်းချလိုသူများပြား** စာ » ၇

**လန်ဒန်ပါလီမန် အဆောက်အအုံ အပြင်ဘက်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား လေးဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရ** စာ » ၁၀

**အမ်းမဲဆန္ဒနယ်၌ ကြိုတင်ဆန္ဒမဲများ စတင်လက်ခံ** စာ » ၁၂

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပထမ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# ကြားဖြတ်ရွေးကောက်ပွဲအတွက် လေ့လာစောင့်ကြည့်မည့်အဖွဲ့ဝင်များ လုပ်ငန်းစတင်မည်

**ခင်ရတနာ**

**ရန်ကုန် မတ် ၂၂**

ကြားဖြတ်ရွေးကောက်ပွဲတွင် ပွင့်လင်းမြင်သာပြီး စနစ်ကျနသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာစေရေးအတွက် နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့ (ANFREL) က မတ် ၂၃ ရက်တွင် စတင်ကာ လေ့လာစောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၂၂ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါအဖွဲ့သည် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူ ၁၂ ဦးနှင့်

*စာမျက်နှာ ၁၂ ကော်လံ ၄* ❄



**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးမှုမြင်ကွင်း**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ကလေးအလုပ်သမား ပပျောက်ရေး အလေးပေး

မြန်မာနိုင်ငံတွင် ကလေးလုပ်သား ၁ ဒသမ ၂ သန်းရှိနေပြီး ထိုအထဲမှ တစ်ဝက်လောက်သည် အန္တရာယ်ရှိသောလုပ်ငန်းခွင်များမှ အလုပ်လုပ်နေကြသည်ဟု ဆိုပါသည်။ ထိုအခြေအနေကို ဖြေရှင်းနည်းလမ်းရှာရန်အတွက် နေပြည်တော်တွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရေးဆွဲဖော်ထုတ်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်ကို တွေ့ရပါသည်။

ကလေးအရွယ်များ လုပ်ငန်းခွင်ထဲသို့ရောက်လာရခြင်းမှာ မိသားစုစားဝတ်နေရေးမလုံလောက်မှုက အဓိကဖြစ်သည်။ ကျေးလက်ဒေသရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အများဆုံးတွေ့မြင်ရသည်။ မြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်များ၊ မိသားစုအသေးစားလုပ်ငန်းများတွင်လည်း တွေ့မြင်ကြရသည်။ ဤသို့ ကလေးလုပ်သားများ များပြားစွာရှိနေရခြင်းမှာ ဆင်းရဲမွဲတေမှု၊ ပညာရေးနိမ့်ကျမှုနှင့် ရာသီဥတုသဘာဝဘေးဒဏ်များကြောင့် ပြောင်းရွှေ့အခြေချမှုများကြောင့် ဖြစ်သည်။

ကလေးလုပ်သားပြဿနာမှာ ကမ္ဘာ့တစ်လွှားတည်ရှိနေသော ပြဿနာဖြစ်ပြီး ၁၉၇၈ ခုနှစ်ကတည်းက ဥရောပ၊ အမေရိကစသော နိုင်ငံများတွင် တည်ရှိခဲ့သော ပြဿနာလည်းဖြစ်သည်။ ၁၉ ရာစုနှစ်က ဗြိတိန်တွင် ပြဋ္ဌာန်းသောဥပဒေအရ ကလေးများကို ခိုင်းစေခွင့်ရှိသည်။ 'ချည်မှျင်စက်ရုံ အက်ဥပဒေ' ဆိုသည်တွင် ၉ နှစ်မှ ၁၆ နှစ်အထိရှိသော ကလေးများကို တစ်နေ့လျှင် ၁၆ နာရီအထိ ခိုင်းစေခွင့်ရှိသည်ဟု ဆိုထားသည်။

၁၈၅၆ ခုနှစ်က ပြဋ္ဌာန်းသောဥပဒေတွင် အသက် ၉ နှစ်အထက် ကလေးများကို နေ့(သို့) ညဆိုင်း တစ်ပတ်လျှင် နာရီ ၆၀အထိ ခိုင်းခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ၁၉၀၁ ခုနှစ်ကျမှ အသက် ၁၂ နှစ်အထက်ဟု ပြောင်းလဲလာခြင်း ဖြစ်သည်။ ၁၉ နှင့် ၂၀ ရာစုအစောပိုင်းအထိ ဥရောပ၊ အမေရိကနှင့် ဥရောပကိုလိုနီ အများအပြားတွင် အသက် ၅ နှစ်မှ ၁၄ နှစ်အရွယ်ကလေးများ အလုပ်လုပ်နေရဆဲဖြစ်သည်ဟု ဆိုပါသည်။

ယခုကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်များအရ ၁၉၆၀ မှ ၂၀၀၃ ခုနှစ်အတွင်း ကလေးလုပ်သားများ ၂၅ ရာခိုင်နှုန်းလောက်ရှိရာမှ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ဟု ဆိုသည်။ UNICEF နှင့် ILO စသောအဖွဲ့များ၏ ၂၀၁၃ ခုနှစ်အစီရင်ခံစာအရ ၅ နှစ်မှ ၁၇ နှစ်ကြား ကလေး ၁၆၈ သန်းလောက်မှာ ကလေးလုပ်သားများအဖြစ်ရှိနေကြသည်ဟု ဆိုသည်။ ကလေးလုပ်သားများ၏ ၆၀ မှ ၇၀ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းခွင်များတွင် ရှိနေကြပြီး ကျန်ကလေးများမှာ မြို့ပြရှိ အစိုးရမဟုတ်သောလုပ်ငန်းများ တွင် ရှိနေကြသည်။

ယခုကလေးလုပ်သား ပပျောက်သွားအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ စက်မှုနှင့် အခြားသော ကဏ္ဍပေါင်းစုံမှ ကလေးလုပ်သားများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး ကလေးလုပ်သား လျှော့ချရေး ပညာပေးသွားရန်၊ ၎င်းတို့ကို အန္တရာယ်ရှိသောလုပ်ငန်းခွင်မှ လျှော့ချရန်၊ ၎င်းတို့ဘဝ တိုးတက်မှုအတွက် ပညာသင်ကြားရေးအခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စီစဉ်နေသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ ကလေးအလုပ်သမားများကို အဆိုးရွားဆုံးပုံစံနှင့် ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် ILO Convention -182 ကိုလက်မှတ်ရေးထိုးခဲ့ပြီး အကောင်ထည်ဖော်မှုအစီရင်ခံစာကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ တွင် ILO သို့တင်သွင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စု အလုပ်သမားဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုနှင့် မြန်မာနိုင်ငံမှာ ကလေးလုပ်သားပပျောက်ရေး အစီအစဉ်ကို ၂၀၁၃ ဒီဇင်ဘာမှ ၂၀၁၇ ဒီဇင်ဘာအထိ လေးနှစ်တာ စီမံကိန်းချမှတ်ဆောင်ရွက် အကောင်အထည်ဖော်ခဲ့ရာမှာ ယခု အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲနိုင်တော့မည့်အဆင့်ကို ရောက်ရှိလာပြီဟုလည်း သိရသည်။

မြန်မာနိုင်ငံ၏ လက်ရှိထုတ်ပြန်ထားသော ကလေးသူငယ်အခွင့်အရေးကာကွယ်ပေးသည့် ဥပဒေများမှာ ပြည့်စုံခြင်းမရှိသည့်အတွက် ကလေးဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်သို့ တင်ပြထားမှုလည်းရှိသည်ဟု ဆိုပါသည်။ မည်သို့ဆိုစေ လက်ရှိဥပဒေများအရ တင်းကျပ်စွာစီစဉ်ဆောင်ရွက်ခြင်း၊ လူသားချင်းစာနာစိတ်၊ သားသမီးချင်းစာနာစိတ်များဖြင့် သဘောထားဆောင်ရွက်ခြင်းများ လိုအပ်ပါသည်။ ထိုစိတ်ဓာတ်များကိုအခြေခံ၍ တစ်ဖက်ကတစ်နိုင်ငံလုံးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များဖြစ်သော ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ပညာအရည်အချင်းမြှင့်တင်ရေး၊ သတင်းဗဟုသုတများ နိုင်ငံအနှံ့ ပျံ့နှံ့ရောက်ရှိစေရေးစီမံကိန်းများနှင့် ပေါင်းစပ်ခြင်းဖြင့်သာ ကလေးလုပ်သားပပျောက်ရေး အောင်မြင်မည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

# သန်စွမ်းသူများနည်းတူ မသန်စွမ်းသူများလည်း တန်းတူအခွင့်အရေးရရှိစေရေး အသိပညာပေး

**ဒလ မတ် ၂၂**

ကိုယ်အင်္ဂါသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နည်းတူ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည် တန်းတူအခွင့်အရေးရရှိစေရေး (The National Law) အသိပညာပေးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre) ရုံးခန်းမ၌ မတ် ၂၁ ရက်က The Leprosy Mission Myanmar(TLMM) အဖွဲ့မှ မြို့ပေါ်ရပ်ကွက်/ကျေးရွာများရှိ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ ခုနှစ်အကြောင်း အသိပညာပေးခြင်းသင်တန်းကို ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် TLMM အဖွဲ့မှ အောက်မြန်မာပြည်ရုံးခွဲမန်နေဂျာ ဦးညွန့်ဝင်းက မသန်စွမ်းအရင်းအမြစ်ဌာနအကြောင်း မိတ်ဆက်ခြင်း၊ မသန်စွမ်းသူများ၏ ၂၀၁၅ ခုနှစ် အခွင့်အရေးဥပဒေနှင့် ရပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့်၊ ဥပဒေရဲ့ကောင်းကျိုးကို နားလည်သဘောပေါက်စေရန် တက်ရောက်လာကြသောမသန်စွမ်းသူများကို သင်တန်းပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အဖွဲ့အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ အိမ်ထောင်စုပေါင်း ၁၀၈၀၀၀၀ စုတွင် မသန်စွမ်းသူဦးရေ ၂ ဒသမ ၃ ရာခိုင်နှုန်းကို တင်ပြထားနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၁၄ ခုနှစ်မြန်မာနိုင်ငံ သန်းခေါင်စာရင်းအရ မသန်စွမ်းမှုအခြေအနေ၌ မြန်မာနိုင်ငံ လူဦးရေစုစုပေါင်း သန်း ၅၀ ကျော်တွင် မသန်စွမ်းသူဦးရေ ၂၃၁၁၂၅၀ ရှိပြီး ၄ ဒသမ ၆ ရာခိုင်နှုန်း ရှိကြောင်း၊ အများဆုံးတွေ့ရှိရသည့် မသန်စွမ်းမှု အမျိုးအစားမှာ အမြင်အာရုံချို့ယွင်းခြင်း ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ မသန်စွမ်းသူ ရာခိုင်နှုန်း ၇ ဒသမ ၆ ရာခိုင်နှုန်း အများဆုံးတွေ့ရှိရပြီး၊ ချင်းပြည်နယ်၌ ၇ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိပြီးတစ်နိုင်ငံလုံးအနေဖြင့် မသန်စွမ်းအမျိုးသမီးဦးရေသည် မသန်စွမ်းအမျိုးသားဦးရေထက် ပိုမိုတွေ့ရှိရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရှိရသည့် မသန်စွမ်းမှု အမျိုးအစားမှာ ဉာဏ်ရည်နှောင့်နှေးခြင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်း ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းတို့ဖြစ်ကြောင်း၊ ကိုယ်အင်္ဂါ မသန်စွမ်းသူ ၈၀ ရာခိုင်နှုန်းခန့်သည် အလုပ်လက်မဲ့ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(မြန်/ဆက်)**



ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်အား မတ် ၂၂ ရက်က ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ အထက(၁)ကျောင်း၌ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် တာဝန်ရှိသူများက ကလေးစာပေပွဲတော်နှင့်စာအုပ်ဈေးရောင်းပွဲတော်အား လှည့်လည်ကြည့်ရှုအားပေးစဉ်
သန့်စင် (ပဲခူး)

## ထင်သာမြင်သာပြုပြင်စရာ

### ဝါးတောကျေးလက်လမ်းကို မိုးရာသီ၌ သွားလာမှုခက်ခဲ၍ပြုပြင်ပေးစေလို

မအူပင်မြို့နယ် ဝါးတော-ထနီဒေါင့်ကားလမ်းဘေးရှိ ဝါးတောရွာကျေးလက်လမ်းမကြီးဖြစ်သော ဇမ္ဗူဒီပရတနာဓမ္မကျောင်းလမ်းမှာ မိုးရာသီတွင်ရဟန်းသံဃာနှင့် ကျောင်းသားကျောင်းသူများ ရွှံ့လမ်းတွင်သွားလာနေရ၍ သွားလာရေးအခက်အခဲကြုံတွေ့နေရသည့်အတွက် ယခုလိုပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

"မိုးရာသီမှာ သွားလာရေး အများဆုံးအခက်အခဲကြုံရတယ်။ ဆရာ ဆရာမနဲ့ ကျောင်းသားကျောင်းသူတွေ၊ နေ့စဉ်ဆွမ်းခံကြွတဲ့ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေ ကျောင်းသားကျောင်းသူတွေ သွားလာရေးအဆင်မပြေကြဘူး။ အလယ်တန်းကျောင်းခွဲကို ကျေးရွာသုံးခုက လာတက်ကြတာ။ ရေဝပ်ပြီးရွှံ့တွေနဲ့ဆိုတော့သွား လာရေးမကောင်းဘူး။ တံတားလေးကလည်း ပြိုတော့မယ်။ ရွာလမ်းမကို ကွန်ကရစ်လမ်းလေးခင်းနိုင်ရင် တာရိုးအထိ သွားလာရေး အဆင်ပြေသွားမှာပါ" ဟု ဝါးတောရွာနေသူတစ်ဦးက ပြောသည်။

ယင်းကားလမ်းသည် ရန်ကုန်-ပုသိမ်လမ်းသို့ ဖောက်လုပ်ထားခြင်းဖြစ်ပြီး မအူပင်တံတားလမ်းဆုံနှင့် တွံတေးသို့လည်း သွားလာနိုင်သည့်အတွက် ဒေသခံပြည်သူများ မိုးရာသီသွားလာရေးတွင် အထူးအကျိုးပြုလျက်ရှိသော ကားလမ်းဖြစ်ပြီး ထိုကားလမ်းနံဘေးရှိ ဝါးတောရွာတွင်လည်း အလယ်တန်းကျောင်းခွဲရှိသောကြောင့် ကျေးလက်လမ်းဖြစ်သည့် ဇမ္ဗူဒီပရတနာဓမ္မကျောင်းလမ်းကို ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းပေးစေလိုကြောင်း ကျေးလက်နေပြည်သူများက ပြောသည်။ **သန်းထိုက်(လှိုင်သာယာ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၂-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၀၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၀၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် | (လက်ကားဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၂ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၄ ・ ၁၄ |
| ထိုင်း | တစ်ဘတ် | ၃၉ ・ ၁၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၈၄၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ・ ၂၈ |

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Noritake Co., Ltd ၏ ဥက္ကဋ္ဌ Mr. Tadashi OGURA နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ၏ အဆင့်မြင့်ကြွေထည်ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Noritake Co., Ltd ၏ ဥက္ကဋ္ဌ Mr. Tadashi OGURA နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# ဒီမိုကရေစီအခွင့်အရေးများရမှ တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်

**နေပြည်တော် မတ် ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံပြီး ဥပဒေပြုရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကာလသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ် ထွန်းကားရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီ အခွင့်အရေးများရမှ တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့် အဆိုများသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ပါရှိသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့် ကိုက်ညီရန်လိုကြောင်း။

ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန်လိုကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပြန်အလှန်ထိန်းကျောင်းမှုပြုလုပ်သည့် နေရာတွင် ကန့်သတ်ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးသမားများဖြစ်ပြီး ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်ရန် အထူးသတိပြုစေလိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်အောင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခွင့်ရှိပါကြောင်း။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေတို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း။

ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီ နိုင်ငံတိုင်းတွင် လွှတ်တော်သည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာကို ပြည်သူကသာ ပိုင်ဆိုင်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် အစဉ်ကြိုးပမ်းရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများကို အလေးထား ဆောင်ရွက်နေသည်မှာလည်း အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများတွင်လည်း တိုင်းရင်းသားများကို ထိုက်သင့်သည့် နေရာများပေး၍ ထည့်သွင်းဖွဲ့စည်း ထားရှိပါကြောင်း။

ဒီမိုကရေစီဝါဒနှင့် ဖက်ဒရယ်လမ်းစဉ် ပေါ်ပေါက်ရေးကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ထူထောင်နိုင်ရန်အတွက် ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံစဉ် (သတင်းစဉ်)



# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကာလတွင် အရေးကြီးသော လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၂**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Democratic Control of Armed Forces (DCAF) ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ အကြီးအကဲ Dr. Albrecht Schnabel ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် DCAF အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကာလတွင် အရေးကြီးသော လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လွှတ်တော်၏ ဥပဒေပြုရေးအပိုင်းတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပိုင်းဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းကိစ္စရပ်များနှင့် လွှတ်တော်နှင့် သက်ဆိုင်သောကိစ္စရပ်များကို ကူညီပံ့ပိုးပေးနိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၂**

မြန်မာဒုက္ခသည်များ၊ နေရပ်ပြောင်းရွှေ့သူများအတွက် နေရပ်ပြန်လာရေးနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးလုပ်ငန်းစဉ်မှာ သိမ်မွေ့သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကို လုံခြုံမှုရှိစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်ခြင်းမျိုးဖြစ်စေရန် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးရာမှာလည်း တိုင်းရင်းသားအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ၎င်းတို့ကိုလက်ခံမည့် လူထုပတ်ဝန်းကျင်များ၊ ဒုက္ခသည်များနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ကုလသမဂ္ဂကတာဝန်ပေးအပ်ထားသည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)နှင့် အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့် စပ်လျဉ်းသည့်စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပြောကြားသည်။

**(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏တိုးတက်မှုများ လျင်မြန်စွာ ဖြစ်ပေါ်တိုးတက်လာသည့်အတွက် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားအချို့မှာ နေရပ်သို့ပြန်ရန် စီစဉ်နေကြသည်ကိုလည်း သိရှိရပြီးဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နေပြည်တော်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် တွေ့ရှိချက်များအား UNHCR က သုံးသပ်တင်ပြရန်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ်နေရပ်ပြန်လာသည့်သူများအတွက် ဆောင်ရွက်ပေးခဲ့သည့်လုပ်ငန်းများအားပြန်လည်သုံးသပ်ရန်နှင့် ကူညီပံ့ပိုးပေးမည့်လုပ်ငန်းများအား ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများအား နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၂၅၀ဖြင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ အိမ်မိုးသွပ်များနှင့် အပ်ချုပ်စက်




များအား ထောက်ပံ့ပေးခဲ့ခြင်း၊ ယခုအခါ မြန်မာဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများ မိမိတို့ဆန္ဒအလျောက် နေရပ်ပြန်လာနိုင်ရေး၊ အကူအညီပေးရေးစီမံကိန်းအား ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄ သန်းဖြင့် စီမံကိန်းသက်တမ်းသုံးနှစ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာတမ်း ထပ်မံရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေးနှင့် ပတ်သက်ပြီး လုပ်ငန်းများနှင့်ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ UN အဖွဲ့အစည်းများ၊ INGOs များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအား ဖိတ်ကြားပြီး ယခုဆွေးနွေးပွဲကျင်းပခြင်းဖြစ်ပါကြောင်း၊ ဒုက္ခသည်များ နေရပ်ပြန်လာနိုင်ရေးလုပ်ငန်းများနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးလုပ်ငန်းများအား ပံ့ပိုးနိုင်မည့် လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲသွားနိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ UNHCR ဌာနေကိုယ်စားလှယ် Mr. Giuseppe De Vincentiis မှ နေရပ်ပြန်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးဆိုင်ရာများအား ဆွေးနွေးတင်ပြသည်။

ထို့နောက် UNHCR ၏ မြန်မာဒုက္ခသည်များ နေရပ်ပြန်လာရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် စပ်လျဉ်း၍ အနာဂတ်တွင် နေရပ်ပြန်လာမည့်သူများအတွက် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးသွားနိုင်မည့်အစီအမံများ၊ အခြားသောနယ်စပ်ဖြတ်ကျော်နေရာများကို နေရပ်ပြန်ခြင်းများအတွက် အနာဂတ်တွင် အသုံးပြုနိုင်မည့် အခြေအနေများ၊ ယာယီလက်ခံကြိုဆိုသည့် နေရာများတွင် နောက်နောင် နေရပ်ပြန်ခြင်းများအတွက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ပံ့ပိုးမှုများနှင့် နေရပ်ပြန်လာသူများအတွက် အနာဂတ်တွင် ကူညီထောက်ပံ့ပေးသွားမည့် အခြေအနေများ၊ နေရပ်ပြန်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းနေထိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ယင်းစကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်(Grand Ballroom) ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# (၇၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို အင်းဝဘဏ်လီမိတက် (ဖြူးမြို့)ဘဏ်ခွဲဖွင့်

**ဖြူး မတ် ၂၂**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် (ဖြူးမြို့) ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဘောလုံးကွင်းရပ်ကွက်ရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် (ဖြူးမြို့)ဘဏ်ခွဲအား အမှတ် (၆) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် တင့်ဆွေ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သိန်းလွင်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ထို့နောက် ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အင်းဝဘဏ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Myanmar Mobile Money Services) သည် မိုဘိုင်းဖုန်းနှင့် ဆောင်ရွက်နိုင်သော ဝန်ဆောင်မှုများကို ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကို မိုဘိုင်းဖုန်းများမှ တစ်ဆင့် ထုတ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သိန်းလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်(၆) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် တင့်ဆွေ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘဏ်ဝန်ထမ်းများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို မြဝတီဘဏ်လီမိတက်၏ ၅၀ မြောက် ဘဏ်ခွဲဖွင့်

**ရန်ကုန် မတ် ၂၂**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ ၅၀ မြောက် ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက်ရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် စစ်ဘက်/နယ်ဘက်မှ အရာရှိကြီးများ၊ မြဝတီဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြဝတီဘဏ်ခွဲ(ပဲခူး)အား ပဲခူးတပ်နယ်မှ ဗိုလ်မှူးကြီး နီလင်းအောင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးစိုးသိန်းနှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးယုလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** တိုင်းမှူးက ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

မြဝတီဘဏ်ခွဲ(ပဲခူး)အား ပဲခူးမြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များ ဒေသခံအဖွဲ့အစည်းများနှင့် တွေ့ဆုံ

**ထားဝယ် မတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များမှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံမြို့မိ မြို့ဖများ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို ထားဝယ်မြို့ DDPC Royal Place Hall ၌ မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံမြို့မိ/မြို့ဖများ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများ၊ အဖွဲ့အစည်းကော်မတီခေါင်းဆောင်များက တစ်ဦးချင်းမိတ်ဆက်ကာ ထားဝယ်အထူးစီးပွားရေးဇုန် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ မြင့်ဆန်းက ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းတင်ပြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းလူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဝင်များ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံ မြို့မိ မြို့ဖများ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**




# ကလေးစာပေပွဲတော်၊ စာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော် ရွှေဘိုတွင်ကျင်းပမည်

**ရွှေဘို မတ် ၂၂**

ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးမှုများ ရင့်သန်လာစေရန်၊ ကလေးများစာပေနှင့်ရင်းနှီးပြီး ကလေးများ၏ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန်၊ အပြောအဆိုနှင့်နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန် ရည်ရွယ်၍ မတ် ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ရှိ TWS ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် ပြန်/ဆက်ဦးစီးဌာနမှ သိရသည်။

“ကလေးစာပေပွဲတော်မတိုင်မီမှာ စည်းရုံးလှုံ့ဆော်ရေးကို ကျွန်တော်တို့ ပြန်/ဆက်ဦးစီးဌာနနဲ့ပညာရေးဌာန တို့ပူးပေါင်းပြီး ကားနဲ့ မြို့ထဲလှည့်လည်ကာ လက်ကမ်းစာစောင်ဝေငှခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ကြေညာပေးပါတယ်။ ပွဲတော်လာကြမယ့် ကလေးတွေအတွက် ကလေးကဗျာတွေ၊ ကလေးတွေ ကြိုက်နှစ်သက်တဲ့ ကာတွန်းဇာတ်ကောင်များနဲ့ ဓာတ်ပုံတွဲရိုက်ရအောင် စတစ်ကာပုံတွေစီစဉ်ထားပါတယ်။ 3D ကာတွန်းပုံတွေ၊ အရုပ်ပုံတွေ ပျော်စရာဂိမ်းတွေလည်း စီစဉ်ပေးထားပါတယ်။ ပွဲတော်လာကလေးတိုင်း အသိပညာဗဟုသုတရပြီး ပျော်ရွှင်ကြမှာပါ”ဟု ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးမျိုးမင်းဇော်က ပြောသည်။

အဆိုပါကလေးစာပေပွဲတော်တွင် ပညာရေးဌာနမှလည်း ကလေးစာပေပွဲတော်သီချင်း၊ တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေရေးအစီအစဉ်များ ပါရှိသည်။ ပွဲတော်တွင် စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲ၊ ဘောလုံးဂိမ်းကစားပြိုင်ပွဲ၊ ဖိနပ်စီးလမ်းလျှောက်ပြိုင်ပွဲ၊ ပူဖောင်းညှပ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်အိမ်ဆောက်ကစားနည်းများ၊ ကာတွန်းပြခန်းများ၊ ဆရာကြီးမင်းသုဝဏ်၏ ကလေးကဗျာများဖြင့် ပြသဆောင်ရွက်မည်ဖြစ်ပြီး ပွဲတော်လာရောက်ကြသူများအား အလှူရှင်များကလှူဒါန်းသည့် ဗလာစာအုပ်များ လက်ဆောင်ပေး၍ အချိုရည်နှင့်မုန့်များ ကျွေးမွေးဧည့်ခံမည်ဖြစ်သည်။

ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ TWS ကိုယ်ပိုင်အထက်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ အခြားမြို့နယ်များမှ ပြန်/ဆက်ဝန်ထမ်းများလည်း လာရောက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ကလေးများအတွက် အသင်းအဖွဲ့စိတ်ဓာတ်နှင့် စုပေါင်းဆောင်ရွက်တတ်စေကာ အသိပညာဗဟုသုတများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❍ *ကျော့ဖုံးမှ*

ကျန်ရှိသောကော်မရှင် အဖွဲ့ဝင်များသည် မောင်တောဒေသသို့ စတုတ္ထအကြိမ် ထပ်မံသွားရောက်ကာ ထိခိုက်နစ်နာမှုရှိသော ကျေးရွာများ၏ တိုးတက်မှု၊ ကော်မရှင်၏ ညှိနှိုင်းဆောင်ရွက်ပေးမှုများအပေါ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် မိမိကျေးရွာများမှ အခြားဒေသများသို့ ရောက်ရှိနေခဲ့သော ကျေးရွာသူ၊ ကျေးရွာသားများ နေရပ်ပြန်လည်ရောက်ရှိမှုနှင့် ဒေသတည်ငြိမ်အေးချမ်းမှုတို့ကို မေးမြန်းစုံစမ်းခဲ့သည်။

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်သို့ အစီရင်ခံစာတင်ပြရာတွင် ပြဿနာများကို လွှမ်းခြုံသုံးသပ်၍ လက်တွေ့ဖြေရှင်းချက်များပါဝင်သော အကြံပြုချက်များကို တင်သွင်းနိုင်ရန်အတွက် ဖြစ်ကြောင်း၊ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ဒုက္ခသည်စခန်းများကို တာဝန်ယူထားသော သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကိုရယူ၍ ၎င်းတို့နေထိုင်ရာစခန်းများသို့ ခက်ခဲစွာ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကော်မရှင်အဖွဲ့သည် မတ် ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားမြို့သို့ရောက်ရှိပြီး ပထမဦးစွာ ကော့ခ်ဘဇားခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ အရေးပိုင် Mr. MD. ALI HOSSAIN နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ကော့ခ်ဘဇားခရိုင်အတွင်းရှိ ဒုက္ခသည်စခန်းများ၌ လုပ်ငန်းများဆောင်ရွက်နေသည့် IOM၊ UNHCR အဖွဲ့တို့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်များသည် Kutupalong ဒုက္ခသည်စခန်းရှိ အမျိုးသမီး ၁၇ ဦးကို ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ဒေါ်ကျိန်ငိုက်မန်တို့က လည်းကောင်း၊ အမျိုးသားများကို ဦးဇော်မြင့်ဖေနှင့် အဖွဲ့ဝင်များကလည်းကောင်း သီးခြားစီတွေ့ဆုံမေးမြန်းစုံစမ်းခဲ့သည်။

ကော်မရှင်အဖွဲ့ဝင်များသည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် Balukhali ဒုက္ခသည်စခန်းသို့သွားရောက်ပြီး International Organization for Migration (IOM) အစီအစဉ်ဖြင့် အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးတို့အား ခန်းဆီးအပိုင်းကာရံလျက် တစ်ဦးချင်းမေးမြန်းခြင်း၊ အချို့အမျိုးသားများကို အုပ်စုလိုက်မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် Leda ဒုက္ခသည်စခန်းသို့ ဆက်လက်သွားရောက်၍ အမျိုးသမီးငါးဦး၊ အမျိုးသားသုံးဦး စုစုပေါင်းရှစ်ဦးတို့အား IOM အစီအစဉ်အရ ခန်းဆီးအပြည့် ကာရံလျက် မေးမြန်းခြင်းများဆောင်ရွက်ခဲ့သည်။

ကော်မရှင်အဖွဲ့သည် မတ် ၂၁ ရက်တွင် ဒါကာမြို့သို့ ပြန်လည်ထွက်ခွာလာပြီး ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် ဒေါက်တာ အောင်ထွန်းသက်တို့သည် ဒါကာမြို့ရှိ IOM နှင့် UNHCR ဌာနေကိုယ်စားလှယ်များဖြင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ကော်မရှင်၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရီးစဉ်တစ်လျှောက်လုံးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းက ကြိုတင်စီစဉ်မှုများ ပြုလုပ်၍ သံရုံးဝန်ထမ်းများက အတူတကွ လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားခရိုင် Kutupalong ဒုက္ခသည်စခန်းတွင် IOM အစီအစဉ်ဖြင့် ကော်မရှင်အဖွဲ့ဝင်များ စုံစမ်းမေးမြန်းနေစဉ်**

✪ *ကျော့ဖုံးမှ*

ကိုရီးယားနိုင်ငံက လာရောက်လေ့လာမှုတွေပြုလုပ်နေပါတယ်” ဟု ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်သို့ ကိုရီးယားသံရည်ကျိုစက်မှုလုပ်ငန်းရှင်များနှင့်အတူ လာရောက်လေ့လာစဉ် ပြောကြားခဲ့သည်။

ကိုရီးယားနိုင်ငံ Jeollabuk-do Root Industry Federation(JROOT) မှ ကိုယ်စားလှယ်များသည် မြန်မာ့စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သံရည်ကျိုလုပ်ငန်းများ ဖွံ့ဖြိုးရေးနည်းပညာအကူအညီပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မြောင်းတကာစက်မှုဇုန်နှင့် တောင်ဒဂုံစက်မှုဇုန်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ကဝမြို့(သပြုကျေးရွာ)များသို့ သံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာခဲ့သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအခြေခံလုပ်ငန်းများဖြစ်သည့် သံရည်ကျိုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ ရေတိုရေရှည်စီမံကိန်းအစီအစဉ်ဖြင့် နည်းပညာများပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အဆိုပါအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းသုံးခုနှင့်နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုးကာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သံရည်ကျိုလုပ်ငန်းများ အဆင့်မြှင့်တင်သွားနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သံရည်ကျိုလုပ်ငန်းများမှာ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများ၌ အများဆုံးရှိပြီး စုစုပေါင်းလုပ်ငန်း ၄၀၀ ခန့်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ ကြိုးစားမှု၊ အစိုးရ၏ပံ့ပိုးကူညီမှု၊ နိုင်ငံတကာမှ နည်းပညာအကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက သံရည်ကျိုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

# ကျောက်စိမ်းအသားကျောက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် မတ် ၂၂**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲစတုတ္ထနေ့ကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ရောင်းချပွဲတွင် နိုင်ငံသားရတနာကုန်သည်များသည် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုရွေးချယ်မှတ်သားကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

ရောင်းချပွဲစတုတ္ထနေ့တွင် ယမန်နေ့က ဈေးနှုန်းတင်သွင်းခဲ့သည့် ကျောက်စိမ်းအတွဲပေါင်း ၁၅၀၀ အတွက် အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါအောင်မြင်သူစာရင်းကို ကြေညာသည်။

ထို့အပြင် ကျောက်စိမ်းအတွဲအမှတ် ၁၅၀၁ မှ အတွဲအမှတ် ၃၀၀၀ အတွက် ဝယ်ယူလိုသူများက ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။



ကျောက်စိမ်းအတွဲအမှတ် ၁၅၀၁ မှ အတွဲအမှတ် ၃၀၀၀ အတွက် တင်ဒါအောင်မြင်သူစာရင်းကို မတ် ၂၃ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲအမှတ် ၃၀၀၁ မှ အတွဲအမှတ် ၄၄၅၄ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မတ် ၂၄ ရက် အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပွင့်သောပန်းလေး မွှေးစေချင်

**မြင့်ထွေး (ဟိုတယ်/ခရီး)**

ကယားပြည်နယ် ခရီးစဉ်မှပြန်လာသည့် နေ့ရက်မှစ၍ ပန်ပက်၊ တနီးလာလဲကျေးရွာများရှိ ကြေးကွင်းပတ် ကယန်းတိုင်းရင်းသားများနှင့် ကယားတိုင်းရင်းသားများ၏ မျက်ဝန်းများကို အမြဲမြင်ယောင်ကာ အတွေးများထဲတွင်ပင် သူတို့က အချိန်ယူလွှမ်းမိုးလျက်ရှိနေသည်။

ကယန်းတိုင်းရင်းသားများနှင့် ကယားတိုင်းရင်းသားတို့၏ ဘဝနေထိုင်ရှင်သန်ကြီးပြင်းမှုက အံ့သြဖွယ် ကောင်းလှသည်။ လူသားများနှင့်အဆက်အသွယ်မပြတ်သော်လည်း လူနှင့် ကမ္ဘာကြီး၏ နေ့စဉ်ဖြစ်ပျက်သမျှအကြောင်းအရာများကို သူတို့စိတ်မဝင်စား။ နံနက်မိုးလင်းလျှင် ယာခင်းသွားမည်၊ အမဲလိုက်မည်၊ ချည်ငင်မည်၊ ရက်ကန်းရက်မည်။ ဝါးပလိုင်း၊ တောင်းများပြုလုပ်မည်၊ အမှတ်တရပစ္စည်းများ ထုဆစ်မည်၊ ဟင်းထုပ်လုပ်မည်၊ ခေါင်ရည်လုပ်မည်။ လျှပ်စစ်မီးမရှိ၊ သောက်ရေ၊ သုံးရေအတွက် ဝေးလံသော စိမ့်စမ်းများမှ ခပ်ယူသယ်ဆောင်ကြမည်။ ရေရှားပါးမှုကြောင့် ရေကန်ပြုလုပ်ကာ မိုးတွင်းကာလတွင် ရေကိုလှောင်ကန်တွင် စုစည်းသိုလှောင်ကာ ကျန်ကာလများတွင် အသုံးပြုမည်။ e-mail, internet, facebook မသိ၊ TV ဆိုတာမရှိ၊ မိုဘိုင်းဖုန်းမည်သို့ အသုံးပြုရမည်ကို နားမလည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နိမ့်ပါးမှုကြောင့် တစ်ဦးချင်းဝင်ငွေမှသည် အသိပညာဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်နေကြသည်ကို တွေ့ရပါသည်။

သူတို့အား ရန်ကုန်- မန္တလေး- တောင်ကြီးကဲ့သို့ မြို့ကြီးပြကြီးတွင် နေထိုင်ရန် မပြောနှင့်။ လွိုင်ကော်မြို့ပေါ်ရှိ အိမ်ကြီးအိမ်ကောင်းတွင် ဝင်ငွေကောင်းကောင်းဖြင့် နေထိုင်ရန် ဖိတ်ခေါ်လျှင်ပင် ငြင်းဆန်ကြလိမ့်မည် ဖြစ်သည်။ လက်ရှိဘဝလေးမှာပင် အေးချမ်းစွာ ကျေနပ်ပျော်ရွှင်နေကြသည်။ မိမိပင် ပဲခူးမြစ်ကမ်းဘေး တောရွာလေးတစ်ရွာတွင် ကြီးပြင်းလာခဲ့သူဖြစ်သော်လည်း ယခုအချိန်တွင် မွေးဖွားရာ တောရွာလေးတွင် ပြန်လည်နေထိုင်ရန် တိုက်တွန်းအကြံပြုပါက နေနိုင်တော့မည်မဟုတ်။ မိမိအသက်မွေးဝမ်းကျောင်းနှင့် ဆပ်စပ်မှုမရှိနိုင်တော့ခြင်းနှင့် မြို့ပြယဉ်ကျေးမှုတွင် ပျော်ဝင်နေမှုကြောင့် ဖြစ်ပါသည်။

ကြေးကွင်းပတ် ကယန်းတိုင်းရင်းသားများနှင့် ကယားတိုင်းရင်းသားတို့၏ နေ့တစူဝ ဘဝရှင်သန် နေထိုင်မှုကား ရိုးရှင်း အေးချမ်းလွန်းလှသည်။ စားစရာ ဆန်၊ ပြောင်းရှိသည်။ နေ့ဘက်တွင် နေအလင်းရောင်၊ ညဘက်တွင် လအလင်းရောင်ရှိသည်။ ဝတ်စရာ ရိုးရာချည်ထည်ကို ကိုယ်တိုင်ရက်လုပ်ဝတ်ဆင်သည်၊ ကိုယ်တိုင်ဆန်ထောင်းသည်။ ကိုယ်ပိုင်တူရိယာများဖြင့် တီးခတ်သီဆိုအပန်းဖြေသည်။ ချမ်းအေးလျှင် ထင်းမီးလှုံမည်။ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းစောင့်ရှောက်မည်။ မိမိတို့တိုင်းရင်းသားမျိုးနွယ်စုမပျောက်ပျက်အောင် စုစည်းကာကွယ်ကြမည်။ လိုချင်တက်မက်မှု အလျဉ်းမရှိ။ ဒေါသ၊ မောဟများ မတွေ့ရ။ လုပ်ယူလေ့ကျင့်ထားသော အပြုံးများမရှိ၊ ရိုးသားဖြူစင်အေးချမ်းသည့် အပြုံးများကို တွေ့ရသည်။

လွန်ခဲ့သော နှစ်များစွာက ဤနေရာများတွင် တိုက်ပွဲသံများ၊ ယမ်းငွေ့များ လွှမ်းခြုံခဲ့သဖြင့် အေးချမ်းစွာနေထိုင်လိုသော တိုင်းရင်းသားများမှာ ထိုင်းနိုင်ငံ မဲဟောင်ဆောင်ခရိုင်အတွင်းရှိ မွန်ပေါင်ကျေးရွာ၊ မွန်ပန်ကျေးရွာ၊ ကျားဗိုလ်ကျေးရွာများသို့ ပြေးဝင်တိမ်းရှောင်ကာ နေထိုင်ခဲ့ကြသည်။ ထိုသို့ တိမ်းရှောင်လာကြသော မိမိတို့နိုင်ငံမှ တိုင်းရင်းသားများကို အသုံးချ၍ တစ်ဖက်နိုင်ငံ၏ နယ်စပ်ကျေးရွာများတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားခေါင်းစဉ်ဖြင့် သူတို့၏ ခရီးသွားမော်ပညာများနှင့် ကမ္ဘာလှည့်ခရီးသည်များအပေါ် လှည့်စားပြသကာ နိုင်ငံခြားငွေကို သဲ့ယူကြသည်။ ကမ္ဘာလှည့်ခရီးသည်များ အနေဖြင့်လည်း ကနဦးအစတွင် မိမိတို့၏ ကြေးကွင်းပတ် ကယန်းတိုင်းရင်းသားများနှင့် ကယားတိုင်းရင်းသားများအား ထိုင်းနိုင်ငံသားများဟု မှတ်ထင်ကြသော်လည်း နောက်ပိုင်းတွင် ၎င်းတို့၏ မူလဘူတ မွေးရပ်ဇာတိမြေမှာ မြန်မာနိုင်ငံဖြစ်ကြောင်း သိရှိလာကြသည့်အတွက် ကယားပြည်နယ်အထိ လာရောက်ကာ လေ့လာမှုများ ပြုလုပ်လာကြသည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြိုးပမ်းမှုများကြောင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော်လည်း ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အစိုးရနှင့် (KNPP) ပူးပေါင်းဆောင်ရွက်ရန်နှင့် မယ်စဲ့မှ ဘီပီ (၁၃) နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း၊ လုံခြုံရေးအား ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP မှ ကူညီဆောင်ရွက်ပေးရန် သဘောတူညီထားမှုအရ သေနတ်သံများ ဆိတ်သုဉ်းပျောက်ကွယ်ကာ အထိုက်အလျောက် အေးချမ်းမှုများ ရှိနေပါသည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ပါဝင်သော ခရီးသွားကဏ္ဍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) နှင့် နယ်သာလန်နိုင်ငံရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်များ မြှင့်တင်ရေးဗဟိုဌာန (CBI) တို့မှ နယ်သာလန်နိုင်ငံ Trust Fund III အစီအစဉ်ဖြင့် ကယားပြည်နယ် အခြေပြုခရီးသွားလုပ်ငန်း Tourisim Focusing on Kayah State (2014-2017) စီမံကိန်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကိုလည်း ၂၆.၈.၂၀၁၄ ရက်နေ့မှစ၍ အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စီမံကိန်းအား ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီအားပေး မြှင့်တင်ဆောင်ရွက်ခြင်း၊ ကယားပြည်နယ်အတွင်း အထိုက်အလျောက် အေးချမ်းတည်ငြိမ်လာခြင်း၊ ပျက်စီးယိုယွင်းမှု လုံးဝမရှိသေးသော သဘာဝအရင်းအမြစ်များကို အသုံးပြု၍ ခရီးသွားလုပ်ငန်းအားတွန်းအားပေးဆောင်ရွက်လာခြင်းများကြောင့် ဒေသတွင်း ခရီးသွားလုပ်ငန်း အခြေအနေမှာလည်း တဖြည်းဖြည်း ပြောင်းလဲတိုးတက်ရောက်ရှိလာနေပြီဖြစ်သဖြင့် တစ်ဖက်နိုင်ငံ နယ်စပ်ကျေးရွာများရှိ ခရီးသွားလုပ်ငန်းတွင် အသုံးချခံနေရသည့် တိုင်းရင်းသားအချို့မှာ နေရပ်ဇာတိသို့ ပြန်လည်ဝင်ရောက်လာကြပြီး ပြည်နယ်အစိုးရ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။



သို့ရာတွင် ယခုအချိန်အထိ တစ်ဖက်နိုင်ငံတွင် မိမိတို့ တိုင်းရင်းသားများ ကျန်ရှိနေသေးသည်။ မိမိတို့နေရပ်သို့ ပြန်လည်ရောက်ရှိနေသော ကယန်း တိုင်းရင်းသားများအနေဖြင့် တစ်ဖက်နိုင်ငံနယ်စပ်တွင် ကျန်ရှိနေသော ၎င်းတို့၏ ဆွေးမျိုးသားချင်းများ ပြန်လာမည့်နေ့ရက်ကို စောင့်စားမျှော်လင့်လျက် ရှိနေကြသည်။

တစ်ဖက်နိုင်ငံနယ်စပ်တွင် ၎င်းတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်တစ်ခု (သို့မဟုတ်) ထုတ်ကုန်တစ်ခု သဖွယ် ဆောင်ရွက်ခံနေရသော တိုင်းရင်းသားများသည် အဆိုပါ နိုင်ငံတွင် နေထိုင်ခဲ့စဉ်က ကမ္ဘာလှည့်ခရီးသည်များအား မည်သို့ဆွဲဆောင်ရမည်ကို သိနေကြပြီးဖြစ်၍ ဤအတွေ့အကြုံများဖြင့် လည်းကောင်း၊ နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန (ITC)၏ ပံ့ပိုးကူညီဖြည့်ဆည်းမှုများဖြင့် လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်ရင်း ပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြပြီဖြစ်သည်။ ယခုထက်ပိုမိုသော ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်ဖြစ်ထွန်းလာပါက တစ်ဖက်နိုင်ငံတွင် ကျန်ရှိနေသော ကြေးကွင်းပတ် ကယန်းတိုင်းရင်းသားများနှင့် ကယားတိုင်းရင်းသားများသည် ကယားပြည်နယ်ရှိ ၎င်းတို့၏ဆွေမျိုးသားချင်းများနှင့် ပြန်လည်ဆုံတွေ့ပြီး အတူတကွနေထိုင်ကာ ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းတိုးတက်ရေးကို အေးချမ်းပျော်ရွှင်စွာ အတူတကွ လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

ဝမ်းနည်းစရာကောင်းသည်က ကမ္ဘာလှည့်ခရီးသည်များအား မည်သို့ဆွဲဆောင်ရမည်ကို နည်းလမ်းသိရှိသော်လည်း၊ လက်တွေ့လုပ်ဆောင်ရမည့် လုပ်နည်းအဆင့်တွင်မူ အားနည်းချက်များစွာ ရှိနေသည်။ မိမိတို့၏ အမှတ်တရအရောင်းဆိုင်များတွင် တစ်ဖက်နိုင်ငံမှ သေသပ်လှပစွာ အဆင့်မြင့်မြင့် အဏုစိတ်ခြယ်မှုန်း၍ ပြုလုပ်ထားသည့် ကယန်းတိုင်းရင်းသားတို့၏ ပုံစံတူရုပ်တုများ ရောင်းချနေသည်ကို တွေ့ရသည်။ တိုင်းရင်းသားများ၏ လက်ဖြင့် ထုဆစ်ထားသော သစ်သားပုံတူရုပ်တုများမှာ ဈေးကွက်ဝင်ရန် (တစ်နည်းအားဖြင့်) ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် များစွာလိုအပ်နေသေးသည့်အပြင် အရေအတွက်များများ ထုတ်လုပ်နိုင်မှုပင်မရှိသေး။ မိမိတို့၏ တိုင်းရင်းသားများကို အသုံးချရုံသာမက ၎င်းတို့၏ လက်ဝတ်၊ အဆင်တန်ဆာများကိုပင် တစ်ဖက်နိုင်ငံမှ ပြုလုပ်ကာ မိမိတို့နိုင်ငံ၊ မိမိတို့ တိုင်းရင်းသားကျေးရွာ အမှတ်တရအရောင်းဆိုင်ထဲအထိ ရောက်ရှိနေရာယူထားသည်ကို တွေ့ရသည်မှာ ခံပြင်းမိသည်။ အဆင့်အတန်းမီ အဝတ်အထည်၊ အဆင်တန်ဆာ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများကို မိမိတို့ကိုယ်တိုင် ထုတ်လုပ်နိုင်ရန် ကြိုးစားကြရပါလိမ့်မည်။

ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသည် လွိုင်ကော်မြို့မှ ၁၈ မိုင်ခန့်ကွာဝေးကာ ကားဖြင့်သွားပါက တစ်နာရီခွဲခန့်သာ ကြာမြင့်သဖြင့် အချိန်တိုအတွင်းသွားရောက်ကာ ကယန်းတိုင်းရင်းသားများ၏ နေ့စဉ်ဘဝရှင်သန်နေထိုင်မှုကို လေ့လာနိုင်ပါသည်။ ပန်ပက်ကျေးရွာတွင် ဒေါကီး၊ ရမ်းခူ၊ ဆလုံးကနား၊ ပင်မဆောင်၊ ကသဲခူဟုခေါ်သည့် ရွာငါးရွာ စုစည်းတည်ရှိနေပြီး ကမ္ဘာတွင် တစ်ခုတည်းသာရှိသော ကြေးကွင်းပတ် ကယန်းတိုင်းရင်းသားများ နေထိုင်ကြပါသည်။ အိမ်ခြေ ၁၉၆ လုံး၊ အိမ်ထောင်စု ၂၀၀၊ လူဦးရေ အမျိုးသား ၁၁၀၇ ဦး၊ အမျိုးသမီး ၁၀၉၄ စုစုပေါင်း ၂၂၀၁ ဦး နေထိုင်ကြပါသည်။ ရိုးရာခေါင်ရည်ချက်လုပ်ခြင်း၊ သစ်၊ ဝါး၊ ကြေးဘော်များဖြင့် လက်မှုလုပ်ငန်း ပြုလုပ်ခြင်း၊ ဝါဂွမ်းမှတစ်ဆင့် ချည်ထည်အဆင့်ထိ ပြုလုပ်သည့် ရက်ကန်းရက်လုပ်ခြင်း၊ ရိုးရာကိုးကွယ်မှုများဖြစ်သည့် တံခွန်တိုင်များ၊ နတ်စင်များ၊ ကြက်ရိုးထိုးခြင်း၊ ခလေ့များပြုလုပ်ခြင်း၊ ရိုးရာတူရိယာများ၊ ရိုးရာတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေခြင်း၊ ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးခြင်းများကို လေ့လာနိုင်သကဲ့သို့ Trekking ခရီးစဉ်ကိုလည်း ပြုလုပ်နိုင်ပါသည်။

တစ်ဆက်တည်းပင် ကယားလူမျိုးများ အဓိက နေထိုင်သော တနီးလာလဲကျေးရွာသည် လွိုင်ကော်မြို့မှ ၁၂ မိုင်ခန့်ကွာဝေးသဖြင့် မိနစ် ၃၀ ခန့် ကားဖြင့် မောင်းနှင်သွားရောက်နိုင်ပါသည်။ အိမ်ခြေ ၁၅၇ လုံး၊ အိမ်ထောင်စု ၁၆၁ စု၊ လူဦးရေ အမျိုးသား ၃၉၀၊ အမျိုးသမီး ၄၀၈ ဦး စုစုပေါင်း ၇၉၈ဦး စုပေါင်း နေထိုင်ကြပါသည်။ ကျေးရွာသို့အဝင်လမ်းတွင် ရှုမီးတောင်ဟောင်းဖြစ်သော ထီးပွင့်ကန်အား လေ့လာနိုင်ခြင်း၊ ကယားတိုင်းရင်းသားတို့၏ ရိုးရာတံခွန်တိုင်များ၊ နတ်စင်များ၊ ကြက်ရိုးထိုးခြင်း ခလေ့များ၊ ရိုးရာတူရိယာများ၊ ရိုးရာတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုခံစားနိုင်ခြင်း၊ နွားလှည်းစီး၍ ကန်ခုနစ်ဆင့်သို့ သွားရောက်ခြင်း၊ ကယားရိုးရာ အစားအသောက်များ စားသောက်ခြင်း၊ ကန်အမှတ် (၆) တွင် သံရိုက်ချက် လုံးဝမပါဘဲဆောက်လုပ်ထားသည့် ကယားရိုးရာအိမ်နှင့် ဖိုးဗျားခန်းမဆောင်တွင် ဝါဂွမ်းမှတစ်ဆင့် ချည်ငင်ပုံ၊ ချည်မှ ရက်ကန်းဖြင့် အထည်အလိပ်ရက်လုပ်ခြင်းစသည့် ကယားတိုင်းရင်းသားတို့၏ ဓလေ့ရိုးရာများကို လေ့လာနိုင်ပါသည်။

လွိုင်ကော်မြို့တွင်းအနေဖြင့် သီရိမင်္ဂလာတောင်တော်စေတီ၊ ကန္ဒရဝတီ၊ စောဖျာဟော်နန်း၊ ယဉ်ကျေးမှုပြတိုက်၊ ခေါင်ရည်လုပ်ငန်း၊ ကယားဝက်အူချောင်းလုပ်ငန်း၊ ကယားဟင်းထုပ်လုပ်ငန်း၊ ရက်ကန်းကျောင်း၊ မြို့နှမ်စေတီများကို လေ့လာနိုင်သကဲ့သို့ လွိုင်ကော်မြို့မှ ၁၆ မိုင်ခန့်ကွာဝေးပြီး ကားဖြင့် မိနစ် ၄၀ ခန့် မောင်းနှင်ရောက်ရှိနိုင်သည့် ကြပ်ဂူတွင် ယနေ့အချိန်ထိ ပဟေဠိဆန်ဆန် အဖြေရှာမရဖြစ်နေသော သစ်လုံးကြီးများအား ထွင်းထုထားကာ သစ်ခေါင်းကြီးများ ရောက်ရှိနေသည့် ဂူကြီးကိုလည်း စိတ်ဝင်စားဖွယ် လေ့လာနိုင်ပါသည်။

အဆိုပါပန်ပက်၊ တနီးလာလဲကျေးရွာများတွင် ဆောင်ရွက်နေသော ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းအား ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ၂၀၁၆ခုနှစ် မတ်လ ၉ ရက်နေ့မှ၊ ၁၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ITB Berlin 2016 တွင် ပြသခဲ့ရာ The Diamond Award, the grand prize of the Golden City Awards ဆုကို ရရှိခဲ့ပြီး ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၊ ၂၀ ရက်နေ့အထိ စင်ကာပူနိုင်ငံ Marina Bay Sand Expo & Convention Centre တွင် ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၇ တွင် ပြသခဲ့ရာတွင်လည်း အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ ပေးအပ်သည့် ASEAN Community Based Tourism Award 2017 ဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပန်ပက်နှင့် တနီးလာလဲကျေးရွာများ၊ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ့နှင့် ကက္ကူကျေးရွာများနှင့် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်ရှိ ကျေးရွာများက ရရှိခဲ့ပါသည်။

ကြေးကွင်းပတ် ကယန်း တိုင်းရင်းသားများနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုပိုင်ဆိုင်သည့် ကယားတိုင်းရင်းသားများသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထင်ပေါ်ကျော်ကြားလျက်ရှိသော်လည်း ခရီးသွားလုပ်ငန်းတစ်ဟုန်ထိုး တိုးတက်အောင်မြင်မှုမရရှိသေးခြင်း၏ အဓိက အဟန့်အတားတစ်ခုမှာ ဒေသတွင်းငြိမ်းချမ်းမှု လိုအပ်နေခြင်းသာ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသာ အပြည့်အဝရရှိလာပါက ကယားပြည်နယ်သို့ ဝင်ရောက်လာမည့် နိုင်ငံတကာခရီးသွားဧည့်သည်များကြောင့် ပြည်နယ်ဖွံ့ဖြိုးရေးကို ခရီးသွားလုပ်ငန်းဖြင့် ဦးဆောင်လာနိုင်မည် ဖြစ်ပါသည်။

မကြာသေးခင်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့မှ ကယားပြည်နယ်သို့ သွားရောက်၍ ကယားပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပန်ပက်နှင့် တနီးလာလဲကျေးရွာများသို့ သွားရောက်၍ ကယန်းဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ကယားပြည်နယ် ဖွံ့ဖြိုးရေးခရီးစဉ်တွင် လမ်းညွှန်မှာကြားမှုများကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း၏ သဘောသဘာဝကို ဒေသခံများ ပိုမိုသိရှိနားလည်လာပြီး ပူးပေါင်းပါဝင်လာစေရန် ရှင်းလင်းချပြစည်းရုံးနိုင်ခဲ့ခြင်း၊ အင်းလေးဒေသအတွင်း ခရီးစဉ်ဆောင်ရွက်နေမှုများကို ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာများမှ ရွာသားတစ်ဦးစီနှင့် ခရီးသွားကဏ္ဍမှ သက်ဆိုင်သည့် တာဝန်ရှိသူများနှင့် သွားရောက်လေ့လာခဲ့ခြင်း၊ အင်းလေးဒေသ အတွေ့အကြုံများကို ပန်ပက်၊ တနီးလာလဲကျေးရွာရှိ ရွာသူ ရွာသားများအား ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ခဲ့ခြင်း၊ ထိုင်း နိုင်ငံ၊ မယ်ဟောင်ဆောင်ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ လူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်ပုံနှင့် အနုပညာ လက်မှုလုပ်ငန်းများအကြောင်း လေ့လာနိုင်ခဲ့ခြင်း၊ အနုပညာ လက်မှုလုပ်ငန်းများ တန်ဖိုးမြှင့်ထုတ်လုပ်ရေးသင်တန်းများ ပို့ချနိုင်ခဲ့ခြင်း၊ စာရင်းဇယားစနစ်များ သင်ကြားပေးခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ကယားပြည်နယ်၌ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် ဆွဲဆောင်နိုင်ရေးအတွက် အလားအလာကောင်းမွန်သည့် ကျေးရွာများ၊ သဘာဝထုံးကျောက်ဂူများကို ရွေးချယ်ခြင်း၊ ပန်ပက်ရွာတွင် လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ခြင်း၊ သစ်ဝါးအခြေခံနှင့် လက်မှုပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများနှင့် လက်မှုလုပ်ငန်းများကို ရှေးမူမပျက် ထိန်းသိမ်းထားရှိရေး၊ ဝတ်ဆင်ထားသည့် ဒင်္ဂါးပြားများကို မှတ်တမ်းပြုစုထားရှိရေး၊ မယ်စဲ့နယ်စပ်ဝင်ပေါက် အမြန်ဖွင့်လှစ်ရေးတို့ကို ပြည်နယ်အစိုးရမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်မှုများကြောင့် ယခုအခါ ဖွံ့ဖြိုးမှုဆီသို့ ဦးတည်နေပြီဖြစ်ပါသည်။

လွန်ခဲ့သောကာလများဆီမှ ကြွင်းကျန်လျက်ရှိနေသော ယမ်းငွေ့များက ပန်းရနံ့ကို လွှမ်းခြုံအုပ်ဆိုင်းထားသဖြင့် ကယားပြည်နယ်ကြီးတစ်ခုလုံး ပန်းရနံ့များ မွှေးထုံကြိုင်သင်းစေရန်အတွက် ယမ်းငွေ့များ လွင့်ပါးပျောက်ကွယ်စေချင်ပါသည်။

ပန်ပက်နှင့်တနီးလာလဲကျေးရွာတွင် ကြေးကွင်းပတ် ကယန်းတိုင်းရင်းသားများနှင့် ကယားတိုင်းရင်းသားများအား ခဏတာတွေ့ကြုံခဲ့ရသော်လည်း ၎င်းတို့၏ မျှော်လင့်နေသော မျက်ဝန်းများကို ကျွန်တော်ဖတ်၍ ရခဲ့သည်။ တစ်ဖက်နိုင်ငံနယ်စပ်တွင် နေထိုင်နေသော ၎င်းတို့၏ ဆွေးမျိုးသားချင်းများနှင့်နေရပ်တွင် ပြန်လည်ဆုံတွေ့ကာ ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုချင်နေကြပြီ။ သူတို့၏ မူလဇာတိသို့ ပြန်လာနိုင်ကြဖို့၊ ငြိမ်းချမ်းစေချင်ကြပြီ။

ပွင့်သောပန်းလေး မွှေးပျံ့စေရန်အတွက် အမွှေးရနံ့ကို အုပ်ဆိုင်းဖုံးကွယ်နေသော ယမ်းငွေ့များ အမြန်လွင့်ပါးပျောက်ကွယ်ပါစေလို့သာ...။

# မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၈) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၈) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိမြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ခေတ်စနစ်နှင့်အညီ ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့သလို လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းဥပဒေကိုရေးဆွဲနေသည်ဟု သိရပါကြောင်း၊ နိုင်ငံအတွင်း ကြက်ခြေနီအမှတ်အသား ဥပဒေပြဋ္ဌာန်းနိုင်ရန် များစွာလိုအပ်ပြီး အရေးကြီးသလို ဥပဒေထွက်ရှိလာပါကလည်း ဥပဒေနှင့်အညီ လေးစားလိုက်နာရန် အထူးလိုအပ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည့်အကူအညီများကို ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဂျီနီဗာသဘောတူညီချက်များကို လက်မှတ်ရေးထိုးထားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်နေသည်နှင့်အညီ ကြက်ခြေနီလှုပ်ရှားမှု၏ မူဝါဒ၊ ဥပဒေပြုရေးကိစ္စရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အသင်း၏ ဥပဒေကိုအကောင်အထည်ဖော်ရာတွင် အသင်းဝင်တိုးပွားရေး၊ စေတနာလုပ်အားရှင် တိုးပွားရေးအခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ နာယကဖြစ်သည့်သမ္မတကြီးကိုယ်တိုင် ကြက်ခြေနီအသင်း၏ရာသက်ပန်အသင်းဝင်အဖြစ်ပါဝင်သလို ရာသက်ပန်အသင်းဝင် တိုးပွားရေးမှာလည်း ဗဟိုကောင်စီဝင်များ၏ တာဝန်ဖြစ်ပါကြောင်း၊ ကြက်ခြေနီစေတနာ လုပ်အားရှင် တိုးပွားရေးနှင့် ရန်ပုံငွေရရှိရေးကိစ္စရပ်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် အလေးအနက် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများကစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌက (၇၇)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက ဗဟိုကော်မတီ အစည်းအဝေးသို့ တင်သွင်းသည့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့အားရှင်းလင်းတင်ပြခြင်း၊ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာ ၂၀၁၆-၂၀၂၀နှင့်အညီ ဆောင်ရွက်မည့် Decentralization ပုံစံအား ရှင်းလင်းခြင်းနှင့် ကနဦးစတင်ဆောင်ရွက်မည့် တိုင်းဒေသကြီး/ပြည်နယ်များရွေးချယ်ခြင်းတို့အား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီ အသင်း၊ နည်းဥပဒေ (မူကြမ်း)အား ဥပဒေ အကြံပေး ဒေါက်တာဒေါ်မေထားကလည်းကောင်း၊ ကြက်ခြေနီသင်္ကေတ ဥပဒေ (ဒုတိယမူကြမ်း)အား လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ကျော်စိုးက လည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှုများနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ ကြက်ခြေနီလှုပ်ရှားမှုများ၊ ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင် မူဝါဒ (ဖြည့်စွက်ပြင်ဆင်ချက်)တို့အား အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြတ်သိန်းကလည်းကောင်း၊ Gender and Diversity Policy ကို ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ရှိန်တို့က ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ရန်ပုံငွေ မြှင့်တင်ခြင်းအစီအစဉ်၊ မြန်မာနိုင်ငံ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီအလိုက် အသင်းနှင့် တပ်ဖွဲ့ဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစည်းအဝေးကို မတ် ၂၃ ရက်ထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဗဟိုကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

**** ရှေ့ဖုံးမှ***

ရုံး၊ ဦးသန့်ခန်းမ၌ ပြုလုပ်သည့် ထုတ်ပြန်ချက်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂဌာနေနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ UNDP ဌာနေကိုယ်စားလှယ် မစ္စရီနား တားဒက်စ်ဆယ်လီယန်နှင့် UNDP စီးပွားရေးအကြံပေး သောမတ်ကရင်းတို့က ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ UNDP ဌာနေကိုယ်စားလှယ် မစ္စရီနားတားက "မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးလူသားဖွံ့ဖြိုးမှု တိုးတက်လာပါတယ်။ မြန်မာနိုင်ငံရဲ့ လူသားဖွံ့ဖြိုးမှုတိုးတက်ရေးအညွှန်းကိန်း ၂၀၁၄ မှာဆိုရင် မြန်မာနိုင်ငံရဲ့ ရမှတ်က ၀ ဒသမ ၅၅၂ ပဲရှိပါတယ်။ ၂၀၁၅ ခုနှစ် ရမှတ်ကိန်းဂဏန်းတွေမှာတော့ ၀ ဒသမ ၅၅၆ အထိ တိုးတက်လာပါတယ်။ ငါးနှစ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ရမှတ်က ၅ ဒသမ ၇ ရာခိုင်နှုန်းလောက်အထိတိုးတက်လာပါတယ်။ နိမ့်ကျတဲ့အဆင့်ကနေ အလယ်အလတ်အဆင့်ထိရရှိပါတယ်။ ဒါဟာအောင်မြင်တဲ့ ထူးခြားမှုဖြစ်ပြီး မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာကောင်းတဲ့ကိစ္စပါ။ တိုးတက်မှုတွေရှိပေမယ့် မေ့လို့မရတဲ့ အရာကတော့ မြန်မာနိုင်ငံရဲ့ HDI ရမှတ်တွေဟာ အခြားအရှေ့တောင်အာရှနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျကွာဟနေဆဲပါ"ဟု ပြောကြားသည်။

UNDP ၏ သတင်းထုတ်ပြန်ကြေညာချက်တွင် လူသားဖွံ့ဖြိုးမှုဆိုင်ရာအလယ်အလတ်အဆင့်သို့ မြန်မာနိုင်ငံရောက်ရှိလာခြင်းသည် ထူးခြားမှုအရေးပါမှုရှိသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိ၏ပြည်သူများအတွက် လူသားဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ဆောင်ရွက်ရာတွင် တိုးတက်မှုရရှိလာခြင်းကို မှတ်တမ်းတင်ဖော်ပြခံရခြင်းကြောင့်ဖြစ်သည်။ သို့သော် အစီရင်ခံစာထဲတွင် ဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံ၏ HDI ရမှတ်ဖြစ်သည့် ၀ ဒသမ ၅၅၆ နှင့် အရှေ့အာရှနှင့်ပစိဖိတ်ဒေသအတွက် ပျမ်းမျှရမှတ် ၀ ဒသမ ၇၂၀ တို့ကြားတွင် ကွာဟချက်ရရှိနေဆဲဖြစ်သည်။ ဥပမာအားဖြင့် မိခင်ကျန်းမာရေးနှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုတို့တွင် မြန်မာနိုင်ငံ၏ စွမ်းဆောင်မှုသည် တောင်အာရှ၏ ပျမ်းမျှအဆင့်အောက်တွင် ရှိနေဆဲဖြစ်သည်" ဟု ပါရှိသည်။

မစ္စရီနားတားက "မြန်မာနိုင်ငံက လူမှုရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအားနည်းတဲ့အတွက် ပိုမိုလုပ်ဆောင်ဖို့ လိုပါသေးတယ်။ ကျွန်မအနေနဲ့ အစိုးရကို တိုက်တွန်းချင်တာကတော့ လူသားတွေရဲ့ သာယာဝပြောမှုလုပ်ငန်းတွေ ပိုမိုတိုးတက်အောင် ဆောင်ရွက်ဖို့နဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိဖို့ အရှိန်ဟုန်မြှင့်ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ အဲ့ဒီလိုလုပ်နိုင်ဖို့အတွက် မူဝါဒပိုင်းဆိုင်ရာကလည်း ပါဝင်ဆောင်ရွက်ပြီး တိကျသေချာတဲ့ ဆုံးဖြတ်ချက်ချမှုသတ်မှတ်မှုတွေ လုပ်ဆောင်ဖို့လိုပါတယ်။ နောက် ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်ချတဲ့အခါမှာလည်း ပါဝင်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေနဲ့ ပိုမိုပြီးတော့ ထိထိရောက်ရောက်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ကိုင်ပြီး ကျော်လွှားဖို့လိုပါတယ်"ဟုပြောသည်။

"လူသားဖွံ့ဖြိုးမှုအဆင့်တွင် အလယ်အလတ်အဆင့်သို့ အောင်မြင်စွာ တက်လှမ်းရောက်ရှိလာခြင်းအတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို ဂုဏ်ယူဝမ်းမြောက်ပါသည်" ဟုကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI) တွင် ဖော်ပြထားသည်။

"ကမ္ဘာကြီးအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးကဏ္ဍများတွင် လက်လှမ်းမီမှုမြှင့်တင်ခြင်းနှင့် အမျိုးသမီးများအတွက် ဖြစ်နိုင်သလောက် တိုးချဲ့ဆောင်ရွက်ပေးခြင်းတို့ဖြင့် အလွန်အမင်းဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရေးခရီးရှည်ကြီးကို ဖြတ်ကျော်သွားလာနေပြီဖြစ်သည်။ ယင်းသည် နောက်တစ်ဆင့်တက်လှမ်းရမည့် ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုများမှ လူတိုင်းဆီသို့ ရောက်ရှိလက်လှမ်းမီသည့် အကျိုးကျေးဇူးများ အာမခံချက်ပေးရေးအတွက် ရှေ့ပြေးနိမိတ်တစ်ခုပင်ဖြစ်သည်"ဟု ယမန်နေ့က စတော့ဟုမ်းမြို့တွင် ကျင်းပသော လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI)အစီရင်ခံစာ စတင်ရှင်းလင်းမိတ်ဆက်ပွဲတွင် UNDP အုပ်ချုပ်ရေးမှူးရုံး ဟယ်လင်ကလာ့ခ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းမြင့်တက်စေရန် ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အစိုးရနဲ့သာမကဘဲ မြန်မာပြည်သူများနှင့်ပါ ပူးပေါင်း၍ လူသားဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ဆက်လက်ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ချက်ချထားပြီးသားဖြစ်ကြောင်း အညွှန်းကိန်း HDI ထုတ်ပြန်ချက်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်ကြား၌ ဒေသများအားလုံးတွင် ပျမ်းမျှလူသားဖွံ့ဖြိုးမှု တိုးတက်လာသော်လည်း ကမ္ဘာတစ်ဝန်းလုံးတွင် ပြည်သူပေါင်း ၁ ဒသမ ၅ ဘီလီယံနီးပါးတို့မှာ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းတို့တွင် အခွင့်အရေးများဆုံးရှုံးနေခြင်းနှင့်အတူ ဆင်းရဲနွမ်းပါးမှု အခြေအနေအမျိုးမျိုးတွင် နေထိုင်နေကြရသည်။ အာရှနှင့်ပစိဖိတ်ဒေသရှိတိုးတက်မှုများ အကျိုးကျေးဇူးကို လူတိုင်းမခံစားရသေးပါဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအချက်သည် အခွင့်အရေးများဆုံးရှုံးနေသော လူအုပ်စုအချို့ အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဝေးလံခေါင်သီသော နေရာဒေသများတွင် နေထိုင်သူများအပေါ် အချိုးအစားမညီမျှစွာ မညီမျှမှုများ သက်ရောက်မှုရှိနေကြောင်းကို ပြသနေသည်ဟု သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)သည် လူသားဖွံ့ဖြိုးမှု အစီရင်ခံစာထုတ်ပြန်ရန်အတွက် တစ်ကမ္ဘာလုံးရှိ လူသားများနှင့်ပတ်သက်သည့် လူသားများ၏ ဝင်ငွေရရှိမှု အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်သည့် အခြေအနေကဏ္ဍများ၊ လူသားလွတ်လပ်ခွင့်ရရှိမှု အခြေအနေများကို တိုင်းတာခြင်းဖြစ်သည်။

လွန်ခဲ့တဲ့ ၂၅ နှစ်အတွင်း ကမ္ဘာ့လူဦးရေရဲ့ ၁ ဒသမ ၁ ဘီလီယံခန့်သည် ပိုမိုကောင်းမွန်တဲ့ သန့်ရှင်းမှုကိုရရှိခဲ့ပြီး ၁ ဒသမ ၆ ဘီလီယံလောက်ကလည်း သန့်ရှင်းကောင်းမွန်တဲ့ သောက်သုံးရေကိုရရှိခဲ့ပါတယ်။ ငါးနှစ်အောက်ကလေးများရဲ့ သေဆုံးမှုနှုန်းကလည်း ၁၉၉၀ နဲ့ ၂၀၁၆ မှာ တစ်ကမ္ဘာလုံး အညွှန်းကိန်းအရ တစ်ဝက်ကျော်ကျော်ကျဆင်းသွားပါတယ်။ HIV၊ ငှက်ဖျားရောဂါနဲ့ တီဘီရောဂါဖြစ်ပွားမှုနှုန်းဟာလည်း ပိုမိုကျဆင်းလာတာကို တွေ့ရသည်ဟု လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (HDI)အစီရင်ခံစာထုတ်ပြန်ချက်မှ သိရသည်။

# ရွှေဈေး ငွေကျပ် ကိုးသိန်းအထက်သို့ စတင်မြင့်တက်သဖြင့် ရောင်းချလိုသူများပြား

**သွန်းဝသန်**

**ရန်ကုန် မတ် ၂၂**

ပြည်တွင်းအခေါက်ရွှေဈေးမှာ ယနေ့ မွန်းလွဲအချိန်မှစတင်၍ မြင့်တက်လာခဲ့ပြီး ဈေးပိတ်ချိန်တွင် တစ်ကျပ်သားလျှင် ငွေကျပ် ကိုးသိန်းတစ်ထောင်အထိ စံချိန်တင် မြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

ပြီးခဲ့သည့် တစ်ပတ်အတွင်း ရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ရှစ်သိန်းရှစ်သောင်းသုံးထောင်သာရှိခဲ့ရာမှ ယနေ့တွင် ရွှေဈေးမှာ တစ်ကျပ်သားလျှင် တစ်ပတ်အတွင်း ၁၈၀၀၀အထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

"မြန်မာ့ရွှေဈေးကွက်က ဒေါ်လာဈေးအတက်အကျနဲ့ ကမ္ဘာ့ရွှေဈေး အတက်အကျကိုလိုက်ပြီး ပြောင်းလဲတာဖြစ်ပါတယ်။ လက်ရှိမှာ ဒေါ်လာဈေးက တစ်ဒေါ်လာကို ငွေကျပ် ၁၃၆၀ စွန်းစွန်းနဲ့ ဈေးငြိမ်နေပေမယ့် ကမ္ဘာ့ရွှေဈေးကတော့ ပြီးခဲ့တဲ့ တနင်္လာနေ့ (မတ် ၂၀ရက်)မှာ ၁၂၂၈ ကနေ ၁၂၃၄အထိ မြင့်တက်လာခဲ့တာကြောင့် ပြည်တွင်းရွှေဈေးလည်း လိုက်ပါမြင့်တက်နေတာ ဖြစ်နိုင်ပါတယ်"ဟု အောင်သမာဓိ စိန်ရွှေရတနာဆိုင်မှ တာဝန်ခံ ကိုဝင်းငယ်က ပြောကြားသည်။

လက်ရှိ ရန်ကုန်ရွှေဈေးကွက်အတွင်း ရွှေတစ်ကျပ်သားလျှင် ငွေကျပ်ကိုးသိန်းအထက်သို့ မြင့်တက်သွားသဖြင့် ရွှေဝယ်ယူစုဆောင်းမှုများ ရပ်တန့်နေပြီး ရောင်းချလိုသူ ပိုမိုများပြားလျက်ရှိကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ကမ္ဘာ့ရွှေဈေးတက်ပေမယ့် ဒီနေ့တော့ အနည်းငယ်ပြန်ကျနေပါတယ်။ ဒါပေမယ့် မြန်မာ့ရွှေဈေးကတော့ အတက်ဘက်မှာ ဆက်ရှိနေတယ်။ ဈေးမြင့်တော့ အရောင်းအဝယ်မကောင်းဘဲ အားလုံးက စောင့်ကြည့်နေကြတယ်။ ဒေါ်လာဈေးငြိမ်နေတဲ့အတွက် ရွှေဈေးက ဆက်တက်နိုင်မယ်လို့ ခန့်မှန်းကြသူတွေလည်း ရှိပါတယ်။ ပုံမှန်ကတော့ ဒီကာလက ရွှေထွက်တဲ့ကာလတစ်ခု ဖြစ်တာမို့ ဈေးက အဲဒီလောက်တက်ဖို့ မသင့်ဘူး"လို့ ရွှေလုပ်ငန်းရှင်တစ်ဦးကလည်း ပြောကြားသည်။

လက်ရှိတွင် ရန်ကုန်ရွှေဈေးမှာ အခေါက်တစ်ကျပ်သားလျှင် ငွေကျပ် ၉၀၁၀၀၀ အထိ မြင့်တက်နေပြီး ၁၅ ပဲရည် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၈၄၈၀၀၀ ရှိနေကြောင်း အောင်သမာဓိမှ သိရသည်။



ရွှေအရောင်းဆိုင်တစ်ဆိုင်၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ရွှေထည်ပစ္စည်းများကို တွေ့ရစဉ်

# ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်း

## ဇော်ဝင်း

နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်နှင့်လျော်ညီသော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်သို့ကူးပြောင်းရာတွင် Control-Oriented Approach ဟူသည့် ထိန်းချုပ်မှုကိုရှေးရှုသော ချဉ်းကပ်မှုမှ Service-Oriented Approach ဟု ခေါ်ဆိုသည့် ဝန်ဆောင်မှုကိုရှေးရှုသော ချဉ်းကပ်မှုနည်းလမ်းသို့ ပိုမိုကူးပြောင်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။

ဝန်ဆောင်မှုရှေးရှုသော ရဲလုပ်ငန်းဆိုသည်မှာ ရဲလုပ်ငန်းများကို ဖော်ဆောင်ရာတွင် ပြည်သူတစ်ဦးချင်းမှသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် ပိုမိုကောင်းမွန်သည့် လူမှုပတ်ဝန်းကျင်တစ်ရပ်ဖြစ်အောင် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ရဲတပ်ဖွဲ့ကျင့်ဝတ်များနှင့်အညီ ရှေးရှု ဆောင်ရွက်ပေးသည့် ရဲလုပ်ငန်းပင်ဖြစ်သည်။

ဝန်ဆောင်မှုရှေးရှုသောရဲလုပ်ငန်း (Service-oriented Policing) ကိုဖော်ဆောင်ရာတွင် ရဲတပ်ဖွဲ့ဝင်များအားလုံးထားရှိရမည့် ခံယူချက်သဘောထား၊ ပါဝင်ရမည့်အစီအမံများ၊ ထည့်သွင်း စဉ်းစားရမည့်အချက်များနှင့် လက်တွေ့အသုံးချရမည့်



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ခြေကျင်လှည့်ကင်း ဆောင်ရွက်နေစဉ်

နည်းလမ်းများအား အခြေခံအားဖြင့် ရှင်းလင်းစွာသိရှိရန် လိုအပ်ပါသည်။

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်သည့်အခါ ရဲတပ်ဖွဲ့သည် **ပြည်သူများကို ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်ဟူသော ခံယူချက်** ဖြင့် လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်အားလုံးသည် ပြည်သူများကို မိဘသဖွယ်၊ မိတ်ဆွေသူငယ်ချင်းများသဖွယ် သဘောထားဆက်ဆံပြီး ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုနှင့်အကူအညီများကို ပေးရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ရဲတပ်ဖွဲ့မှ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ရဲအက်ဥပဒေဖြင့် ဆောင်ရွက်နေသည့် မှောင်ရိပ်ခိုမှု၊ မူးယစ်ရမ်းကားမှု စသည်တို့ကို အရေးယူဆောင်ရွက်ရာတွင် မှုခင်းကြိုတင်ကာကွယ်မှုအပြင် ကာယကံရှင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဟူသော ခံယူချက်အသိစိတ်ဓာတ်ဖြင့်လည်း ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုပေးခြင်းမျိုးကို ပြုလုပ်ကြရမည် ဖြစ်ပါသည်။


Service-Oriented Approach နှင့်အညီ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများကိုဖော်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်မှာ Community သည် Customer ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်သူတို့ကတောင်းခံလာသောအကူအညီများကို ဖြည့်ဆည်းပေးရသော Supplier များဖြစ်သည် ဟူသောအချက်ပင် ဖြစ်ပါသည်။

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်ရာတွင် ရဲလုပ်ငန်းစနစ်၏ ချဉ်းကပ်မှုနည်းလမ်း(၃)သွယ်ကို အသုံးပြုရမည်ဖြစ်သည်။ ယင်းတို့မှာ ပြည်သူလူထု ပူးပေါင်းပါဝင်သောရဲလုပ်ငန်း (Community Policing)၊ ပြဿနာဖြေရှင်းမှုကိုရှေးရှုသော ရဲလုပ်ငန်း (Problem-Oriented Policing) နှင့် ပြည့်စုံသော မှုခင်းဆိုင်ရာသတင်းအချက်အလက်များကို အခြေခံသောရဲလုပ်ငန်း (Intelligent-led Policing)တို့ ဖြစ်ပါသည်။

### ပြည်သူလူထု ပူးပေါင်းပါဝင်သောရဲလုပ်ငန်း (Community Policing)

ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းဆိုသည်မှာ လူ့အဖွဲ့အစည်းပြဿနာများကို ကွဲပြားစွာသိရှိပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ရဲတပ်ဖွဲ့နှင့် လူ့အဖွဲ့အစည်း ပူးပေါင်းဆောင်ရွက်မှုပင် ဖြစ်ပါသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးများဖြင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများတိုးပွားစေပြီး လူ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာများကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်သည်။

### ပြဿနာ၏ အရင်းအမြစ်ကိုအခြေခံ၍ ဖြေရှင်းမှုကိုရှေးရှုသော ရဲလုပ်ငန်း (Problem-Oriented Policing)





ပြဿနာဖြေရှင်းမှုကိုရှေးရှုသည့် ရဲလုပ်ငန်းဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း၌ ဖြစ်ပွားတတ်သည့် ပြဿနာများကို ရဲတပ်ဖွဲ့၏လုပ်ပိုင်ခွင့်အတိုင်းအတာများနှင့်အညီ တုံ့ပြန်ဖြေရှင်းပေးနိုင်ရန်အတွက် မှုခင်းပြဿနာများကို အသေးစိတ်လေ့လာသရုပ်ခွဲ ဆန်းစစ်နိုင်သည့် စွမ်းရည်ဖြစ်သော (Analytical Skill) နှင့် အသိဉာဏ်စွမ်းရည် (Intellectual Skill) များကို အသုံးပြု၍ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရသည့် ရဲလုပ်ငန်းဖြစ်ပါသည်။ ဤနည်းလမ်းကို အသုံးပြုရာတွင် ပြဿနာကို စစ်ဆေးခြင်း (Scanning)၊ ပြဿနာဖြစ်စေသည့် အကြောင်းတရားများကို လေ့လာဆန်းစစ်ခြင်း(Analysis)၊ တုံ့ပြန်ဆောင်ရွက်ခြင်း (Response)နှင့် မှုခင်းပြဿနာအပေါ် တုံ့ပြန်ဆောင်ရွက်မှုပေးခဲ့ခြင်း၏ ထိရောက်မှုကို ပြန်လည်ဆန်းစစ်ခြင်း (Assessment) ဟူသော အဆင့်လေးဆင့်ပါဝင်သော SARA Model ကို အသုံးချရပါသည်။ အထူးသဖြင့် လက်ရှိဖြစ်ပေါ်နေသည့် မြေယာမှုခင်းကိစ္စရပ်များ၊ အလုပ်သမားကိစ္စရပ်များ စသည်တို့အား ဖြေရှင်းရာတွင် ဤနည်းလမ်းကို အသုံးချနိုင်ပါသည်။



အိမ်တိုင်ရာရောက် ရဲလုပ်ငန်း (Home Visit ) ဆောင်ရွက်နေစဉ်

မှုခင်းပြဿနာဖြစ်ပွားစေသည့် အကြောင်းတရားများကို လေ့လာဆန်းစစ်ရာတွင် Crime Analysis Triangle ဖြင့် မှုခင်းဖြစ်ပွားရာနေရာများနှင့် ထိုနေရာများကို စီမံခန့်ခွဲသူများ၊ ပြစ်မှုကျူးလွန်သူများ၏နောက်ကွယ်မှ ထိန်းချုပ်သူများ၊ မှုခင်း၏




သားကောင်များအား အုပ်ထိန်းသူများဟူသော သုံးပွင့်ဆိုင်ဆက်နွယ်မှုများကို လေ့လာဆန်းစစ်ပြီး ပြဿနာရင်းမြစ်များကို သေချာစွာ သိရှိအောင်ရှာဖွေပြီးမှ ထိန်းချုပ်တားဆီးသော နည်းလမ်းဖြင့် ထိရောက်စွာ ဖြေရှင်းပေးရခြင်း ဖြစ်ပါသည်။ ဤနည်းလမ်းကို အသုံးပြုခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများမှာ-

- အဖန်တလဲလဲပေါ်ပေါက်တတ်သည့် မှုခင်းပြဿနာများကို ပိုမိုထိရောက်စွာ လျှော့ချ နိုင်ခြင်း၊
- လူထုလုံခြုံရေးပြဿနာများကို ရေတိုကာလအတွက်သာမက ရေရှည်အတွက် လျှော့ချနိုင်ခြင်း၊
- ပြင်းထန်ဆိုးရွားသော မှုခင်းပြဿနာများကိုသာမက လူ့အသိုက်အဝန်းကို စိတ်အနှောင့်အယှက်ပေးနိုင်သော အသေးစားပြဿနာများကိုပါ ဖြေရှင်းပေးနိုင်ခြင်း၊
- ပြစ်မှုကျူးလွန်နိုင်ခြေရှိသူများကို ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်ခြင်းအားဖြင့် မှုခင်း၏ သားကောင်ဖြစ်နိုင်ခြေနှင့် မှုခင်းဖြစ်ပွားလေ့ရှိသည့်နေရာများကို ပိုမိုထိန်းချုပ်နိုင်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိစေပါမည်။

### မှုခင်းဆိုင်ရာ သတင်းအချက်အလက်များစုဆောင်း၍ ကြိုတင်လက်ဦးမှု ရယူဆောင်ရွက်သည့်ရဲလုပ်ငန်း (Intelligent-led Policing)

ဤရဲလုပ်ငန်းစနစ်မှာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိရောက်သည့် မှုခင်းစုံစမ်းထောက်လှမ်းမှု သတင်းအချက်အလက်များကို စုဆောင်းရယူ၊ ခွဲခြားဆန်းစစ်ပြီး မှုခင်းများကို တိုက်ဖျက်သော နည်းလမ်းဖြစ်ပါသည်။ မှုခင်းများကို ဖြစ်လာမှ တုံ့ပြန်ခြင်းထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်တားဆီးနိုင်ရန် ခေတ်မီနည်းပညာကို အသုံးပြုကာ သတင်းအချက်အလက်များ စုဆောင်းပြီး စောင့်ကြည့်မှုစနစ်များ မှရရှိသော မှတ်တမ်းများကို အသုံးပြုကာ အဖန်တလဲလဲ ပြစ်မှုကျူးလွန်သူများကို တိုက်ဖျက်သည့်နည်းလမ်းဖြစ်ပါသည်။ အခြေခံအားဖြင့် ခရိုင်နှင့် မြို့နယ်ရဲစခန်းများ၏ မှတ်ပုံတင်မှတ်တမ်းများမှာ အလွန်အရေးပါလှပါသည်။

### Service-Oriented Policing စနစ်ကို ဖော်ဆောင်ရန်အတွက် ခေတ်မီပြီး ရဲလုပ်ငန်းကျွမ်းကျင်မှုရှိသည့် ရဲတပ်ဖွဲ့တစ်ခုတွင်ရှိရမည့် သွင်ပြင်လက္ခဏာများ

ပြည်သူလူထုကို ဝန်ဆောင်မှုပေးမည့် ရဲတပ်ဖွဲ့သည် ခေတ်မီပြီး ပညာရှင်ပီသစွာ လုပ်ဆောင်နိုင်ရန်အတွက် အောက်ဖော်ပြပါ သွင်ပြင်လက္ခဏာများရှိရမည် ဖြစ်ပါသည်-

- ပထမဆုံးအချက်မှာ မိမိကိုယ်တိုင်သတိမူခြင်း (Self-Awareness) ဖြစ်ပါသည်။ ရဲတပ်ဖွဲ့သည် ပြည်သူ့အတွက်ဖြစ်သည် "Police for the People" ဟူသော ခံယူချက်ထားရှိရန် အစဉ် သတိပြုရမည်ဖြစ်ပါသည်။
- ဒုတိယအချက်မှာ ရဲလုပ်ငန်းဖြင့် **ဝန်ဆောင်မှု**ပေးသည့်အပိုင်း ဖြစ်ပါသည်။ ရဲတပ်ဖွဲ့က ပြည်သူကိုပေးသော ဝန်ဆောင်မှုသည် အရည်အသွေးမြင့်မားရန်အတွက် လိုအပ်သကဲ့သို့ လိုအပ်သောကဏ္ဍတိုင်းတွင် နိုင်ငံသားအားလုံးအတွက် ထိရောက်သော အခြေခံဝန်ဆောင်မှုများ ပေးနိုင်ရပါမည်။ ထိုသို့ ဝန်ဆောင်မှုပေးရာတွင် ခွဲခြားဆက်ဆံမှုမပါဘဲ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတိုင်းကို ညီတူညီမျှ ဝန်ဆောင်မှုပေးရပါမည်။ တစ်ချိန်တည်းမှာပင် ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုများ အစဉ်တိုးတက်နေရန်ကိုလည်း ရှေးရှုရမည်ဖြစ်သည်။
- တတိယအချက်မှာ **ရဲလုပ်ငန်းဆောင်ရွက်မှု**အပိုင်းဖြစ်ပါသည်။ ထိုအပိုင်းတွင် အရည်အသွေးငါးရပ်နှင့်ပြည့်စုံသော ပြည်သူ့ဗဟိုပြုဝန်ဆောင်မှု ဖြစ်ရပါမည်။ ထိုအရည်အသွေးငါးရပ်မှာ ထိရောက်မှုရှိခြင်း၊ အချိန်နှင့်အင်အားကို အလေအလွင့်မရှိ စနစ်တကျအသုံးပြုနိုင်ခြင်း၊ လုပ်ငန်းပိုင်းကျွမ်းကျင်မှုရှိခြင်း၊ စိတ်ချယုံကြည်ထိုက်ခြင်းနှင့် တာဝန်ယူမှု/တာဝန်ခံမှုရှိခြင်းတို့ ဖြစ်ပါသည်။
- စတုတ္ထအချက်မှာ **ရဲတပ်ဖွဲ့နှင့် ပြည်သူလူထု၏ ဆက်ဆံရေး**ပင် ဖြစ်ပါသည်။ ယုံကြည်ကိုးစားထိုက်ပြီး အပြန်အလှန် အကျိုးရှိစေမည့် ဆက်ဆံရေးများရှိရမည်ဖြစ်ပြီး မှုခင်းစုံစမ်းစစ်ဆေးမှုနှင့် မပတ်သက်သော အခြားဝန်ဆောင်မှု နည်းလမ်းများဖြင့်လည်း စဉ်ဆက်မပြတ် ထိတွေ့မှုရှိရန် လိုအပ်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

# စိုက်ပျိုးရေကို ရေရှည်တည်တံ့ခိုင်မြဲကာ ထိရောက်ကောင်းမွန်သည့်နည်းလမ်းများ အသုံးပြုခြင်းအားနည်းနေ

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ပေါများကြွယ်ဝပြီး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတု အခြေအနေကောင်းများ ပိုင်ဆိုင်လျက်ရှိသော်လည်း စိုက်ပျိုးရေကို ရေရှည်တည်တံ့ခိုင်မြဲကာ ထိရောက်ကောင်းမွန်သည့် နည်းလမ်းများ အသုံးပြုခြင်း အားနည်းနေခြင်းကြောင့် မလိုအပ်ဘဲ ရေအလေအလွင့်များ ဖြစ်ပေါ်ကာ ရေသယံဇာတများ ဆုံးရှုံးမှု ဖြစ်ပေါ်စေသလို သီးနှံများ၏ အထွက်နှုန်းလျော့နည်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး ပညာရှင်များ၏ စိုက်ပျိုးရေအသုံးချမှုနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ Training Course on Water Management သင်တန်းကို မတ် ၂၀ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။ သင်တန်းတွင် အစ္စရေးနိုင်ငံမှ ရေစီမံခန့်ခွဲမှုကျွမ်းကျင်ပညာရှင် Mr. Shlomo Kramer နှင့် Mr. Yorum မှ လာရောက်ပို့ချလျက်ရှိကြောင်း သိရသည်။



မြန်မာနိုင်ငံမှာ သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် ရေအရင်းများ ပေါကြွယ်ဝသော်လည်း စိုက်ပျိုးရေကို ရေရှည်တည်တံ့ခိုင်မြဲကာ ထိရောက်ကောင်းမွန်သည့်နည်းလမ်းများ အသုံးပြုခြင်း အားနည်းနေကြောင်း၊ သို့ရာတွင် ကမ္ဘာပေါ်တွင် ရေအင်မတန်ရှားပါးသည့် အစ္စရေးနိုင်ငံတွင် ရေရှားပါးသော်လည်း ၎င်းနိုင်ငံရှိ တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ၏ အထွက်နှုန်းမှာ မြင့်မားပြီး တောင်သူများ၏ လူနေမှုအဆင့်အတန်းမှာလည်း မြင့်မားသည်ကို တွေ့ရှိရကြောင်း၊ တစ်နည်းအားဖြင့်ဆိုရသော် ရေရှားပါးသော်လည်း စိုက်ပျိုးရေးကို လိုအပ်သည့် ဓာတ်မြေသြဇာနှင့် တွဲဖက်သုံးစွဲ၍ အကျိုးရှိစွာ အသုံးချနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံ စိုက်ပျိုးရေး ပညာရှင်များ၏ စိုက်ပျိုးရေအသုံးချမှုနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်က ပြောသည်။

“ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် ရေဆိုတာ မရှိမဖြစ်အရေးပါတဲ့ သွင်းအားစုတစ်ခုလို့ ဆိုရမှာပါ။ အပင်တွေရဲ့ သက်တမ်းတစ်လျှောက်မှာ ရေအများကြီးလိုအပ်ပါတယ်၊ ရေက အပင်တွေအပေါ် ဘယ်လို သက်ရောက်စေလဲဆိုတော့ အစာချက်လုပ်ခြင်းဖြစ်စဉ် (photosynthesis)၊ အသက်ရှူထုတ်ခြင်းဖြစ်စဉ် (respiration)၊ အနည်းလိုအဟာရဓာတ်တွေ အပင်အတွက် အသုံးပြုခြင်း (utilization of mineral nutrients)၊ ဆဲလ်ကွဲပွားမှုဖြစ်စဉ် စတဲ့ အပင်ရဲ့လုပ်ငန်းဆောင်တာတွေမှာ ရေက မရှိမဖြစ် အရေးပါပါတယ်။ အပင်ရဲ့ သက်တမ်းတစ်လျှောက် ရေပေးနိုင်မှုလျော့နည်းပြီး လိုအပ်ချက် ဖြစ်ခဲ့ရင် အပင်ကြီးထွားနှုန်း ထိခိုက်မယ်၊ ပန်းပွင့်မှုထိခိုက်မယ်၊ အထွက်နှုန်းလျော့မယ်၊ တောင်သူတွေအတွက် ဝင်ငွေတွေ လျော့မယ် စတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့် ရေကို အကျိုးရှိရှိ ရေရှည်တည်တံ့အောင် အသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်”ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကထိကဆရာတစ်ဦးက ပြောသည်။

“ သင်တန်းမှာ ထူးခြားတာက အစ္စရေးနိုင်ငံရဲ့အမျိုးသားအဆင့် ရေစီမံခန့်ခွဲမှုအကြောင်း ပထမဦးဆုံး သင်ခန်းစာမှာ ရှင်းလင်းပြောကြားမှာဖြစ်ပါတယ်၊ ပြီးရင် အစ္စရေးနိုင်ငံရဲ့ ရေသွင်းမှုစနစ်တွေအကြောင်း မိတ်ဆက်ပြောကြားမှာ ဖြစ်ပါတယ်။ သင်တန်းတွင်ပို့ချမယ့် အကြောင်းအရာတွေကတော့ မြေ၊ ရေ၊ အပင်တို့ကြား ဆက်နွယ်မှု၊ (soil-water-plant relationship)၊ အစက်ချရေသွင်းစနစ်အကြောင်း (drip irrigation) ရေရဲ့အရည်အသွေးနဲ့ ရေလေလွင့်ဆုံးရှုံးမှု၊ သီးနှံတွေအတွက် ရေပေးသွင်းမှုနိယာမတွေ၊ အပင်အာဟာရနဲ့ ရေဆက်နွယ်မှု၊ ရေနဲ့ ဓာတ်မြေသြဇာတွဲဖက်သုံးစွဲမှုပုံစံ၊ မြေငန်ဓာတ်နဲ့ အပင်တွေအပေါ် သက်ရောက်မှု၊ မြေအစိုဓာတ်ကို ဆိုလာစနစ်နဲ့ အကဲဖြတ်သုံး သပ်ခြင်းပုံစံ၊ စတာတွေကို အသေးစိတ် သင်ကြားပို့ချသွားမယ်” ဟု ၎င်းက ပြောသည်။

ဤသင်တန်းဖွင့်လှစ်ခြင်းဖြင့် သီးနှံများအပေါ် ရေ၏ တိုက်ရိုက်အကျိုးသက်ရောက်မှုများအပြင် သီးနှံမှလိုအပ်သည့် အာဟာရဓာတ်များရရှိနိုင်မှု၊ စိုက်ချိန်ပျိုးချိန်နှင့် ရေရရှိမှု၊ ရေနှင့် အခြားသွင်းအားစုများ၏ အပြန်အလှန် အမှီသဟဲပြုနေမှု၊ ရေကို မလိုအပ်ဘဲ (သို့မဟုတ်) သီးနှံလိုအပ်ချက်ထက် ပိုမို အသုံးပြုနေလျှင် သီးနှံများအပေါ် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်မှု စသည်တို့ကို ပိုမိုသိရှိ သတိထားလာစေရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းဖွင့်ပွဲကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်၊ အစည်းအဝေးခန်းမ (၂) ၌ပြုလုပ်ခဲ့ရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ဌာနမှူးများ တက်ရောက်ခဲ့ပြီး သင်တန်းသား ၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ**

## မော်လမြိုင် ကလေးစာပေပွဲတော်တွင် မန္တလေး ကိုယ်ပိုင်ကျောင်းများအသင်းက ပူးပေါင်းကူညီမည်

**မန္တလေး မတ် ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်တွင် မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်ကို စည်ကားစွာ ကျင်းပနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းက သွားရောက်ပူးပေါင်းကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် ကလေးစာပေပွဲတော်ကြီးကဲ့သို့ မော်လမြိုင်မြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ကလေးများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ပူးပေါင်းကူညီပေးရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် မွန်ပြည်နယ် ကိုယ်ပိုင်ကျောင်းများအသင်းတို့၏ တောင်းဆိုချက်အရ ပြခန်း၌ပြသမည့် သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့လုပ်ဆောင်မည့် ပစ္စည်းများကို ငှားရမ်းကူညီပေးမည့်အပြင် မန္တလေးစာပေပွဲတော် အတွေ့အကြုံများကိုလည်း အကြံပြုပေးခဲ့ကြောင်း တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းမော်က ပြောသည်။



မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့သည့် ကလေးစာပေပွဲတော်

“မွန်ပြည်နယ် ကိုယ်ပိုင်ကျောင်းများအသင်း အတွင်းရေးမှူး ဒေါ်မြမြလေး ဦးဆောင်တဲ့အဖွဲ့က မတ် ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ ကျွန်မတို့အသင်းနဲ့ လာဆွေးနွေးခဲ့ကြပါတယ်။ မန္တလေးမှာ လုပ်ခဲ့တဲ့ အတွေ့အကြုံတွေ၊ အခက်အခဲတွေနဲ့ အားသာချက် အားနည်းချက်တွေကို အကြံပြုဆွေးနွေးခဲ့ပြီး ပြခန်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေကိုလည်း ငှားရမ်းကူညီပေးခဲ့ပါတယ်” ဟု ၎င်းက ပြောသည်။

မော်လမြိုင်မြို့ ကလေးစာပေပွဲတော်ကြီးတွင် ပူးပေါင်းကူညီမည့် မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းမှအသင်းဝင်များအနေဖြင့် မတ် ၂၃ ရက်တွင် မော်လမြိုင်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**



## ကလေးငယ်များအား သွားကျန်းမာရေး ပညာပေးဟောပြော

**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် ပန်းသီတာဥယျာဉ် သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်ဖွင့်လှစ်လျက်ရှိသော မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ နွေရာသီပန်းချီအခြေခံသင်တန်းမှ ကလေးများအား သွားကျန်းမာရေးဆိုင်ရာများကို သွားဆရာဝန်များအဖွဲ့က မတ် ၂၂ ရက်က လာရောက်အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ပန်းသီတာဥယျာဉ်အတွင်း၌ အခမဲ့ ဖွင့်လှစ်သင်ကြားပေးနေသော နွေရာသီပန်းချီသင်တန်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၁၅၀ အား သွားဆရာဝန် ဒေါက်တာကျော်ဇေယျက လာရောက်ဟောပြောခဲ့ခြင်းဖြစ်သည်။ ဟောပြောရာတွင် သွားပိုးစားရောဂါ စတင်ဖြစ်ပေါ်ပုံ၊ သွားပိုးစားရောဂါ ဖြစ်ပွားပုံအဆင့်ဆင့်၊ ရောဂါ၏ နောက်ဆက်တွဲဖြစ်စဉ်များနှင့် စနစ်မှန်သွားတိုက်နည်း စသည့် သွားကျန်းမာရေးဆိုင်ရာများ၊ ရှောင်ရန်ဆောင်ရန်များကို ကလေးငယ်များ နားလည်သဘောပေါက်လွယ်အောင် သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ ဟောပြောခဲ့ရာ ကလေးငယ်များ စိတ်ဝင်တစား နားထောင်ကြည့်ရှုခဲ့ကြသည်ကို တွေ့ရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ဓမ္မာစရိယစာမေးပွဲ ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် မတ် ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို မတ် ၂၂ ရက်(ပထမနေ့) က နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၇၇၆၃ ပါးအနက် ၁၄၃၀၈ ပါး ဖြေဆိုပြီး ပျက်ကွက် ၃၄၅၅ ပါးရှိ၍ ၈၀ ဒသမ ၅၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## ရေကြီးနစ်မြုပ်၍ သီးနှံပျက်စီးမှုများအတွက် ထောက်ပံ့

**မကွေး မတ် ၂၂**

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြီးခဲ့သည့်နှစ်က ရေကြီးနစ်မြုပ်မှုကြောင့် မိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို မကွေးမြို့ရှိ မြို့နယ်စုပေါင်းရုံးခန်းမ၌ မတ် ၂၂ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခိုင်မင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုများအပေါ် ဝန်ကြီးဌာနက ပံ့ပိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ကျေးရွာအုပ်စု ၁၂ စုမှ တောင်သူ ၂၂၁၇ ဦး အတွက် ထောက်ပံ့ငွေ ကျပ် ၁၈၃ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် သီးနှံပျက်စီးထိခိုက်မှုများကြောင့် တောင်သူများ၏ လူမှုစီးပွား မထိခိုက်စေရန် စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရေကြီးနစ်မြုပ်မှုကြောင့် မိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည့် ကန်ပြားကျေးရွာ၊ ကမ်းရင်ကျေးရွာ၊ ဇီးကျွန်းကျေးရွာ၊ ပုထိုးကျေးရွာ၊ တပ်ကုန်းကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ တောင်ခွင်ကျေးရွာ၊ မြင်ကွန်းကျေးရွာ၊ မိကျောင်းရဲကျေးရွာ၊ မင်းရွာကျေးရွာ၊ ပဌနဂိုလ်ကျေးရွာ၊ မြစ်သာစည်ကျေးရွာတို့မှ တောင်သူများအတွက် ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

**ညီညီမောင်(မကွေး)**

# လန်ဒန်ပါလီမန်အဆောက်အအုံအပြင်ဘက်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား လေးဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရ



**လန်ဒန် မတ် ၂၂**

လန်ဒန်ပါလီမန်အဆောက်အအုံအပြင်ဘက်နေရာအနှံ့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ရဲအရာရှိတစ်ဦးအပါအဝင် လေးဦးသေဆုံးခဲ့ပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ မတ် ၂၂ရက် လန်ဒန်မြို့တော် ဗြိတိန်ပါလီမန်အဆောက်အအုံအပြင်ဘက်၌ ရန်လိုသူတစ်ဦးက ရဲတစ်ဦးကို ဓားဖြင့်ထိုးခဲ့သောကြောင့် ရဲက သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ရာ အဆိုပါရန်လိုသူမှာသေဆုံးခဲ့ကြောင်းသိရပြီး ရဲများက ယင်းဖြစ်ရပ်အား အကြမ်းဖက်ဖြစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။ မြင်ကွင်းများ ရှုပ်ထွေးနေသည့်ကြားမှ ဝက်ဘ်မင်းစတားတံတားအနီး၌ ကားတစ်စီး လမ်းသွားလမ်းလာများကြား အတင်းတိုးဝှေ့ဝင်တိုက်မှုဖြစ်ပွားခဲ့သည်ကို တွေ့ရကြောင်း မျက်မြင် သက်သေများက ပြောသည်။

ယခုအချိန်အထိ သေဆုံးသူ စုစုပေါင်း အရေအတွက်ကို ကွဲကွဲပြားပြားမသိရသေးကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြသည်။

အခင်းဖြစ်ပွားရာနေရာရှိ အရာရှိများက အဆိုပါဖြစ်ရပ်အား မည်သည့်အတွက်ကြောင့် ဖြစ်ပွားခဲ့ရသည်ကို မသိသော်လည်း အကြမ်းဖက်ဖြစ်ရပ်အဖြစ် သတ်မှတ်ခဲ့ကြောင်း လန်ဒန် မြို့တော်ရဲတပ်ဖွဲ့က ပြောခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွတို့တိုက်ခိုက်ခဲ့၍ လူ ၃၂ ဦးသေဆုံးခဲ့သည့် ဘရပ်ဆဲလ်တိုက်ခိုက်မှု ပထမဆုံးတစ်နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါလီမန်အဆောက်အအုံတွင်း ရောက်ရှိနေသော ရိုက်တာသတင်းထောက်များက ကျယ်လောင်သော ဒိုင်းဆိုသည့်အသံကြားပြီး မကြာမီ အဆောက်အအုံအပြင်ဘက်တွင် လူနှစ်ဦး လဲကျနေသည်ကိုတွေ့ရကြောင်း ပြောခဲ့သည်။ ထို့အပြင် ရိုက်တာဓာတ်ပုံသတင်းထောက်တစ်ဦးက ပါလီမန်အဆောက်အအုံနှင့် သိပ်မဝေးသောနေရာရှိ ဝက်ဘ်မင်းစတားတံတားပေါ်၌လည်း ဒဏ်ရာရသူအနည်းဆုံး၁၂ ဦးခန့်ကိုတွေ့ခဲ့ကြောင်းပြောသည်။ ၎င်း၏ဓာတ်ပုံပေါ်တွင် လူများမြေပြင်ပေါ်လဲကျနေပြီး အချို့မှာ သွေးများအလွန်အကျွံထွက်နေရုံသာမက တစ်ဦးမှာ ဘတ်စ်ကားတစ်စီးအောက်ရောက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ **(ရိုက်တာ)**

# မူးယစ်ဆေးဝါးရောင်းချမှုဖြင့် လူကိုးဦးကို သေဒဏ်ပေး

**ဟန္နိုင်း မတ် ၂၂**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဟွာဘင်ပြည်နယ်ရှိ ပြည်သူ့တရားရုံးက မူးယစ်တရားခံ ၂၃ ဦးအနက် တရားခံကိုးဦးကို သေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ တရားခံများသည် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ တရားမဝင် စစ်လက်နက်ပစ္စည်းများ လက်ဝယ်ကိုင်ဆောင်ထားရှိမှုနှင့် အခြားရာဇဝတ်မှုများဖြင့် စွဲချက်တင်ခံထားရသူများဖြစ်သည်။

တရားခံ ၂၃ ဦးသည် တန်တစ်ဝက်ခန့်ရှိ ဘိန်းဖြူခဲ ၁၄၁၅ ခုအား ၂၀၁၂ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်က ရောင်းဝယ်ခဲ့မှုကြောင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ပြီး ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းသတင်းစာ၌ မတ် ၂၂ ရက်တွင် ဖော်ပြခဲ့သည်။ အဆိုပါအမှုနှင့်ပတ်သက်ပြီး ပထမဆုံး ရုံးတင်စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့ပြီးနောက် မတ် ၂၁ ရက်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

တရားခံများအနက် ကိုးဦးကို သေဒဏ်များချမှတ်ခဲ့ပြီး အခြားကိုးဦးကို တစ်သက်တစ်ကျွန်းချမှတ်ခဲ့ကာ လေးဦးကို ထောင်ဒဏ် ၁၇ နှစ်နှင့် ၂၀ နှစ်အထိ ချမှတ်ခဲ့ကြောင်း၊ ထို့အပြင် အမျိုးသမီးတစ်ဦးအား ရာဇဝတ်မှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့အား အသိပေးရန် ပျက်ကွက်မှုဖြင့် ထောင်ဒဏ် ၁၈ လ အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ဥပဒေအရ ဘိန်းဖြူ ၆၀၀ ဂရမ်နှင့်အထက် (သို့မဟုတ်) စိတ်ကြွရူးသွပ်ဆေး ၂ဒသမ ၅ ကီလိုဂရမ်အား ပိုင်ဆိုင်ကြောင်း (သို့မဟုတ်) မှောင်ခိုကူးကြောင်း တွေ့ရှိပါက သေဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဘိန်းဖြူ ၁၀၀ ဂရမ် (သို့မဟုတ်) အခြားတရားမဝင် မူးယစ်ဆေးဝါး ၃၀၀ ဂရမ်အား ထုတ်လုပ်ခြင်း (သို့မဟုတ်) ရောင်းချပါကလည်း သေဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# စိန်တုံး ၁၀၀၀ ဝှက်ယူလာသူတစ်ဦးအား အကောက်ခွန်အရာရှိများက ဖမ်းဆီး

**ရှန်းကျန့် မတ် ၂၂**

စိန်တုံး ၁၀၀၀ တရားမဝင်ယူဆောင်ရန်ကြံစည်သော အမျိုးသား တစ်ဦးကို ရှန်းကျန့်မြို့၌ လွန်ခဲ့သာရက်ပိုင်းက ဖမ်းဆီးရမိခဲ့ ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဟောင်ကောင်မှလာရောက်သည့် အမျိုးသားတစ်ဦးကို ၎င်း၏ဖိနပ်အတွင်း ဝှက်ယူလာသော စုစုပေါင်း အလေးချိန် ၂၁၂ ဒသမ ၉ ကာရက်ရှိ စိန်တုံး ၁၀၀၀ နှင့်အတူ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ရှန်းကျန့်မြို့ လိုဟူဆိပ်ကမ်း၌ အကောက်ခွန် အရာရှိများက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသားသည်၏ ခြေဖျားထောက်ပြီး လမ်းလျှောက် သည့်ပုံစံကြောင့် သံသယရှိခဲ့ကြောင်း၊ ၎င်းကို ဂရုတစိုက်ကြည့် နေချိန်တွင် ပုံမှန်လမ်းလျှောက်သကဲ့သို့ မြန်မြန်လျှောက်သွား ကြောင်း၊ မသက်မသာသောကြောင့် ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်း၏ ဖိနပ်ခုံအတွင်းမှ အရောင်တောက်ပလျက်ရှိသော စိန်တုံးများ ထည့်ထားသည့် အိတ်ငယ်ပေါင်းများစွာကို တွေ့ခဲ့ရကြောင်း၊ ၎င်းအား လက်ရှိတွင် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ဝမ်အမည်ရှိ အကောက်ခွန်အရာရှိတစ်ဦးက ပြောသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်ကလည်း စုစုပေါင်း အလေးချိန် ၁၆၄ ကာရက်ရှိ စိန်တုံး ၁၅၅၄ တုံးအား အဆာပြေမုန့်ထုပ် များအတွင်း တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# သုံးရက်အတွင်း ရွှေ့ပြောင်းသွားလာသူ ၆၀၀၀ ကျော်ကို ကယ်ဆယ်ခဲ့ရ

**ထရီပိုလီ မတ် ၂၂**

ပြီးခဲ့သည့် တနင်္လာနေ့မှ စတင်ကာ သုံးရက်တာကာလအတွင်း ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည် ၆၀၀၀ ကျော်ကို မြေထဲပင်လယ်အတွင်းမှ ကယ်ဆယ်ခဲ့ရကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အဖွဲ့အစည်းက ပြောကြားခဲ့သည်။

ရာသီဥတုအပူရှိန် ပိုမိုပြင်းထန်လာမှုကြောင့် ခရီးကြမ်းစွန့်စားသွားလာလျက်ရှိသည့် ဒုက္ခသည်များ၏ အသက်အန္တရာယ်ကို အထူးစိုးရိမ်ပူပန်ရသည့်အချိန်လည်း ဖြစ်သည်။

အီတလီကမ်းခြေစောင့် တပ်ဖွဲ့များနှင့် လစ်ဗျားကမ်းခြေရှိ အခြားအဖွဲ့များက ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များအား ကယ်ဆယ်ခဲ့ကြောင်း ကုလသမဂ္ဂ ရွှေ့ပြောင်းသွားလာမှု အေဂျင်စီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် အင်္ဂါနေ့က လစ်ဗျား ကမ်းခြေသို့ ကမ်းတင်ရောက်ရှိလာခဲ့သော လူတစ်ထောင်ခန့်ကို တင်ဆောင်လာသည့် ကမ်းခြေစောင့်တပ်ဖွဲ့ လှေတစ်စင်းသည် ဆီစီလီသို့ ရောက်ရှိခဲ့သည်။

ကြာမြင့်စွာဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့် အခြားသော အခက်အခဲ ဒုက္ခပေါင်းစုံတို့ကြောင့် ယခုနှစ်အတွင်း မြောက်အာဖရိကနိုင်ငံများမှ လူနှစ်သောင်းကျော်တို့သည် မြေထဲပင်လယ်ကို ဖြတ်ကျော်ရန် ကြိုးပမ်းခဲ့ကြသည်။ ဒုက္ခသည်အရေအတွက်သည် ပြီးခဲ့သည့် နှစ်နှစ်ကထက်ပင် အရေအတွက် ပိုမိုမြင့်တက်လာခဲ့သည်။ ပွတ်သိပ်ကျပ်ညှပ်နေသောရော်ဘာလှေများဖြင့် ဖြတ်ကျော်လာသူ ဒုက္ခသည်များစွာရှိပြီး ၎င်းတို့အနက် လူ၅၀၀ခန့်မှာ လမ်းခရီးတွင် သေဆုံး သွားသူများနှင့် လှေနစ်မြုပ်ကာ ပျောက်ဆုံးနေသူများဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဘရပ်ဆဲလ်၌ပြုလုပ်မည့် နေတိုးအဖွဲ့ညီလာခံသို့ ထရန့်တက်ရောက်မည်

**ဝါရှင်တန် မတ် ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် လာမည့် မေ ၂၅ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပမည့် နေတိုးအဖွဲ့ညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

နေတိုးအဖွဲ့ခေါင်းဆောင်များသည် အမေရိကန်က အနောက်မဟာမိတ်နိုင်ငံများနှင့် ကတိကဝတ်ပြုထားသည့် အချက်များကို ညီလာခံ၌ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ရေးကို အတည်ပြုနိုင်ရန် မျှော်လင့်လျက်ရှိသည်။

နေတိုးအဖွဲ့ခေါင်းဆောင်များသည် ညီလာခံအတွင်း၌ မဟာမိတ်နိုင်ငံများ၏ ကာကွယ်ရေးအသုံးစရိတ်ကို သင့်တင့်မျှတသော အခြေအနေဖြစ်စေရန် အမေရိကန်က တောင်းဆိုထားသည့်ကိစ္စရပ်များနှင့် အကြမ်းဖက်တိုက်ဖျက်ရေးကဏ္ဍတွင် နေတိုးအဖွဲ့၏အခန်းကဏ္ဍကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု အောင်မြင်ခြင်းမရှိဟု တောင်ကိုရီးယားစစ်ဘက်ပြောကြား



**ဆိုးလ် မတ် ၂၂**

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုမှာ အောင်မြင်ခြင်း မရှိကြောင်းနှင့် ယင်းဒုံးကျည်သည် လေထဲတွင်ပင် ပေါက်ကွဲသွားသည်ဟု ယုံကြည်ရကြောင်း တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၂ ရက်က ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် အရှေ့ဘက် ကမ်းရိုးတန်းရှိ ဝမ်ဆန်လေယာဉ်ကွင်းအနီး၌ ဒုံးကျည်တစ်စင်းအား စမ်းသပ်ပစ်လွှတ်ခဲ့ပြီး အောင်မြင်ခြင်း မရှိခဲ့ဟု ယူဆရကြောင်း တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။ ဒုံးကျည်သည် မြေပြင်ပေါ်မှ ထိုးတက်လာပြီးနောက် လေထုထဲအရောက်တွင် ပေါက်ကွဲသွားခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနများ၏ ဖော်ပြချက်များအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ထိုသို့ဒုံးကျည်ပစ်လွှတ်ခြင်းသည် "Key Resolve and Foal Eagle"ဟု နာမည်ဝှက်ပေးထားသည့် အမေရိကန်-တောင်ကိုရီးယားစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း သိရသည်။ မြောက်ကိုရီးယားဘက်ကလည်း အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏နွေဦးကာလ စစ်ရေးလေ့ကျင့်မှုများသည် မြောက်ကိုရီးယားအား ကျူးကျော်ဝင်ရောက်စွက်ဖက်ရန် အကြိုပြင်ဆင်မှုများပင်ဖြစ်ကြောင်း ကြေညာခဲ့သည်။ **(ဆင်ဟွာ)**

# မွန်ပြည်နယ်တွင် ယခုနှစ်ရော်ဘာဈေးကောင်းသော်လည်း အထွက်နှုန်းလျော့

**မော်လမြိုင် မတ် ၂၂**

မွန်ပြည်နယ် ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးမြို့နယ် ၁၀ မြို့နယ်စလုံး ရော်ဘာစိုက်ပျိုးကြပြီး ရော်ဘာခြံပိုင်ရှင်များမှာ ရော်ဘာဈေးမကောင်းခြင်း၊ အလုပ်သမားရှားပါးခြင်း၊ ကျွမ်းကျင်လုပ်သားမရှိခြင်းတို့ကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရော်ဘာကိုင်းဖျား ကိုင်းနားများ ခုတ်ခြင်း၊ ရော်ဘာပင်စည်များကို ခုတ်လှဲ၍ သစ်ပြားလွှာ ထုတ်လုပ်ကြသဖြင့် ရော်ဘာပင်များ လျော့နည်းသွားခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ရော်ဘာဈေးမှာ မြင့်တက်လာပြီး တစ်ပေါင် လျှင်ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ အထိ ဈေးပေါက်နေသည်။ ယခု ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မွန်ပြည်နယ် ၁၀ မြို့နယ်ဖြစ်သော ရေးမြို့နယ် တွင် ရော်ဘာကေ ၁၅၅၀၀၀၊ ကျိုက်မရောမြို့နယ်တွင် ကေ ၈၁၀၀၀၊ သံဖြူဇရပ်မြို့နယ်တွင်ကေ ၇၀၁၀၀၊ မုဒုံမြို့နယ်တွင် ကေ ၆၀၀၀၀၊ ကျိုက်ထိုမြို့နယ်တွင် ကေ ၃၅၀၀၀၊ သထုံမြို့နယ်တွင် ကေ ၄၅၀၀၀၊ ဘီးလင်းမြို့နယ်တွင် ကေ ၂၁၂၀၀ ပေါင်မြို့နယ်တွင်ကေ ၁၇၀၀၀၊ မော်လမြိုင်မြို့နယ် တွင် ၂၂၂၅ ကေ နှင့် ချောင်းဆုံမြို့နယ်တွင် ၅၉၂၆ ကေသာ စိုက်ပျိုးကြသည်။



ရော်ဘာဈေးကောင်းသော်လည်း ရော်ဘာခြံလုပ်ငန်းရှင် များမှာ အလုပ်သမားရှားပါးခြင်း၊ ကျွမ်းကျင်လုပ်သားမရှိခြင်း၊ အလုပ်သမားရှားပါးသည့်အတွက် ရောဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးမှ အလုပ်သမားများငှားရမ်းလုပ်ကိုင်ရသဖြင့် ကျွမ်းကျင်မှုမရှိခြင်း၊ ရော်ဘာပင်များ ခုတ်လှဲပစ်ခြင်းနှင့် ရော်ဘာပင်များ သက်တမ်းရင့်လာသည့်အတွက် ရော်ဘာစေးအထွက်နည်း လာကာ ယခုနှစ်တွင် ယခင်နှစ်ကလောက် ရော်ဘာစေး မထွက်နိုင်ဘဲ ၂၅ ရာခိုင်နှုန်းလျော့နည်းကြောင်း၊ မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက မီဒီယာများအား ရှင်းလင်း ပြောကြားခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဓာတုဓာတ်ပစ္စည်းများအသုံးပြုမှုကင်းစင်သည့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာသင်တန်းဖွင့်

**ပြင်ဦးလွင် မတ် ၂၂**

စိုက်ပျိုးရေးဦးစီးဌာနနှင့်GIZ-SAFTအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ဓာတုဓာတ်ပစ္စည်း များအသုံးပြုမှုကင်းစင်သည့်စိုက်ပျိုးရေးထုတ်လုပ်မှုဆိုင်ရာသင်တန်းဖွင့်ပွဲကို မတ် ၂၂ ရက်က ပြင်ဦးလွင်မြို့ရှိ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးအောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာ ဝန်ရှိသူများ တက်ရောက်ကြသည်။




အဆိုပါသင်တန်းတွင် စိုက်ပျိုးထုတ်လုပ်သောဟင်းသီးဟင်းရွက်သစ်သီးဝလံ အပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊စားသုံးသူများ ယုံကြည်စိတ်ချစွာစားသုံးနိုင်သည့်အော်ဂဲနစ်ထွက်ကုန်များဖြစ်ပေါ်လာစေရေးတို့အတွက် လိုအပ်သည့်နည်းပညာများနှင့် စိုက်ပျိုးရေးဆိုင်ရာများအား GIZ-SAFT အဖွဲ့မှပညာရှင်များက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှဝန်ထမ်း ၅၂ ဦး၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဝန်ထမ်းခြောက်ဦး စုစုပေါင်း ၅၈ ဦး တက်ရောက်ကြပြီး သုံးရက်ကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သိန်း**

# စိုက်ပျိုးရေးဆိုင်ရာဥပဒေများနှင့် နည်းပညာပေးသင်တန်းဖွင့်

**သီပေါ မတ် ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးကြီးမှူး ဖွင့်လှစ်သော စိုက်ပျိုးရေးဆိုင်ရာဥပဒေများနှင့် နည်းပညာပေးသင်တန်းဖွင့်ပွဲကို မတ် ၂၁ရက်က သီပေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ခရိုင်ဦးစီးအရာရှိ ဦးဇော်ဝင်းကလည်းကောင်း၊ မျိုးစေ့ဥပဒေရေးဆိုင်ရာများကို ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဆွေဆွေမြင့်၊ ပိုးသတ်ဆေးဥပဒေနှင့် Aflatoxim အကြောင်းကို ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချောစုထွေး၊ မြေဩဇာအကြောင်းအခြင်းအရာများကို မြေအသုံးချရေးတာဝန်ခံ ဝန်ထမ်းရေးရာ(စီမံ)နှင့် ပတ်သက်သောကိစ္စရပ်များကို ဒေါ်ခင်နှင်းသော်နှင့်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ကို ဦးနေဝင်းညွှန့်တို့ကလည်းကောင်း ဆွေးနွေးပို့ချကြသည်။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများနှင့်နည်းပညာပေးသင်တန်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမိုးကျော်စွာဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် ဝန်ထမ်းများစုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ငါ့သရောက်မြို့၌ ဘောလုံးအားကစားကွင်း တည်ဆောက်နေမှု ၈၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ငါ့သရောက် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြု ငွေလုံး ငွေရင်းငွေကျပ်သိန်း ၁၉၀၀ ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက် ကစတင်၍ မြို့နယ်ဘောလုံးအားကစားကွင်း တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းပြီးစီးမှု ၈၀ ရာခိုင်နှုန်းခန့်ရှိသွားပြီ ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ ဆိုဒ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်ထံမှ သိရသည်။

အခုဆောင်ရွက်နေတဲ့ လုပ်ငန်း တွေကတော့ ပေ (၂၀×၃၀) ပွဲကြည့်စင်အဆောက်အအုံ၊ ပေ ၂၄၀၀ အပြင် ခြံစည်းရိုး၊ ပေ ၁၃၁၂ အတွင်းခြံစည်းရိုး၊ မီတာ ၄၀၀ ပြေး လမ်းအပါအဝင်၊ ဂါလန် ၁၆၀၀ ဆံ့တဲ့ ရေစင်နှင့် ရေအုတ် ကန်၊ ကျား-မ နှစ်ခန်း တွဲ ရေလောင်းအိမ်သာ၊ မိလ္လာကန်များကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ ပြီးစီးသွားရင်တော့ ဘောလုံးကွင်းကို နှန်းတင်မြက် စိုက်မယ့်လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ၎င်းက ဆက်လက်ပြောသည်။

သို့ဖြစ်၍ ငါ့သရောက်မြို့နယ်၌ မကြာမီအချိန်တွင် မြို့နယ်ဘောလုံး အားကစားကွင်း တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်၍ မြို့နယ်အတွင်းရှိ ဘောလုံးအားကစားဝါသနာရှင် လူငယ်မောင်မယ်များအနေဖြင့် ကျန်းမာပျော်ရွှင်စွာ ဘောလုံးအားကစားနည်းများ ကစားနိုင်တော့မည်ဖြစ်ကြောင်းနှင့် မြို့နယ်အဆင့်ဘောလုံးအားကစားပြိုင်ပွဲများ ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

# နွေရာသီရေပြတ်လပ်မှုမရှိစေရေး ပင်လုံနောင်တောင်းရေကန်မှ ရေပေးဝေမှုစစ်ဆေး

**ပင်လုံ မတ် ၂၂**


လွိုင်လင်မြို့နယ် ပင်လုံမြို့သည် အိမ်ခြေ ၄၈၂၄ အိမ်ရှိပြီး တစ်နေ့လျှင် ရေလိုအပ်ချက်မှာဂါလန် ၅၈၇၅၆၀ လိုအပ်သည်။ ပင်လုံမြို့ရေရရှိရေးအတွက် အဓိကအားထားရသော ရေအရင်းအမြစ်မှာပင်လုံမြို့ အနောက်ဘက်နှစ်မိုင်ခန့်အကွာတွင် တည်ရှိသည့် တစ်ဖက်ပိတ်ကျောက်ရိုးစီတမံဖြင့် ရေစုဆောင်းသိုလှောင်ထားသော နောင်တောင်းကန်နှင့် ပုဂ္ဂလိကလက်ယက်တွင်း ၃၄၈၈ တွင်း သဘာဝရေထွက် လေးခုတို့ဖြင့် သောက်သုံးရေသုံးစွဲလျက်ရှိကြောင်း သိရသည်။

နောင်တောင်းရေကန်သည် မိုးရာသီတွင် တစ်ရက်ရေဂါလန် ခြောက်သိန်းထွက်ရှိပြီး နွေရာသီတွင် တစ်ရက်ရေဂါလန် လေးသိန်းခန့်ထွက်ရှိကြောင်း သိရသည်။

ပင်လုံမြို့စည်ပင်သာယာရေးဌာနမှ အဆိုပါရေစုဆောင်းသိုလှောင်ထားသော နောင်တောင်းကန်မှ အလိုအလျောက် စီးဆင်းသောစနစ်ဖြင့် ရေပိုက်သွယ်တန်းပြီး အိမ်သွယ်ရေတိုင် ၃၇၄ တိုင်၊ အများသုံးရေကန် ၁၀ ကန်နှင့် အများသုံးရေတိုင် ၂၀ ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ခြောက်သွေ့ရာသီရောက်ရှိလာသဖြင့် နွေရာသီရေပြတ်လပ်မှုမရှိစေရန် အဆိုပါ နောင်တောင်းရေကန်အတွင်း စိမ့်စမ်းရေဝင်ရောက်မှု အခြေအနေကို မတ် ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးဌာန တာဝန်ခံ အင်ဂျင်နီယာနှင့် ဝန်ထမ်းများ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# ဓမ္မပူဇာတရားပွဲသဘင် ကျင်းပမည်

**ပြည် မတ် ၂၂**

ပြည်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း ဓမ္မသာ လာရင်ပြင်၌ ပြည်ဒေသရခိုင်လူမှုကူညီရေးအသင်းမှ ကြီးမှူးကျင်းပသောပဥ္စမ အကြိမ်မြောက် ဓမ္မပူဇာတရားပွဲသဘင်ကိုမတ် ၂၇ ရက်တနင်္လာမှ မတ် ၃၁ ရက်အထိ ညစဉ် ၇ နာရီခွဲမှ စတင်၍ ငါးညတိုင်တိုင်တရားပွဲဇော် ကျင်းပမည်ဖြစ်သည်။တရားတော်များကိုမတ် ၂၇ ရက်တွင် ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင် ပညိဿရ ဘိဝံသ၊ မတ် ၂၈ ရက်တွင် ဆရာတော်ဘဒ္ဒန္တခေမိန္ဒ မဟာသဒ္ဓမ္မဇောတိကဓဇ (စစ်ကိုင်းခေမကန်)၊ မတ် ၂၉ ရက်နှင့် မတ် ၃၀ ရက်တွင် မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ၊ မတ် ၃၁ ရက် သောကြာနေ့တွင် ဆရာတော် အရှင်ဘိက္ခုမာလာသာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယအရှင်သူမြတ်တို့က ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း ( ပြည် )**

# အမ်းမဲဆန္ဒနယ်၌ ကြိုတင်ဆန္ဒမဲများ စတင်လက်ခံ

**အမ်း မတ် ၂၂**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေ့နှင့် ယင်းနေ့ မတိုင်မီ နိုင်ငံတော်တာဝန်ဖြင့် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်မှ ကျော်လွန်၍ ခရီးဝေးသွားလာရန် ရှိသူများအနေဖြင့် ကြိုတင်ဆန္ဒမဲများ ပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ် အမ်းမြို့နယ် မဲဆန္ဒနယ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မတ် ၂၂ ရက် နံနက် ၈ နာရီက ကြိုတင်ဆန္ဒမဲများပေးနိုင်ရန် စတင်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲများ သွားရောက်ပေးလျက်ရှိသည်။ အဆိုပါ ကြိုတင်ဆန္ဒမဲပေးခြင်းကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီ အတွင်း ကြိုတင်ဆန္ဒမဲများ ပေးနိုင်ကြောင်း သိရသည်။

**သက်သေခံလက်မှတ်ထုတ်ယူ**

အမ်းမြို့နယ်၌ ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၏ မဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာဖြင့် လာရောက်ကြည့်ရှုကြသည်။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများအနေဖြင့် မိမိအမည် မဲစာရင်းတွင် ပါ၊ မပါ ကြည့်ရှုပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို ကိုယ်တိုင် သို့မဟုတ် မိသားစုတစ်စုလျှင် မိသားစုဝင်တစ်ဦးက လာရောက်ထုတ်ယူကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပေါင်းတည်မြို့နယ်၌ ဝဲကြီးဆည် အက်ကွဲနေကြောင်းသတင်း ကောလာဟလသာဖြစ်

**ပေါင်းတည် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ ဝဲကြီးဆည်နှင့် ပတ်သက်၍ အက်ကွဲနေကြောင်း မတ် ၂၁ ရက် ညနေပိုင်းက သတင်းထွက်ပေါ်နေမှုအပေါ် မြို့ပေါ်နှင့်ကျေးရွာများရှိ ပြည်သူများ စိုးရိမ်ပူပန်နေကြောင်း သတင်းရရှိသည့်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမျိုး၊ ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ ဝဲကြီးဆည်မှာ လွန်ခဲ့သောမိုးရာသီကာလက တမံပေတိုင် ၃၁၀၀ နေရာတွင် တမံအောက်ဘက်ပိုင်း၌ အလျားပေ ၈၀ ခန့်မြေနိမ့်ကျမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် မတ် ၁၁ ရက်မှစတင်၍ စက်ယန္တရားများဖြင့် ပြုပြင်မှုလုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ပြီး အန္တရာယ်တစ်စုံတစ်ရာမရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးက ရှင်းလင်းပြောကြားသည်။ ဧပြီလ ပထမပတ်အတွင်း ပြုပြင်ဆောင်ရွက်မှုလုပ်ငန်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် မတ် ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

(မိုး/ဇလ)

*❄ ရှေ့ဖုံးမှ*

ပညာရှင်နှစ်ဦးတို့ဖြင့် မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲ ဆိုင်ရာများကို ပြီးဆုံးသည်အထိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့အဖွဲ့တစ်ဖွဲ့ပဲ စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စောင့်ကြည့်လေ့လာရာမှာ ရွေးကောက်ပွဲတစ်ကြိမ် ကျင်းပတိုင်း ကျင်းပတိုင်းမှာ ဖြစ်ပေါ်လာတဲ့ အားနည်းချက်တွေကို ဘယ်လောက်ပြင်ဆင်နိုင်သလဲ၊ ပြုပြင်နိုင်သလဲဆိုတာကို လေ့လာစောင့်ကြည့်ပြီး အစီရင်ခံစာတွေ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်"ဟု Asia Network for free elections (ANFREL) ၏ ဥက္ကဋ္ဌ Damaso Magbual က Micasa ဟိုတယ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**စောင့်ကြည့်လေ့လာမှုများပြုလုပ်**

အဆိုပါအဖွဲ့ဝင်များသည် မတ် ၂၃ ရက်မှစတင်ကာ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် မဲဆန္ဒနယ်မြေ ၁၉ခုသို့ သွားရောက်ကာ ကြိုတင်မဲပေးခြင်းမှသည် ရွေးကောက်ပွဲ ကျင်းပပြီးစီးသည်အထိ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဧပြီ ၁၀ ရက်အထိ လေ့လာစောင့်ကြည့်သွားမည်ဖြစ်ပြီး အာရှဒေသများအနက်မှတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီ လမ်းကြောင်းပေါ် လျှောက်လှမ်းရန် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ဖြစ်သည့် ရွေးကောက်ပွဲဖြစ်ခြင်းကြောင့် ယခုကဲ့သို့လာရောက်လေ့လာစောင့်ကြည့်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့အနေဖြင့် အစီရင်ခံစာနှစ်စောင်ကို ထုတ်ပြန်ပေးရန်ရှိပြီး ရွေးကောက်ပွဲပြီးပြီးချင်း နှစ်ရက်အကြာတွင် ပထမအစီရင်ခံစာနှင့် ရက်ပေါင်း ၆၀ အကြာတွင် ဒုတိယအစီရင်ခံစာကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

# အမ်းမြို့၌ ကြားဖြတ်ရွေးကောက်ပွဲ လုံခြုံရေးဆောင်ရွက်ထားမှုဆွေးနွေး

**အမ်း မတ် ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က ကြားဖြတ်ရွေးကောက်ပွဲကာလတွင် ပြည်သူများ လွတ်လပ်လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လုံခြုံရေးအစီအမံများကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးအစီအမံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ မြို့နယ်ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ မြို့နယ်လုံခြုံရေးကော်မတီများက ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ပြီး မတ် ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄၉ စီး၊ သွင်းကုန် ၇၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၀၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။


အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၄၇၇၆ သန်းခန့် စုစုပေါင်းခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၄၇၇၆ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၀ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင် GI Express အမျိုးအစားယာဉ်သည် ခရီးသည်တင်ဆောင်ခြင်းမရှိဘဲ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်လာကြောင်း သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရန်တားဆီးစဉ် အတင်းမောင်းနှင်ထွက်ပြေးသဖြင့် ပန်ဖတ်ရဲကင်းမှ တားဆီးပေးခဲ့ပြီး ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စက်ပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ခြင်ဆေးဘူးများနှင့် ပိုးသတ်ဆေးများ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စက်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ



## MNDAA လက်နက်ကိုင်အဖွဲ့များ အသုံးပြုသည့် Airgun သေနတ်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ရန်လုံကျိုင်းအနီးပတ်ဝန်းကျင်မှ MNDAA လက်နက်ကိုင်အဖွဲ့များ အသုံးပြုသည့် Airguns သေနတ်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများကို မတ် ၂၁ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လောက်ကိုင်မြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်း များက MNDAA လက်နက်ကိုင်အဖွဲ့များကို ဖြိုခွဲထိန်းချုပ်လျက်ရှိရာ မတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက ရန်လုံကျိုင်း ရဲစခန်းအနီးရှိ အဆောက်အအုံများအတွင်း နယ်မြေရှင်းလင်းစဉ် AIR-PORE Airguns တံဆိပ်ပါ Airgun အမျိုးအစား (မှန်ပြောင်းပါ) သေနတ် တစ်လက်၊ ပွိုင့်-၂၂ ကျည်အပါအဝင် ကျည်မျိုးစုံ ၁၈၈ တောင့်၊ ကျည်အိမ် မျိုးစုံ လေးခု၊ လက်ပစ်ဗုံး လေးလုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ဘလူဘူတာနှင့် ကျွန်းလှဘူတာအကြား ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုဖြစ်

**မန္တလေး မတ် ၂၂**

မန္တလေးဘူတာမှ မတ် ၂၁ ရက် ညနေ ၆ နာရီက ထွက်ခွာလာသော အမှတ်(၄၁) အဆန် မန္တလေး-မြစ်ကြီးနားရထားသည် ကန့်ဘလူဘူတာ၌ ရပ်တန့်ရမည်ဖြစ်သော်လည်း စက်ခေါင်းမောင်း ဦးသန်းထိုက်က အိပ်ငိုက်ပြီး အရှိန်လွန်ကာ ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်သွားသဖြင့် မြစ်ကြီးနားဘူတာမှ မတ် ၂၁ ရက် နံနက် ၅ နာရီက ထွက်ခွာလာသောအမှတ် (၄၂)အစုန်ရထားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကန့်ဘလူဘူတာနှင့် ကျွန်းလှဘူတာအကြား မိုင်တိုင်အမှတ် (၄၉၃/၁-၄) ကြားအရောက် ယနေ့ နံနက် ၄ နာရီတွင် ရထားတိုက်မှုဖြစ်ပွားခဲ့သည်။

ရထားတိုက်မှုကြောင့် အမှတ်(၄၁) အဆန်ရထားစက်ခေါင်းအမှတ် DF-1357 ပိန်ချိုင့်၊ ရိုးရိုးတန်းတွဲ (၁) တွဲအမှတ် BDTTEZ-12070 ရထားလမ်းချော်ကျပြီး အမှတ် (၄၂) အစုန်ရထားစက်ခေါင်းအမှတ် DF-1350 ပိန်ချိုင့်၊ ရိုးရိုးတန်းတွဲ(၁) တွဲအမှတ် BDTTEZ-12237 ရထားလမ်းချော်ကျခြင်းများ ဖြစ်ခဲ့သည်။ အမှတ် (၄၁) အဆန်ရထားတွင် လူစီးတွဲ ခုနစ်တွဲ၊ ကုန်တွဲနှစ်တွဲ အချုပ်တွဲတစ်တွဲ၊ ဘရိတ်တွဲတစ်တွဲ စုစုပေါင်း ၁၁ တွဲပါရှိပြီး ခရီးသည် ၃၀၃ ဦး လိုက်ပါခဲ့သည်။ အမှတ် (၄၂) အစုန် ရထားတွင် လူစီးတွဲ ခုနစ်တွဲ၊ ကုန်တွဲသုံးတွဲ၊ ဘရိတ်တွဲတစ်တွဲ စုစုပေါင်း ၁၁ တွဲ ပါရှိပြီး ခရီးသည် ၈၀ ကျော် လိုက်ပါခဲ့သည်။ မြန်မာ့မီးရထားဝန်ထမ်းနှင့် ရထားစီးခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ အထွေထွေမန်နေဂျာ ဦးဘမြင့် (စစ်ဆေးရေး) အဖွဲ့နှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး ခရီးသည်များကို လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ မီးရထားလမ်းပိုင်းကို ယနေ့ နံနက် ၄ နာရီ ၁၅ မိနစ်တွင် ခေတ္တပိတ်ထားခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အမှတ်(၄၁) အဆန်ရထားသည် ကန့်ဘလူဘူတာမှ မြစ်ကြီးနားသို့ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ အမှတ် ၄၂ အစုန်ရထားသည် ကျွန်းလှဘူတာမှ မန္တလေးသို့ ညနေ ၅ နာရီ မိနစ် ၂၀ တွင် လည်းကောင်း ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**



# ဘားအံမြို့နယ်၌ မြေကမ်းပါးပြိုကျ၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**ဘားအံ မတ် ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ကျေးရွာ သံလွင်မြစ်ကမ်းဘေး၌ ဘားအံရေအရင်းအမြစ်က မြေထိန်းနံရံတည်ဆောက်နေသည့် လုပ်ငန်းခွင်၌ မြေကမ်းပါးယံပြိုကျသဖြင့် အလုပ်သမားခေါင်းဆောင်ဦးအနက် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး၌ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဘားအံမြို့နယ် ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ကျေးရွာ သံလွင်မြစ်ကမ်းဘေး၌ လွန်ခဲ့သည့်နှစ်လခန့်မှစတင်ကာ ဘားအံမြို့နယ် ရေအရင်းအမြစ်က ဦးစီးဆောင်ရွက်လျက်ရှိသည့် မြစ်ကမ်းထိန်းသိမ်းရေး မြေထိမ်းနံရံ လုပ်ငန်းခွင်ကို လုပ်ကိုင်လျက်ရှိရာ မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က အလုပ်သမားခေါင်းဦးဖြင့် မြေထိန်းနံရံအတွက် ဖောင်ဒေးရှင်းတူးခြင်းဆောင်ရွက်နေစဉ် အမြင့်၁၅ ပေခန့်မှ ထုထည် ငါးပေခန့်ရှိပြီး အလျားကိုက် ၁၀၀ ခန့် အရှည်ရှိမြေသားများပြိုကျခဲ့ခြင်းဖြစ်သည်။

မြေကမ်းယံပြိုကျသည့်နေရာသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပေးဆပ်သူလူမှုကူညီရေးအသင်း၊ မာဃလူမှုကူညီရေးအသင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ ပါဝင်သောကယ်ဆယ်ရေးအဖွဲ့များ စုစုပေါင်း ကယ်ဆယ်ရေးအင်အား ၁၀၀ ကျော်ဖြင့် ပြိုကျနေသည့် မြေသားများကို နာရီဝက်ခန့်အကြာ ခက်ခက်ခဲခဲဖယ်ရှားပြီး(**အပေါ်ပုံ**) ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ခဲ့သည့်အတွက် အလုပ်သမားခေါင်းဦးအနက် မစန်းစန်းမော် (၃၇ နှစ် )ကူးဆိပ်ရွာ ဘားအံမြို့နယ်နေသူတွင် ဒဏ်ရာရရှိခြင်းမရှိ၊ ကျော်စိုးမိုး (၁၅ နှစ်)ကူးဆိပ်ရွာ ဘားအံမြို့နယ်နေသူတွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိ၊ မနွယ်နီ (၁၃ နှစ်) ဖားပုရွာ ဘားအံမြို့နယ်နေသူတွင် ဒဏ်ရာ(မစိုးရိမ်ရ)တို့ ရရှိခဲ့ကြပြီး အောင်စိုးဦး( ၄၀ နှစ်) ကူးဆိပ်ရွာ ဘားအံမြို့နယ်၊ မစန်းစန်းအေး(၄၀ နှစ်) ကူးဆိပ်ရွာ ဘားအံမြို့နယ်နှင့် ကျော်ကျော် (၃၉ နှစ်) ခမ္မပါလရပ်ကွက် ဘားအံမြို့နယ်နေသူတို့သုံးဦးမှာ ကယ်ဆယ်ရေးအဖွဲ့ တူးဖော်ရရှိချိန်တွင် သေဆုံးနေသည်ကို တွေ့ရှိရသည်။

ဒဏ်ရာရရှိသူများနှင့် သေဆုံးသူ၏ ရုပ်အလောင်းများကို ရဲဆေးစာဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြာညို ဦးစီးအဖွဲ့က ဖြစ်စဉ်အသေးစိတ်ကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မန္တလေး၌ ဆိုင်ကယ်ဖြင့် လဲကျသေဆုံးသူကို ဆေးရုံပို့ခွဲစိတ်ရာမှ ဦးခေါင်းအတွင်းကျည်ဆန်တွေ့ရှိ

**မန္တလေး မတ် ၂၂**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ၇၁×၇၂လမ်းကြား ကျန်စစ်သားလမ်းတွင် အမျိုးသားတစ်ဦး ဆိုင်ကယ်ဖြင့် လမ်းဘေး၌ လဲကျသေဆုံးနေသည်ကို မတ် ၂၂ ရက် နံနက်ပိုင်းက တွေ့ရှိသဖြင့် (**အောက်ယာပုံ**) လူမှုကူညီရေးယာဉ်ဖြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး ခွဲစိတ်စစ်ဆေးရာ ဦးခေါင်းအတွင်း ကျည်ဆန်တစ်တောင့် တွေ့ရှိရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ကြီးတံခွန်မြို့နယ်ရဲစခန်း းမှ တပ်ဖွဲ့ဝင်များအနေဖြင့် အမှုမှန်ပေါ်ပေါက်ရေးနှင့် ပြစ်မှုကျူးလွန်ခဲ့သူကို ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

"ဆိုင်ကယ်အက်ဆီးဒန့်နဲ့ အိုပီတီကို ရောက်လာတယ်။ ခေါင်းက ဒဏ်ရာကို စစ်ဆေးတော့မှ နဖူးအလယ်တည့်တည့်မှာ ကျည်ဆန်ဝင်ထားတာကို တွေ့ရတယ်။ ဆေးရုံရောက်လာတော့ အသက်မရှူတော့ဘူး။ သေနတ်မှန်ပြီး သေတာလားဆိုတာကိုတော့ စုံစမ်းနေတုန်းပါ" ဟု မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

သေဆုံးသူမှာ အခင်းဖြစ်ပွားသည့်မြို့နယ်ရှိ ၆၇ လမ်းနှင့် ၆၈ လမ်းကြား ကျန်စစ်သားလမ်း၌ နေထိုင်သည့် ဆိုင်ကယ်အငှားယာဉ်မောင်း ကိုရဲဝင်း (၃၆နှစ်)ဖြစ်ကာ နဖူးတည့်တည့်တွင် အပေါက် ဒဏ်ရာရရှိသဖြင့် သေဆုံးခဲ့ပြီး ခွဲစိတ်စစ်ဆေးရာ ပြောင်းရှည်သေနတ်ဟု ယူဆရသော လက်လုပ်ကျည်ဆန်တစ်တောင့်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**ရန်ကုန် မတ် ၂၂** - ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၏ ကွင်းဆက်သတင်းအရ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ရဲတပ်ဖွဲ့ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်ကျော်ဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မင်းမင်းထွန်းနှင့် ပူးပေါင်းရဲအင်အား ၁၀ ဦးသည် မတ် ၂၀ ရက် ညနေ ၅ နာရီခွဲက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၇)ရပ်ကွက် ချင်းတွင်းလမ်းထောင့်(ကျူး)နေအိမ်တစ်လုံးကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာတွင် အိမ်ရှင်ဖြစ်သူ ဦးမိုးအေး(ခ)မိုးမိုး(ခ)ကုလားမ၊ ကိုအောင်သူရ (၂)ရပ်ကွက် ဒဂုံတောင်နေသူ၊ စောတလိုက်(ရန်ကင်းကံဘဲ့နေသူ)၊ မသီတာ(ခ)ချောပုံတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၊ ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက် နှစ်ကျပ်သားခန့်၊ ဓားအတိုခြောက်လက်၊ ဓားအရှည်ငါးလက်၊ ဟန်းဆက်ငါးလုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသည်။ (**ဝဲပုံ**) စစ်ဆေးချက်အရ စောတလိုက်(ရန်ကင်းကံဘဲ့နေသူ)မှာ အဆိုပါနေအိမ်၌ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချရန်ရောက်ရှိနေစဉ်ဖြစ်ပြီး အမှုတွင်ပါဝင်သူ သန့်စင်မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။ အဆိုပါ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ပါဝင်သူများကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**


## ကျန်းမာရေးပညာပေးဟောပြောပွဲ

"ဘဝ တစ်ခုကျန်းမာရှင်လန်း အောင်မြင်ငြိမ်းချမ်းစေဘို့"

ဟောပြောမည့်ပုဂ္ဂိုလ်

ဒေါက်တာ စိုးလွင် (တွဲဘက်ပါမောက္ခ)
သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး
ဗဟိုအမျိုးသမီးဆေးရုံကြီး
ရန်ကုန်

နေ့ရက် - ၂၅ ရက်၊ မတ်လ၊ ၂၀၁၇ (စနေနေ့)

အချိန် - မနက် (၉:၃၀) မှ (၁၂:၀၀) နာရီအထိ

နေရာ - UMFCCI ခန်းမ၊
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်။
စိန်ဂျွန်းမှတ်တိုင်အနီး။

* စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည် *



## ဝန်ထမ်းအလိုရှိသည်

E&G Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်

| | | | |
|---|---|---|---|
| ၁။ ပိုက်ဆက်၊ ပိုက်ပြင် | ကျွမ်းကျင် | ကျား | ၁၀ ဦး |
| ၂။ လျှပ်စစ်သွယ်တန်းတပ်ဆင် | ကျွမ်းကျင် | ကျား | ၁၀ ဦး |
| ၃။ Aircon တပ်ဆင်ပြုပြင် | ကျွမ်းကျင် | ကျား | ၁၀ ဦး |
| ၄။ Admin & Accountant | ကျွမ်းကျင် | ကျား/မ | ၃ ဦး |

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အတွင်းနေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်ထောက်ခံချက်နှင့် ပြည်သူ့ရဲစခန်းများ၏ထောက်ခံချက်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ အောက်ဖော်ပြပါလိပ်စာသို့ ၃၁-၃-၂၀၁၇ ရက် နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**အမှတ် (၅)၊ အခန်း (၀၀၂)၊ ရတနာမွန် ၆ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၀၉၁၆၁၄၊ ၀၉-၉၇၉၀၆၆၉၉၉၊ ၀၉-၉၆၆၅၉၉၉၅၉**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အုတ်ဖိုမြို့နယ်၊ ကျောင်းကြီးတန်းရပ်ကွက်၊ သံတံတားလမ်းနေ မယမင်းရွှေစင်၏ ဖခင်ဦးအောင်လှိုင်ထွန်း ၇/အဖန(နိုင်)၁၁၀၉၈၉ နှင့် ဦးအောင်နိုင်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်လှိုင်ထွန်း(ခ)ဦးအောင်နိုင်ထွန်း**



## AJ mobile မှ ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| ဝန်ထမ်း | - | ကျား/မ (၃) ဦး |
| Marketing အတွေ့အကြုံရှိသူ | - | ကျား/မ (၃) ဦး |
| တရုတ်စကားပြန် | - | ကျား/မ (၂) ဦး |

CVဖောင်နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ- အိမ်အမှတ် (43/A)၊ ခေမာသီလမ်းသွယ် (၂)၊ ရတနာလမ်းမ၊ (၁၆)ကွေ့မှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၁၀၆၆၁၇၄၊ ၀၉-၇၇၇၇၉၃၆၉၃**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/9390 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8504 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

## ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

**မြို့လယ်ကျောင်း**

BASIC ENGLISH SPEAKING
1 - 4:00 (Sat + Sun) 2 Apr
10-11:30 (Mon ~ Thurs) 3 Apr
6 - 7:30 (Mon ~ Thurs) 3 Apr
9 - 12:00 (Sat + Sun) 8 Apr
1 - 2:30 (Mon ~ Thurs) 24 Apr

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 20 Mar
3:30 - 5 (Mon ~ Thurs) 28 Mar
1 - 4:00 (Sat + Sun) 1,8 Apr
6 - 7:30 (Mon ~ Thurs) 3 Apr
9 - 12:00 (Sat + Sun) 22 Apr
1 - 2:30 (Mon ~ Thurs) 24 Apr

BASIC WRITING
1 - 2:30 (Mon ~ Thurs) 24 Apr

PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 3 Apr
1 - 4:00 (Sat + Sun) 22 Apr
3:30 - 5 (Mon ~ Thurs) 24 Apr

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 28 Mar
2 - 5:00 (Sat + Sun) 1 Apr
1 - 2:30 (Mon ~ Thurs) 24 Apr

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 22 Apr

BASIC GRAMMAR
9 - 12:00 (Sat + Sun) 26 Mar

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 3 Apr
7:30-9:30 (Mon ~ Thurs) 24 Apr

IELTS (Grammar + Vocab)
10-11:30 (Mon ~ Thurs) 29 May

**လှည်းတန်းကျောင်းခွဲ**

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 3 Apr
7:30-10:30 (Sat + Sun) 22 Apr
3:30 - 5 (Mon~Thurs) 24 Apr

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon~Thurs) 20 Mar
9 - 12:00 (Sat+Sun) 1 Apr
10-11:30 (Mon~Thurs) 24 Apr
1 - 2:30 (Mon~Thurs) 24 Apr
6 - 7:30 (Mon~Thurs) 24 Apr

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 8 May

IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 2 May

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 28 Mar

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 20 Mar
7:30-10:30 (Sat + Sun) 22 Apr

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon~Thurs) 20 Mar
12 - 3:00 (Sat + Sun) 22 Apr
7:30 - 9 (Mon~Thurs) 24 Apr
6 - 7:30 (Mon~Thurs) 24 Apr

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 20 Mar
9 - 12:00 (Sat + Sun) 1 Apr

IELTS (Preparation)
4:30-7:30 (Sat + Sun) 22 Apr

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 25 Mar

# (၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် မတ် ၂၂**

(၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်စားပွဲတင် တင်းနစ် ကော်မတီကကြီးမှူးကျင်းပသည့် စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ တပ်မတော်စားပွဲတင် တင်းနစ်ကော်မတီ လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။ **(ယာပုံ)**

ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ၊ ပထမတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ တတိယတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အပျော်တမ်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ မျိုးဆက်သစ် အမျိုးသား(ပထမတန်း) တစ်ဦးချင်းပြိုင်ပွဲ၊ မျိုးဆက်သစ် အမျိုးသား(ဒုတိယတန်း) တစ်ဦးချင်းပြိုင်ပွဲ၊ ပထမတန်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အပျော်တမ်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ မျိုးဆက်သစ် အမျိုးသမီး(ပထမတန်း)တစ်ဦးချင်း ပြိုင်ပွဲ၊ မျိုးဆက်သစ် အမျိုးသမီး (ဒုတိယတန်း) တစ်ဦးချင်းပြိုင်ပွဲ များတွင် အားကစားသမား (ကျား)၁၅၀ နှင့် (မ) ၆၀ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။

အခမ်းအနားတွင် အသင်းလိုက်ပြိုင်ပွဲနှင့် တစ်ဦးချင်းအတန်းလိုက် ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆုရရှိသူများကို တပ်မတော်စားပွဲတင်တင်းနစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကျော်ဇေယျ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး၊ SCANIA မန်နေဂျင်း ဒါရိုက်တာ ဦးချမ်းမြ၊ အောင်သိန်းသန်း ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးအေးထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ **(သတင်းစဉ်)**



# ကျောင်းသားအားကစားပွဲတော်အတွက်ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းများဖွင့်လှစ်

**မုံရွာ မတ် ၂၂**

ဒီဇင်ဘာလအတွင်း ကျင်းပမည့် ကျောင်းသားအားကစားပွဲတော်အတွက် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ နွေရာသီအားကစားသင်တန်းများကို မုံရွာမြို့ ပြည်သူ့အားကစားကွင်းကြီး၌ မတ် ၂၂ ရက်မှ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"နွေရာသီအားကစားသင်တန်းတွေအဖြစ် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် အားကစားနည်းတွေကို သင်ကြားပြသပေးသွားမှာဖြစ်ပါတယ်။ ဒီဇင်ဘာလမှာလုပ်မယ့် ကျောင်းသားအားကစားပွဲတော်အတွက် ရည်ရွယ်ပြီး သင်တန်းကို မတ် ၂၂ ရက်ကနေ ဧပြီ ၁၀ ရက်အထိ သင်ပေးသွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးသန်းအောင်က ပြောကြားသည်။



ဘောလုံးသင်တန်းကို မုံရွာပြည်သူ့အားကစားကွင်း ဖူဆယ်ရုံ၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း သင်တန်းကို မိုးလုံလေလုံ အားကစားရုံ၊ ဘတ်စကက်ဘောသင်တန်းကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ စားပွဲတင်တင်းနစ်သင်တန်းကို အလေးမအားကစားရုံနှင့် ပြေးခုန်ပစ်သင်တန်းကို ဖူဆယ်ရုံရှေ့တို့၌ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် အဆိုပါ နွေရာသီ အားကစားသင်တန်းအပြင် မတ် ၁ ရက်မှစ၍ မတ် ၃၁ ရက်အထိအတွင်း မုံရွာပြည်သူ့ အားကစားကွင်း၊ မုံရွာပညာရေးလေ့ကျင့်ရေးကျောင်း၊ ကျောက္ကာမြောက်ရွာနှင့် မုံရွေးကြေးမုံရွာတို့၌ ဘောလုံးအားကစားနည်းသင်တန်း၊ မုံရွာပညာရေး လေ့ကျင့်ရေးကျောင်းတွင် မြန်မာ့ရိုးရာ သိုင်းပညာသင်တန်း၊ မုံရွာပြည်သူ့အားကစားကွင်း၌ ဘော်လီဘောနှင့် ကြက်တောင်သင်တန်း၊ တိုင်းဒေသကြီးခြင်းလုံး အားကစားရုံ၌ ခြင်းလုံးအားကစားနည်းသင်တန်းနှင့် မုံရွာမြို့ပေါ် သတ်မှတ်ထားသောနေရာများ၌ ပြေးခုန်ပစ်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကြေညာချက်

မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ တန်ခူးလဆုတ် ၂ရက်နေ့မှ ၅ ရက်နေ့အထိ၊ ခရစ်နှစ် ၂၀၁၇ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရိုးရာယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိရာ မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ကြပ်မတ်ရေး လုပ်ငန်းကော်မတီသည်လည်း အပါအဝင်ဖြစ်ပါသည်။

မဟာသင်္ကြန်ပွဲတော် ဖြေဖျော်တင်ဆက်မည့် အဖွဲ့များ၏ သီချင်းများ၊ သံချပ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေးဟူသော အရေးသုံးပါးကို ထိခိုက်မှုမရှိစေရေး၊ ဘာသာရေး၊ လူမျိုးရေး ထိခိုက်စေမည့် အသုံးအနှုန်းများ မပါဝင်စေရေး၊ နိုင်ငံတော်၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အကြောင်းအရာများ မပါဝင်စေရေး၊ ရိုင်းစိုင်းသည့်ဆဲဆိုသော စကားအသုံးအနှုန်း ဟန်ပန်အမူအရာများ မပါရှိစေရေးတို့ကို သတိပြုအလေးထားလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ဖြေဖျော်မည့် သီချင်း၊ သံချပ်များအား ကြိုတင်စိစစ်နိုင်ရန်အတွက် ကော်မတီသို့ မတ် ၂၈ ရက် နောက်ဆုံးထားပြီး ပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။


**မဟာသင်္ကြန်သီချင်း၊ သံချပ် စိစစ်ကြပ်မတ်ရေး**
**လုပ်ငန်းကော်မတီ ရန်ကုန်တိုင်းဒေသကြီး**


## မြန်မာရေးရာအမှတ်-၃

မြန်မာရေးရာလေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies)က စီစဉ်သည့် မြန်မာရေးရာအမှတ်-၃ ထွက်ရှိလာသည်။ မြန်မာရေးရာအဖြာဖြာကို စိတ်ဝင်စားသူ၊ လေ့လာလိုသူ၊ အတွေးအမြင်ဖြန့်ကျက်လိုသူများအတွက် အထူးရည်ရွယ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ မြန်မာရေးရာအမှတ်-၃တွင် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာမြန်မာဆောင်းပါး (၁၈)ပုဒ်၊ အင်္ဂလိပ်ဆောင်းပါး သုံးပုဒ်ပါဝင်သည်။ မြန်မာကဏ္ဍတွင် သီလဝ၊ အောင်ကျော်အေးချမ်း၊ မောင်သာမည၊ ဒေါက်တာအောင်ကြီး၊ ဝင့်ထန်း၊ ရဲမြင့်၊ ဇော်အောင်၊ မောင်မောင်စိုး၊ ဒေါက် တာမြင့်ဆန်း၊ ချမ်းမြေ့၊ စောလူ၊ နိုင်ထိုက်၊ တင်ဇ(ရှမ်းပြည်)ဝန်ကြီးဟောင်းဗိုလ်ခင်မောင်ကလေး၊ မော်လင်း၊ ရဲမြင့်ကျော်၊ မောင်ဇေယျာတို့၏ ဆောင်းပါးများ၊ အင်္ဂလိပ်ကဏ္ဍတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဘိုးလှိုင်၊ ခင်မောင်စော(ဘာလင်)တို့၏ ဆောင်းပါးများပါဝင်သည်။

မြန်မာရေးရာ လေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်း မှာယူလိုသူများအတွက် မြန်မာရေးရာအမှတ်-၃ ကို ဒူဝံစာပေ၊ အမှတ် ၂၁၂၊ ၃၁ လမ်း(အထက်သလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်သို့ မှာယူနိုင်ပါသည်။

**ဒူဝံစာပေ ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂**
**Email:duwunsarpay31upperst@gmail.com**








## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

**အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းရှိ ပင်မနှစ်ထပ်ဆောင် အပါအဝင် စုစုပေါင်းအဆောက်အအုံ (၂၈)လုံးအား အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ စိတ်ပါဝင်စားမှုဖော်ပြချက် Expression Of Interest (EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းတွင် ပင်မနှစ်ထပ်ဆောင် အပါအဝင် စုစုပေါင်းအဆောက်အအုံ (၂၈)လုံးတို့အား စိတ်ပါဝင်စားသည့် လိုင်စင်ရပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြချက်လျှောက်လွှာ Expression Of Interest (EOI) ကို ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးအမှတ်-၂၁)သို့ လိပ်မူ၍ ၂၀၁၇ ခုနှစ် ဧပြီ ၂၅ ရက် ညနေ ၁၅:၀၀ နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့ပေးရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် အချက်အလက်များအား မိမိတို့၏ကုမ္ပဏီဆိုင်ရာအထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၀-၃-၂၀၁၇ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေးပို့လာသော(EOI)လျှောက်လွှာများအနက် အလားအလာရှိသော လုပ်ငန်းလုပ်ကိုင်လိုသူ ဆောက်လုပ်ရေးကုမ္ပဏီများကို ပဏာမရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၂၀၊ ၀၆၇-၄၀၄၃၈၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း

ဒေါ်သီဂီဝင်း အမည်ပေါက် ယာဉ်အမှတ် ၇ခ/၇၀၀၄ နှင့် သက်ဆိုင်သည့် (ကမ-၃)စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်-ဦးသက်ကိုကိုမောင်**
**ဖုန်း-၀၉-၂၀၀၆၃၁၃၊ ၀၉-၇၈၂၀၀၆၃၁၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/2501, Toyota Probox NCP-50S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ထွန်း ၁၂/မဂဒ(နိုင်)၁၁၂၁၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8235 Mitsubishi Canter FE70EB, LT(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်း ၁၂/လမန(နိုင်)၀၅၇၁၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၆၈၈၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၁၄/ညတန(နိုင်)၀၂၇၅၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀) တွင်ပါသော ကန့်ကွက်ကြော်ငြာတွင် ဒေါ်အိကြို ၉/ရနခ(နိုင်)၀၀၀၀၁၈ အစား ၈/ရနခ(ဧည့်)၀၀၀၀၁၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၉၈၀၉၇၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင်ဖြိုး ၁၄/ပသန(နိုင်)၁၀၆၉၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၅၉၂၆၆၊ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်အေး ၁၁/ကဖန(နိုင်)၀၀၇၉၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၃-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂၂-၃-၂၀၁၇ ရက်တွင် ကြေးမုံသတင်းစာတို့တွင် အများသိစေရန် ကြေညာချက်တွင် တိုက် ၁၃၊ အခန်း ၃၈၊ ပြည်ရိပ်မွန်အိမ်ရာ ဗဟန်းမြို့နယ်အား ကမာရွတ် မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၂၄/ရှမ်းဈေးတန်း)၊ ဦးပိုင်(၂၉/ခ)၊ ဧရိယာ(သုည ဒသမ ၀၄၇၈)၊ အမှုတွဲအမှတ်၊ ၄၁၀-၅/၂၀၀၈/၂၀၀၉(အေ)ဖြင့် ဦးမျိုးဝင်း အမည်ပေါက်ပြီး (၃၁-၁၂-၂၀၁၆)တွင် စာချုပ်အမှတ်(၂၃I/၂၀၁၇)ဖြင့် ဦးမြင့်ဟန်အား(သုည ဒသမ ၁၉၁)ဧကပေးကမ်းပြီး ဦးပိုင်ခွဲစိတ်ခွင့်လျှောက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက (၂၀)ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၂၄/ရှမ်းတရုတ်ဈေး)၊ ဦးပိုင်(၉/က)၊ ဧရိယာ(သုည ဒသမ ၂၁၁)သည် ဦးအိုက်စိုင်း၊ ဒေါ်တင်တင်မူ၊ ဦးကျော်ငွေးမှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး(၆-၃-၂၀၁၇)ရက်တွင် ဦးအိုက်စိုင်းအား(သုည ဒသမ ၀၉၂)ဧက၊ ဒေါ်တင်တင်မူ(သုည ဒသမ ၀၆၀)နှင့် ဦးကျော်ငွေး(သုည ဒသမ ၀၅၉)ဧကစီဖြင့် ဦးပိုင်ခွဲစိတ် မိန့်ထုတ်ပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက (၂၀)ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

# ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ကျေးရွာငါးရွာအား သောက်သုံးရေများ လှူဒါန်း



**မိတ္ထီလာ မတ် ၂၂**
မိတ္ထီလာမြို့နယ်တွင် နွေရာသီကာလ ရေရှားပါးနိုင်သော ကျေးရွာများအား ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ရေရှားမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေ ထောက်ပံ့နိုင်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံချက်များထားရှိရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ ရေရှားပါးနိုင်သော ကျေးရွာများအား ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆွေးနွေး ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အချက်အလက်များ ကောက်ယူခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၃၇၉ ရွာမှ နွေရာသီတွင် ရေရှားပါးနိုင်သည့် ကျေးရွာ ၂၅ ရွာ ရွေးချယ်သတ်မှတ်ခဲ့ပြီး အဆိုပါ ကျေးရွာများအနက်မှ ယခုလတ်တလော ရေရှားပါးနိုင်သော ကျေးရွာ ၁၀ ရွာမှာ ရေပြတ်လပ်မှုမရှိသေးသော်လည်း ရေပြတ်လပ်ပါက သောက်သုံးရေ အခက်အခဲကြုံတွေ့နိုင်သည့်အတွက် သောက်သုံးရေ ကြိုတင်သိုလှောင်နိုင်စေရန် မတ်လ ပထမပတ်မှစတင်၍ သွားရောက်လှူဒါန်းလျက်ရှိရာ မတ် ၂၀ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ အရာတော်၊ ရွာသာ၊ တောင်ဖီလာ၊ ကျောက်ပုံကျေးရွာနှင့် ဆူးရစ်တန်းကျေးရွာများကို သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ရေကန်များအား စဉ်ဆက်မပြတ်ရေဖြည့်လျက်ရှိ

**ဖြူး မတ် ၂၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များသည် နွေရာသီပူပြင်းခြောက်သွေ့ရာသီ ကျရောက်သည့်အချိန်တွင် နေ့အပူချိန်များမှာ တစ်နေ့တခြား ပူပြင်းခြောက်သွေ့လာသဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများကို မတ်လဒုတိယပတ်ကစတင်၍ မြို့ပေါ်ရှိ မီးသတ်ရေကန် ၂၃ ကန်တို့ကို ရေများအပြည့်အဝရှိနေစေရေးအတွက် မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် လျော့နည်းသော ရေကန်များအား ရေများဖြည့်ဆည်းလျက်ရှိရာ မတ် ၂၀ ရက်က မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် တတိယအကြိမ် ရေများဖြည့်လျက်ရှိသည်ကို တွေ့ရသည်။




ထို့အပြင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် စနေနေ့ ညတိုင်း မြို့ပေါ် (၁၁)ရပ်ကွက်တို့သို့ မီးသတိပေးနှိုးဆော်လျက်ရှိပြီး ညစဉ်ဆိုင်ကယ်နှစ်စီးဖြင့် မီးကင်းလှည့်လည်လျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ဖြူးမြို့နယ်တွင်း မီးလောင်ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၃၀၀၀၀ သာရှိသဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။
**ဖြူး-မြင့်ဦး**

# မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား မတ် ၂၂**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရမ်ပူရပ်ကွက်နှင့် ရွှေညောင်ပင်ရပ်ကွက်တို့၌ မီးလောင်မှု ဖြစ်ပွားခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် မီးဘေးသင့်မိသားစုဝင်များအား မတ် ၁၉ ရက် ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရမ်ပူရပ်ကွက်အတွင်း မီးလောင်မှုကြောင့် နေအိမ်ဆုံးရှုံးသွားသော မီးဘေးသင့် အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၃၀ တို့အား တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားကာ တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်းစီ၊ လူမှုရေးဝန်ကြီးက ဆန်အိတ်များ၊ အနွေးထည်များ၊ ရပ်ကွက်အတွင်းရှိ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဈေးသူ ဈေးသားများက ထောက်ပံ့ငွေနှင့် မိသားစုသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ရွှေညောင်ပင်ရပ်ကွက်၌ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်ဆုံးရှုံးသွားသောမီးဘေးသင့် အိမ်ထောင်စု ၂၂ စုတို့အား ပြည်နယ်ဝန်ကြီးချုပ်က တစ်အိမ်ထောင်လျှင်ငွေကျပ် တစ်သိန်းစီ၊ ပြည်နယ်လူမှုရေးဝန်ကြီးက ဆန်အိတ်များနှင့် ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက အိမ်ထောင်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

## သတင်းအတိုအထွာ

### စလင်း၌ စည်ပင်အခွင့်အရေး လိုင်စင်များရောင်းချ

မကွေးတိုင်းဒေသကြီး စလင်းမြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အခွင့်အရေးလိုင်စင် ၄၉ ခုကို စလင်းစည်ပင်ရုံးခန်းမ၌ မတ် ၁၅ ရက်က ရောင်းချခဲ့ရာ တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့် ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင် ဦးနေမန်းတို့က လိုင်စင်ဆွဲဝယ်ခြင်းဆိုင်ရာစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းများကို ရောင်းချရာတွင် သားသတ်လုပ်ငန်းများကို ခုံခွဲယှဉ်ပြိုင်စနစ်ဖြင့်လည်းကောင်း ၊ စက်ဘီးဆိုင်ကယ်လုပ်ငန်း ၊ အပေါင်ဆိုင် ၊ ပုံကျဈေးကောက် ၊ လမ်းဘေးဈေးကောက်လုပ်ငန်းတို့ကို သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း ရောင်းချသည်။ ယမန်နှစ်ထက် ငွေကျပ်သိန်း ၁၁၇၄၅၀၀၀ပိုမိုရရှိပြီး ကျန်လုပ်ငန်း ငါးမျိုးကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**

### ဆိုင်ကယ်ပြင်သင်တန်းဆင်း

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ ပြည်သူများအတတ်ပညာများပြန့်ပွား၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို မတ် ၂၀ ရက်က ခရမ်းမြို့နယ် ပေါက်ပင်ကျေးရွာ၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ် ကျေးလက်ဦးစီးမှူး ဦးစတင်မျိုးလွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရသင်တန်းသားများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။
**ကိုမင်း(ခရမ်း)**

### ကလေးငယ်များအား အသိပညာပေး

**ရွှေတောင် မတ် ၂၂**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးလုပ်ငန်းများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ ကလေးငယ်များ စာပေဗဟုသုတနှင့်စာဖတ်သည့်အလေ့အကျင့် ကောင်းများရရှိစေရန်အတွက် မတ် ၁၇ ရက်က ဝါးလည်ကျေးရွာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းစာကြည့်တိုက်၌ ဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူးက ဘုတ်ပြားပြဇာတ်ပြသခြင်း၊ ရုပ်ပုံပါစာအုပ်ဖတ်ပြခြင်းတို့အပြင် ကလေးများနှင့် ကိုယ်လက်လှုပ်ရှားမှုများကို ပျော်ရွှင်စွာပြုလုပ်ခဲ့ကြောင်း သိရသည်။
**မဆင့်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားမှုဖြင့် ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် သုံးခွမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၆၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး အောင်နိုင်ဦးနှင့်အဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသပေးလျက်ရှိရာ မတ်လတတိယ ပတ်က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၁၁)ရပ်ကွက် အနော်ရထာလမ်းမ သာသနာ့ဗိမာန်တော်ကြီး ရှေ့၌ အသိပညာပေးပြသနေစဉ် (ဝ၂၈)



# ကန်နားကန်ရေဖြင့် နွေစပါးစိုက်

**နွားထိုးကြီး မတ် ၂၂**
နွားထိုးကြီးမြို့နယ် သမိုင်းဝင်ရှေးဟောင်းကန်ဖြစ်သော ကန်နားကန်ရေဖြင့် နွေစပါးဧက ၁၅၀ စိုက်ပျိုးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်ကန်နားကန်ကြီးမှာ ရေအနက် ၁၈ ပေကျော်၊ ကန်ရေပြည့်ပမာဏ ၄၆၅၈ ဧကပေ ၊ ကန်ရေအပြည့်ရှိမည်ဖြစ်ရာ ယခုအခါ ရေအနက် ၁၆ ဒသမ ၇ ပေနှင့် ကန်ရေ ၃၂၃၀ ဧက ပေ သိုလှောင်ထားသဖြင့် နွေစပါးအတွက် ရေလုံလောက်နေကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်တွင် နွေစပါးကို ဆည်ကန်ငါးကန်တွင် ဧက ၉၀၀ စိုက်ရန်လျာထားရာ ရေရရှိမှုကြောင့် ကန်နားကန်အပါအဝင် နွေစပါးခင်းများ ရေအတွက်ပူစရာမလိုဘဲ အဆင်ပြေစွာရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဌေးမြင့်မောင်(စစ်ကိုင်း)**

# ခရမ်းလွန်ရောင်ခြည် မသင့်ရလေအောင်

**သိပ္ပံစာရေးဆရာ ကိုကိုအောင် —**

လူတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် နေစကြဝဠာ အဖွဲ့အစည်းအတွင်းရှိ သက်ရှိများ နေထိုင်သော ဂြိုဟ်ကြီးတစ်လုံး ဖြစ်သည်။ ကမ္ဘာမြေကြီးအတွက် လိုအပ်သော အလင်းရောင်နှင့် အပူရှိန်တို့ကို နေလုံးကြီးက ထုတ်လွှတ်ပေးလျက်ရှိသည်။ နေနှင့် ကမ္ဘာတို့သည် ကီလိုမီတာပေါင်း ၁၄၄ သန်းခန့် ကွာဝေးပြီး နေမှ ထုတ်လွှတ်လိုက်သော အလင်းရောင်သည် လေဟာနယ်အတွင်း၌ တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀၀၀၀၀ အမြန်နှုန်းဖြင့် ရွေ့လျားလာသည့်အတွက် ကမ္ဘာမြေပေါ်သို့ နေ၏ အလင်းရောင် ရောက်ရှိရန် အချိန် ရှစ်မိနစ်ကျော် ကြာမြင့်သည်။ သို့ဖြစ်၍ မည်သည့်အချိန်၌မဆို မြင်တွေ့ရသော နေ၏ အလင်းရောင်သည် လွန်ခဲ့သော ရှစ်မိနစ်ကျော်က ထုတ်လွှတ်လိုက်သော နေရောင်အလင်းသာလျှင် ဖြစ်သည်ကို သိရှိထားသင့် ကြပေသည်။

လူသားတို့ နေထိုင်လျက်ရှိကြသော နေစကြဝဠာ အဖွဲ့အစည်းကြီး၏ အဓိပတိဖြစ်သော နေလုံးကြီး၏ ပြင်းထန်သော အပူရှိန်များသည် ကမ္ဘာ့မြေပြင်ပေါ်သို့ ကျရောက်သည်။ နေလုံးကြီး၏ မျက်နှာပြင်ရှိ ရှုပ်ထွေးနေသော သံလိုက်စက်ကွင်းများ၏ ရေယုက်သက်ရောက်မှုကြောင့် နေ၏မျက်နှာပြင်ပေါ်တွင် အင်္ဂလိပ်အက္ခရာ S ပုံသဏ္ဌာန်ရှိ ဆစ်ဂမ္မိုက်ဓာတ်ငွေ့တိမ်တိုက်များ ဖြစ်ပေါ်ကာ တစ်နေ့တာအတွင်း အကြိမ်ရေအတော်များများ ပေါက်ကွဲလျက်ရှိနေသည်။

ယင်းကဲ့သို့သော နေလုံးကြီး၏ ပေါက်ကွဲနေမှု သဘာဝဖြစ်စဉ်ကြောင့် လူတို့ နေထိုင်ရာ မြေကမ္ဘာပေါ်သို့ နေ၏အလင်းရောင်များ ကျရောက်လာရသည်။ သဘာဝနေရောင်ခြည်တွင် ခရမ်းရောင်၊ မဲနယ်ရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင် စသည်ဖြင့် အရောင် ခုနစ်မျိုး ပါဝင်နေသည်။ ရောင်စဉ်များအလိုက် လှိုင်းအလျားကို နာနိုမီတာဖြင့် သတ်မှတ်ထားကြရာ ခရမ်းရောင်၏ လှိုင်းအလျားမှာ နာနိုမီတာ ၄၀၀ ရှိပြီး အနီရောင်၏ လှိုင်းအလျားကမူ နာနိုမီတာ ၇၆၀ ရှိသည်။

သိပ္ပံပညာရှင်တို့က နာနိုမီတာ ၄၀၀ အောက်ရှိသော ရောင်ခြည်ကို ခရမ်းလွန်ရောင်ခြည်ဟု သတ်မှတ်ခေါ်ဆိုကြပြီး၊ လှိုင်းအလျား နာနိုမီတာ ၇၆၀ ထက်ပိုများသော ရောင်ခြည်ကိုမူ အနီအောက်ရောင်ခြည်ဟု သတ်မှတ်ခေါ်ဆိုကြသည်။

နေလုံးကြီး၏ ပေါက်ကွဲမှု ဖြစ်စဉ်များအနက် ထူးထူးခြားခြား အင်အားကြီးမားသည့် ပေါက်ကွဲမှုကြီးမျိုးမှာ တစ်နှစ်လျှင် ၂၅ ကြိမ်ခန့် ရှိတတ်ပြီး၊ ယင်းကဲ့သို့သော ပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်သည့်အခါ အာကာသထဲသို့ ပူလောင်သောလျှပ်စစ်ဓာတ် သယ်ဆောင်ထားသည့် ဓာတ်ငွေ့တန်ချိန် သန်းပေါင်း ၁၀၀၀၀ ခန့်ကို ထုတ်လွှတ်ကာ အာကာသထဲ၌ သံလိုက်ဓာတ်အား မုန်တိုင်းတစ်ခုကို ဖြစ်ပေါ်စေသည်။

ထိုမျှ ကြီးမားပြင်းထန်လှသော နေလုံးကြီး၏ မဟာပေါက်ကွဲမှုကြောင့် ခရမ်းလွန်ရောင်ခြည် (Ultra Violet Rays) များနှင့် ကော့စမစ်ရောင်ခြည် (Cosmic Rays) များ ဖြာထွက်လာသည်။ လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာ သင့်ရောက်ပါက ပြင်းထန်သော အရေပြားရောဂါများနှင့် မျက်စိတိမ်စွဲခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သလို ကော့စမစ်ရောင်ခြည်သင့်ပါကလည်း ကိုယ်လက်အင်္ဂါ မစုံလင်သော ကလေးများကို မွေးဖွားလာစေနိုင်သည်။

သို့ရာတွင် အာကာသထဲရှိ Magnetic Bubble ခေါ် သံလိုက်အမြှုပ်များက ကော့စမစ်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ကျရောက်မလာစေရန် ကာရံပေးထားသလို ကမ္ဘာ့မြေမျက်နှာပြင်အထက် ၁၆ ကီလိုမီတာမှ ၄၈ ကီလိုမီတာအတွင်းရှိ အိုဇုန်းလွှာကြီးကလည်း ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ကျရောက်မလာစေရန် သဘာဝအလျောက် ကာရံပေးထားလျက်ရှိသည်။

အာကာသထဲရှိ သံလိုက်အမြှုပ်များသည် ကမ္ဘာမြေပေါ်၌ ဖြစ်ပေါ်နေသော သဘာဝဖြစ်စဉ်များကြောင့် သော်လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းတို့ကြောင့် သော်လည်းကောင်း ထိခိုက်မှုမရှိနိုင်ပေ။ အိုဇုန်းလွှာကြီးကမူ ကမ္ဘာမြေပေါ်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ရာသီဥတုများကြောင့် ထိခိုက်မှုမရှိနိုင်သော်လည်း လူတို့ဖန်တီးပြုလုပ်သည့် ဓာတုပစ္စည်းများ၊ ဓာတ်ငွေ့များ၊ စွန့်ထုတ်အခိုးအငွေ့များ စသည်တို့ကြောင့် ထိခိုက်ခြင်း၊ ပါးလွှာခြင်း၊ ပေါက်ထွက်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်။

စက်မှုလုပ်ငန်းများ၌ အသုံးပြုနေကြသော ကာဗွန်ဒြပ်ပေါင်းများနှင့် စွန့်ထုတ် အခိုးအငွေ့တန်ချိန်ပေါင်းများစွာတို့သည် အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေပြီး လေအေးပေးစက်နှင့် ရေခဲသေတ္တာစသည်တို့တွင် ထည့်သွင်းအသုံးပြုသော ဖရီယွန်ဓာတ်ငွေ့ခေါ် ကလိုရိုဖလူရိုကာဗွန်(CFC) များ ယိုစိမ့်ထွက်ခြင်းကမူ ကမ္ဘာ့အိုဇုန်းလွှာကို ပေါက်ထွက်စေသည်အထိ ဆိုးကျိုးကို ဖြစ်ပေါ်စေသည်။ စီအက်ဖ်စီဓာတ်ငွေ့များသည် လေထုအပေါ်ယံလွှာသို့ ရောက်ရှိသည့်အခါ အိုဇုန်းလွှာအတွင်းရှိ အိုဇုန်း ဓာတ်ငွေ့မော်လီကျူးများကို ကွဲထွက်သွားစေသောကြောင့် အိုဇုန်းလွှာပါးလာခြင်းမှသည် ပေါက်ထွက်သွားသည်အထိပင် ဖြစ်ပေါ်စေနိုင်သည်။

စီအက်ဖ်စီကို ကမ္ဘာတစ်ဝန်းလုံး၌ တွင်ကျယ်စွာ အသုံးပြုခဲ့ကြခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုအဖြစ် ၁၉၈၅ ခုနှစ်က အန္တာတိကတိုက်၌ အိုဇုန်းလွှာပေါက်ထွက်နေခြင်းကို သိပ္ပံပညာရှင်တို့က စတင်တွေ့ရှိခဲ့ကြသည်။ ၁၉၉၈ ခုနှစ် အရောက်တွင် အိုဇုန်းလွှာအပေါက်ကြီး၏ အရွယ်ပမာဏမှာ စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းခန့်အထိ ရှိလာကြောင်း တွေ့ရှိခဲ့ကြရသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံသုတေသီတို့က စီအက်ဖ်စီဓာတ်ငွေ့ ထုတ်လုပ်မှုကို ပထမအဆင့်အနေဖြင့် လျှော့ချရန်၊ ဒုတိယအဆင့်အနေဖြင့် ထုတ်လုပ်မှုရပ်ဆိုင်းရန်နှင့် နောက်ဆုံးအဆင့်အနေဖြင့် အသုံးပြုခြင်းမှ လုံးဝရပ်စဲရန် တိုက်တွန်းခဲ့ကြသည်။

ထိုကဲ့သို့သော တိုက်တွန်းချက်များအပေါ် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက စီမံချက်ချမှတ်၍ လုပ်ဆောင်ခဲ့သည့်ကြားကပင် အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (NASA) ၏ သိပ္ပံပညာရှင်များက ၂၀၀၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင် အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာအပေါက်ကြီးကို ထပ်မံတိုင်းတာခဲ့ကြရာ အိုဇုန်းလွှာအပေါက်ကြီးသည် စတုရန်းမိုင် ၁၁ သန်းခန့်အထိ ကြီးမားလာပြီး အန္တာတိကဒေသတစ်ခုလုံးကိုသာမက တောင်အမေရိကတိုက်၏ တောင်ဘက်အဖျားပိုင်းအထိပင် ရောက်ရှိလွှမ်းမိုးထားပြီဖြစ်ကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် တွေ့ရှိခဲ့ကြရသည်။

ကမ္ဘာ့အိုဇုန်းလွှာ အပေါက်ကြီး၏ တည်နေရာမှာ အန္တာတိကတိုက်၏ အပေါ်တည့်တည့်နှင့် တောင်အမေရိကတိုက်၏ တောင်ဘက်အဖျားပိုင်းဖြစ်သော အာဂျင်တီးနားနိုင်ငံနှင့် ချီလီနိုင်ငံတို့၏ တောင်ဘက်အစွန်း နေရာများသာလျှင် ဖြစ်သော်လည်း စကြဝဠာအတွင်း ကမ္ဘာက မိမိဝင်ရိုးပေါ်၌ လည်နေခြင်းနှင့် နေကို လှည့်ပတ်နေခြင်း ဖြစ်စဉ်တို့ကြောင့် အိုဇုန်းလွှာအပေါက်ကြီးမှ တစ်ဆင့် ဖောက်ထွင်းဝင်ရောက်လာသော ခရမ်းလွန်ရောင်ခြည်များသည် ရာသီကာလပေါ်မူတည်၍ ကမ္ဘာ့နိုင်ငံအတော်များများသို့ ပျံ့နှံ့ရောက်ရှိနေသည်။



နေလုံးကြီး၏ ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော လျှပ်စစ်သံလိုက်လှိုင်းများသည် နာနိုမီတာ ၁၀၀ မှ ၄၀၀ အကြားရှိ ခရမ်းလွန်ရောင်ခြည်များကို ထွက်ပေါ်လာစေသည်။ အဆိုပါ ခရမ်းလွန်ရောင်ခြည်များအနက် နာနိုမီတာ ၂၅၀ အောက်ရှိသည့် ခရမ်းလွန်ရောင်ခြည်များက ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ မကျရောက်နိုင်သော်လည်း၊ နာနိုမီတာ တန်ဖိုးမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များကမူ အိုဇုန်းလွှာ၏ အကာအကွယ်ကင်းမဲ့နေပါက ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ကျရောက်လာနိုင်သည်။

လူတို့၏မျက်စိသည် ခရမ်းလွန်ရောင်ခြည်ကို မြင်နိုင်စွမ်းမရှိပေ။ အဘယ့်ကြောင့်ဆိုသော် လူတို့၏ မျက်စိအတွင်းပိုင်းရှိ အာရုံခံလွှာတွင် အလွန်သေးငယ်သည့် ကလာပ်စည်းများဖြင့် ဖွဲ့စည်းထားသော အလင်းရောင် အာရုံခံအမြေးပါး (Visual Pigment) သည် လှိုင်းအလျား နာနိုမီတာ ၄၀၀ မှ ၇၆၀ အတွင်းရှိသော အရောင်များကိုသာ ခံစားမြင်တွေ့နိုင်စွမ်းရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် နာနိုမီတာ ၄၀၀ ထက် နည်းသော ခရမ်းလွန်ရောင်ခြည်ကို သော်လည်းကောင်း၊ နာနိုမီတာ ၇၆၀ ထက်များသော အနီအောက်ရောင်ခြည်ကို သော်လည်းကောင်း လူတို့၏မျက်စိက မမြင်ရခြင်း ဖြစ်သည်။ လူတို့က ခရမ်းလွန်ရောင်ခြည်ကို မမြင်ရသော်လည်း ပိတုန်းကလေးများကမူ ခရမ်းလွန်ရောင်ခြည်ကို မြင်နိုင်စွမ်းရှိကြသည်။

ခရမ်းလွန်ရောင်ခြည်ကို သိပ္ပံပညာရှင်တို့က အုပ်စုသုံးစုခွဲ၍ သတ်မှတ်ပေးထားခဲ့ကြရာ နာနိုမီတာ ၂၅၀ အောက်ရှိသည့် C အုပ်စု ခရမ်းလွန်ရောင်ခြည်များသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ရောက်ရှိမလာနိုင်သည့်အတွက် ယင်းတို့၏ အန္တရာယ်ကို စိုးရိမ်ရန်မလိုအပ်ပေ။ ကျန်အုပ်စုနှစ်ခုအနက် နာနိုမီတာတန်ဖိုး ၂၅၀ မှ ၃၁၅ အကြားရှိ B အုပ်စု ခရမ်းလွန်ရောင်ခြည်များနှင့် နာနိုမီတာတန်ဖိုး ၃၁၅ မှ ၄၀၀ အကြားရှိ A အုပ်စု ခရမ်းလွန်ရောင်ခြည်များသည် အိုဇုန်းလွှာ၏ အကာအကွယ်ကင်းမဲ့နေသော နေရာမှတစ်ဆင့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ကျရောက်လာနိုင်သည်။

ယင်းတို့အနက် B အုပ်စုဖြစ်သော ခရမ်းလွန်ရောင်ခြည်များသည် လူ့ခန္ဓာကိုယ်အရေပြား၏ အပေါ်ယံအထိသာ ရောက်ရှိနိုင်ပြီး A အုပ်စုဖြစ်သော ခရမ်းလွန်ရောင်ခြည်များကမူ လူ့ခန္ဓာကိုယ်အရေပြား၏ အတွင်းပိုင်းထိတိုင် ထိုးဖောက်ဝင်ရောက်နိုင်သည်။ ထို့ကြောင့်ပင် ခရမ်းလွန်ရောင်ခြည်များ အချိန်ကြာမြင့်စွာ သင့်ရောက်ပါက အရေပြားပေါ်တွင် နေလောင်ကွက်များ ဖြစ်ပေါ်ခြင်း၊ ရုပ်ဆင်းသဏ္ဌာန် အိုမင်းရင့်ရော်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ အရေပြားကင်ဆာရောဂါ ခံစားရခြင်းများကို ဖြစ်ပွားစေနိုင်သည်။

ထို့ကြောင့်ပင် သိပ္ပံပညာရှင်တို့က ခရမ်းလွန်ရောင်ခြည်သင့်ရောက်မှုကို အညွှန်းကိန်း (UV Index) များဖြင့် သတ်မှတ်ပေးခဲ့ကြပြီး ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများအလိုက် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ဆိုးကျိုးသက်ရောက်မှုများကို အောက်ပါအတိုင်း သတိပေးထုတ်ပြန်ခဲ့ကြသည်။ UV Index 3 နေပူထဲ၌ အကာအကွယ်မဲ့သွားလာသည့်တိုင် ကျန်းမာရေးပြဿနာမရှိနိုင်ပေ။ UV Index 3>6 ထီး၊ ဦးထုပ်စသည့် အကာအကွယ်ဖြင့်သာ နေရောင်ထဲ၌ သွားလာသင့်သည်။ UV Index 6>9 အရေပြားနှင့် မျက်စိတို့ကို နေရောင်နှင့် တိုက်ရိုက်မထိ တွေ့စေသင့်ပေ။ ထီး၊ ဦးထုပ်၊ နေကာမျက်မှန် စသည်တို့ကို ဝတ်ဆင်ပြီးမှ နေရောင်ထဲ၌ သွားလာသင့်သည်။ နေရောင်ဒဏ်ခံလိမ်းဆေးများကို ကြိုတင်လိမ်းထားသင့် သည်။

UV Index 10>11+ နေရောင်နှင့်ထိတွေ့ချိန်ကြာမြင့်လွန်းပါက အရေပြားနှင့် မျက်စိကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ တတ်နိုင်သမျှ အရိပ်ရသော နေရာမျိုး၌သာ နေသင့်ပြီး မလွဲမရှောင်သာဘဲ နေပူထဲသို့ သွားရမည်ဆိုပါက ထီး၊ ဦးထုပ်၊ နေကာမျက်မှန်၊ အင်္ကျီလက်ရှည်၊ လုံချည်၊ ထဘီ၊ ဘောင်းဘီရှည်နှင့် ဂါဝန်ရှည်များကိုသာ ဝတ်ဆင်သင့်သည်။ နေရောင်ဒဏ်ခံအဆင့်မြင့် လိမ်းဆေးများကို ကြိုတင်လိမ်းထားသင့်သည်။

နေရောင်ဒဏ်ခံ လိမ်းဆေးများအနက် သာမန်လိမ်းဆေးများမှာ Sun Protection Factor (SPF) အဆင့် ၁၅ မှ ၃၀ အတွင်းရှိသည့် လိမ်းဆေး (Lotion) များဖြစ်ကြပြီး၊ အဆင့်မြင့်လိမ်းဆေးများကမူ SPF အဆင့် ၃၀ မှ ၅၀ အတွင်းရှိသည့် လိမ်းဆေးများနှင့် SPF 50+ လိမ်းဆေးများ ဖြစ်ကြသည်။ အဆိုပါ လိမ်းဆေးများကို နေရောင်ထဲသို့မထွက်မီ ကြိုတင်လိမ်းကျံထားကြရမည် ဖြစ်ပြီး နေရောင်ထဲ၌ ရှိနေချိန် နှစ်နာရီကြာပြီးတိုင်း နောက်တစ်ကြိမ် ထပ်မံ၍ လိမ်းကျံရမည် ဖြစ်သည်။

မြန်မာ့မြေပေါ်တွင် ပေါက်ရောက်သော သနပ်ခါးသည် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ရန်အတွက် အကောင်းဆုံးသော သဘာဝလက်ဆောင်ဖြစ်သည်။ နေရောင် ဒဏ်ခံလိမ်းဆေးများသည် ခန္ဓာကိုယ်အရေပြားအတွင်းသို့ ခရမ်းလွန်ရောင်ခြည်များ ဖောက်ထွင်းဝင်ရောက်မလာနိုင်အောင် ကာကွယ်ပေးနိုင်ခြင်းမရှိဘဲ ဖောက်ထွင်းဝင်ရောက်နေသည့် ခရမ်းလွန်ရောင်ခြည်များကိုသာ စုပ်ယူပေးနိုင်ကြသည်။

မြန်မာ့သနပ်ခါးကမူ ခန္ဓာကိုယ်အရေပြားအတွင်းသို့ ခရမ်းလွန်ရောင်ခြည် ဖောက်ထွင်းဝင်ရောက်ခြင်း မပြုနိုင်အောင် ကာကွယ်ပေးနိုင်စွမ်းရှိသည်။ သနပ်ခါးဟုဆိုရာ၌ သဘာဝသနပ်ခါးတုံးများကို သွေး၍ ရရှိလာသော သနပ်ခါးအနှစ်ရည်များကိုသာ ဆိုလိုခြင်းဖြစ်ပြီး ဓာတုဗေဒနည်းဖြင့် တာရှည်ခံအောင် စီရင်ထား သော သနပ်ခါးခဲ၊ သနပ်ခါးရည်၊ သနပ်ခါးမှုန့်များမှာ အကျုံးဝင်ခြင်း မရှိကြပေ။

ယေဘုယျအားဖြင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အချိန်အတွင်း နေရောင်ထဲတွင် အကာအကွယ်မဲ့ သွားလာခြင်းမျိုးမှ ရှောင်ရှားခြင်း၊ နေကို စူးစိုက်ကြည့်ခြင်းမျိုးမှ ရှောင်ရှားခြင်း၊ မွေးကင်း စနှင့် လသားအရွယ်ကလေးငယ်များကို ပက်လက်အနေအထားဖြင့် ပွေ့ချီ၍ အကာအကွယ် မဲ့ သွားလာခြင်းမျိုးမှ ရှောင်ရှားခြင်း၊ ခရမ်းလွန်ရောင်ခြည်သင့်ရောက်ခြင်းကို တားဆီးပေးနိုင်သော UV Protection ပါသည့် ထီးနှင့် ဦးထုပ်များကို ဆောင်းထားခြင်း၊ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်သော နေကာမျက်မှန် (UV Pro-tective Glare Glass) များ တပ်ဆင်ထားခြင်း၊ ပြင်းထန်သော နေရောင်ခြည်၏ ဒဏ်ကို ကာကွယ် ပေးသည့် Tinted Glass များ တပ်ဆင်ထားသော မော်တော်ကားများကိုသာ အသုံးပြုခြင်း၊ နေအိမ် အဆောက်အအုံများ၌ နေရောင်ခံမှန် (Sun Glass) များ တပ်ဆင်အသုံးပြုခြင်း၊ နေရောင်ဒဏ်ခံလိမ်းဆေးများ လိမ်းခြင်း၊ နေရောင်နှင့် ထိတွေ့နိုင်သော ခန္ဓာကိုယ်နေရာအနှံ့ကို သနပ်ခါးလိမ်းထားခြင်း စသည်တို့သည် ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာ သင့်ရောက်မှုခံရခြင်းနှင့် ပြင်းထန်သော အပူဒဏ်ခံရခြင်းတို့မှ လွတ်ကင်းနိုင်သည်။

ဤနေရာတွင် ခရမ်းလွန်ရောင်ခြည်နှင့် ပတ်သက်၍ လွဲမှားသော အယူအဆတချို့ရှိနေကြသည်။ ပူပြင်းသော နွေရာသီကာလ၌သာ ခရမ်းလွန်ရောင်ခြည် ကျရောက်နိုင်သည်ဟူသော အယူအဆနှင့် ထိုကာလမျိုး၌သာ ခရမ်းလွန်ရောင်ခြည်၏ အန္တရာယ်ကို စိုးရိမ်ရသည်ဟူသော အယူအဆတို့ ဖြစ်ကြသည်။ ပကတိဖြစ်စဉ်၌မူ သဘာဝယန္တရားကြီးလည်ပတ်နေမှုကြောင့် ခရမ်းလွန်ရောင်ခြည်သည် အိုဇုန်းလွှာ၏ အကာအကွယ်ကင်းမဲ့နေချိန်တွင် ရာသီမရွေးကျရောက်နိုင်ပြီး၊ ရာသီကာလများအလိုက် ခရမ်းလွန်ရောင်ခြည် အညွှန်း ကိန်းအနိမ့်အမြင့် ကွာခြားခြင်းမျိုးသာ ရှိနိုင်သည်။

ခရမ်းလွန်ရောင်ခြည်နှင့် ပတ်သက်၍ စိတ်သက်သာစရာကောင်းသော အချက်တစ်ချက်မှာ စီအက်ဖ်စီကဲ့သို့သော ဓာတ်ငွေ့နှင့် ကာဗွန်ဒြပ်ပေါင်းများ စွန့်ထုတ်မှုကို သိသာစွာ လျှော့ချ လိုက်မည်ဆိုလျှင် အိုဇုန်းလွှာအပေါက်ကြီး၏ ကျယ်ပြန့်နေမှုမှာ တဖြည်းဖြည်း လျော့ပါးသက်သာလာနိုင်ပြီး၊ ဓာတ်ငွေ့ထုတ်လွှတ်မှုကို စနစ်တကျထိန်းချုပ်နိုင်ပါက အိုဇုန်းလွှာအပေါက်ကြီးမှာ ပြန်လည်ကျုံ့ဝင်သွားနိုင်ခြင်းပင် ဖြစ်သည်။ စီအက်ဖ်စီအပါအဝင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကို ကမ္ဘာ့နိုင်ငံများက တညီတညွတ်တည်း လေးစားလိုက်နာကြမည်ဆိုလျှင် အိုဇုန်းမော်လီကျူးများ ပြန်လည်ဖြစ်တည်လာကာ အိုဇုန်းလွှာ ပေါက်ထွက်နေမှုမှာလည်း တဖြည်းဖြည်းကျဉ်းမြောင်းလာပြီး ဆယ်စုနှစ် အနည်းငယ်အတွင်းမှာပင် မူလအိုဇုန်းလွှာ၏ သဘာဝအနေအထားအတိုင်း ပြည်လည်ရောက်ရှိသွားနိုင်ခြင်းပင် ဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာ့လူသား အားလုံးတို့က အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသည့် ကာဗွန်ဒြပ်ပေါင်းများ ထုတ်လွှတ်မှုကို အသိတရားရှိရှိ ထိန်းချုပ်လျှော့ချပေးကြခြင်းဖြင့် လူသားအားလုံး ၏ ကျန်းမာရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသော အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ကာကွယ်စောင့်ရှောက်နိုင်ကြမည် ဖြစ်သည်။ အိုဇုန်းလွှာထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် မွေးရာပါတာဝန်ကြီး တစ်ရပ်ပင် ဖြစ်ပေသည်။

## ကျိုင်းတုံမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ကျိုင်းတုံ မတ် ၂၂**

ဧပြီလတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို ကျိုင်းတုံမြို့နယ်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျိုင်းတုံမြို့ရှိ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၂၀ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီများ၊ သတင်းမီဒီယာများ တက်ရောက်သည်။ အစည်းအဝေးတွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းထွန်းမြက အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်မိုး၊ ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုအောင်နှင့် ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မေးမြန်းချက်များကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် ကျိုင်းတုံမြို့နယ်အတွင်း၌ ပြည်နယ်လွှတ်တော်အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ အာခါ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်အရွေးခံကြမည်ဖြစ်ပြီး ရပ်ကွက် နှစ်ခုနှင့် ကျေးရွာအုပ်စု ၁၆ စုတွင် မဲရုံအရေအတွက် ၅၇ ခု ရှိမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် (ယာဉ်မောင်းလိုင်စင်၊ ပင်စင်ကတ်စသည့်) မည်သည့်စိစစ်ရေးကတ်နှင့်မဆို ရပ်ကွက်ကော်မရှင်ရုံးများတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူ၍မဲပေးနိုင်ကြောင်း ကျိုင်းတုံမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**



## ရေယာဉ်များ စည်းကမ်းချက်နှင့်အညီ မောင်းနှင်ရန်စစ်ဆေး



**ဗန်းမော် မတ် ၂၂**

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးမှ ညွှန်ကြားရေးမှူး ဦးဖုန်းမိုနှင့်အဖွဲ့သည် မတ် ၂၁ ရက်နံနက် ၁၁ နာရီက ကချင်ပြည်နယ် ဗန်းမော်မြို့မြို့မရပ်ကွက် ရုပ်ပြေးဆိပ်ကမ်း၌ ဗန်းမော်-ရွှေကူ- ကသာ -မန္တလေး ရေကြောင်းခရီးစဉ်တွင် ပြေးဆွဲလျက်ရှိသော စက်လှေ၊ အမြန်ရေယာဉ် (ရုပ်ပြေး) ၃၁ စီးကို စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးရာတွင် ရေယာဉ်နှင့် ရေယာဉ်လိုင်စင်ပါစည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိ မရှိစစ်ဆေးခြင်း၊ ရေယာဉ်၏ အလျား၊ အနံ၊ ဇောက်၊ ရေစူးအမှတ်တို့ကို တိုင်းတာစစ်ဆေးခြင်း၊ ရေယာဉ်လိုင်စင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်လိုင်စင်များစစ်ဆေးခြင်း၊ ရေယာဉ်နှင့် အင်ဂျင်စက်ကြံ့ခိုင်မှု ရှိ မရှိတို့ကို စစ်ဆေးခဲ့ကြပြီး လိုင်စင်သက်တမ်းကုန်ရေယာဉ်များကို လိုင်စင်သက်တမ်း တိုးပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

## ဖျာပုံခရိုင်အတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖျာပုံ မတ် ၂၂**

သဘာဝဘေးအန္တရာယ် အလွယ်တကူကျရောက်နိုင်သော ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း၌ သဘာဝဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်မှု တစ်ရပ်အနေဖြင့် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာ(ဖျာပုံ)တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကို ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ မတ် ၂၀ ရက်မှ စတင်၍ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းကာလ လေးရက်ကြာ ဖွင့်လှစ်မည့် အဆိုပါသင်တန်း၌ ဖျာပုံခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားပြုသူများ တက်ရောက်လျက်ရှိပြီး သင်တန်းတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုအပိုင်း၊ အကယ်၍ သဘာဝဘေးကျရောက်လာပါက စီမံရမည့်အပိုင်းနှင့် သဘာဝဘေးကြုံတွေ့ပြီးနောက် ပြန်လည်ထူထောင်ရေးကာလ စီမံခန့်ခွဲမှုအပိုင်းများကို လက်ရှိထမ်းဆောင်နေသည့် တာဝန်များနှင့် တွဲဖက်ချိန်ဆ လုပ်ဆောင်နိုင်ရေးတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်ထံမှ သိရသည်။




ဖျာပုံခရိုင် သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်ကလည်း မတ် ၂၀ ရက် သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောရာ၌ ခရိုင်အတွင်း သဘာဝဘေး ကျရောက်လာပါက ပြည်သူများအနေဖြင့် ကြံ့ခိုင်စွာရင်ဆိုင်နိုင်ရေး အတွေ့အကြုံများရှိနေစေရန် တာဝန်ရှိသူများက ကျေးရွာအရောက်သွားရောက်၍ သဘာဝဘေးဆိုင်ရာများ အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြ လေ့ကျင့်သင်ကြားပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ လတ်တလောအခြေအနေမှာ ပူပြင်းသည့်ရာသီဥတုဖြစ်၍ စိုးရိမ်ရသည့် မီးဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားပြီး မတော်တဆ ကြုံတွေ့လာပါကလည်း ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

ဖျာပုံခရိုင်သည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုလည်း ဖြစ်နေသောကြောင့် နှစ်စဉ် မိုးဦးကျကာလများတွင် မုန်တိုင်း၊ ရေကြီးရေလျှံခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ပြည်သူများ စိုးရိမ်နေကြရသည့် ဒေသတစ်ခုဖြစ်ပြီး နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်ကလည်း မုန်တိုင်းဒဏ်သင့်ခဲ့သော ဒေသတစ်ခုဖြစ်သည်။
**သူဇာနွယ်(ဖျာပုံ)**

## မြစ်သာရေလှောင်တမံဒေသ ပြောင်းရွှေ့ကျေးရွာများအတွက် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်

**ဂန့်ဂေါ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဒေသအတွင်း ပြောင်းရွှေ့ကျေးရွာများမှ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပနန်းကျေးရွာခန်းမ၌ မတ် ၂၀ ရက်က ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မာအေးက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းက ဘက်စုံသီးနှံ ပိုးမွှားရောဂါကာကွယ်ရေး နည်းပညာများ၊ မျိုးစေ့တာဝန်ခံ ဒေါ်မီမီချိုက မျိုးကောင်းမျိုးသန့်များအကြောင်းနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်းက မြေဆီလွှာဆိုင်ရာပြဿနာများနှင့် ဖြေရှင်းနည်းများ၊ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေဆန်းက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပို့ချခဲ့သည်။

သင်တန်းသို့ ဒေသတွင်းရှိ စပယ်၊ စင်ပုံ၊ ပနန်း၊ ယင်းမာ ကျေးရွာများမှ တောင်သူ ၂၀၀ တက်ရောက်ခဲ့ပြီး သင်တန်းအပြီးတွင် လက်ထောက်ညွှန်ကြားရေးမှူး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်းက တောင်သူများအား ဇီဝစူပါ ရွက်ဖျန်းမြေဩဇာများ၊ သိပ္ပံနည်းကျစိုက်ပျိုးရေး ပညာပေးလက်ကမ်းစာစောင်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။
(၁၀၁)

## မိတ္ထီလာမြို့နယ်တွင် စက်ရေတွင်းပေါင်း ၂၀ တူးဖော်ပြီးစီး

**မိတ္ထီလာ မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မြေအောက်ရေဖြင့် သီးနှံများစိုက်ပျိုးနိုင်ရန်အတွက် စက်ရေတွင်း ၂၀ ကို တိုင်းဒေသကြီးအစိုးရ၏ စီစဉ်မှုနှင့် ပြည်ထောင်စုအစိုးရ သီးသန့်ရန်ပုံငွေများဖြင့် တူးဖော်ခဲ့ရာ မတ် ၁၅ ရက်က ရေတွင်းအားလုံး တူးဖော်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်း ၂၀ ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က ကြီးကြပ်ပြီး ရတနာရွှေလက်ကုမ္ပဏီက တာဝန်ယူ၍ ဇန်နဝါရီ ၂၆ ရက်မှ စတင်ကာ မြို့နယ်အတွင်းရှိ ပျဉ်သာ၊ သဲကုန်း၊ ရွာသာ၊ မကျီးကုန်း၊ ကျွန်းဖိုပင်၊ ရိုးကန်၊ ကန်နီ၊ ညောင်ကုန်း၊ ရွှေပန်းတိုင်၊ ညောင်ပင်သာ၊ ဆွာတော၊ သီတက္ကန်၊ ညောင်ကားယား၊ဆည်ကုန်း၊မြောင်းပေါက်၊ရွာသစ်၊ လျှော်ဖြူပင်၊ညောင်ပင်ကျေးရွာနှင့် ဂလျူက်ဥူံကုန်းကျေးရွာများတွင် တူးဖော်ခဲ့ခြင်းဖြစ်ပြီး မတ် ၁၅ ရက်တွင် ရေတွင်းအားလုံး တူးဖော်ပြီးစီးခဲ့ခြင်းဖြစ်သည်။

စက်ရေတွင်းများ တူးဖော်ပြီးစီးသည့် အခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အေးတို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါစက်ရေတွင်းများ တူးဖော်ပြီးစီးခဲ့၍ ဒေသခံတောင်သူများအနေဖြင့် မိုးကြိုကာလတွင် အဓိကထား စိုက်ပျိုးသည့် ကြက်သွန်၊ ငရုတ်၊ ဝါနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေ ရရှိစေမည့်အပြင် မိုးရာသီတွင်လည်း စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရာတွင်လည်း ဖြည့်စွက်ရေအဖြစ် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တူးဖော်ခဲ့ခြင်းဖြစ်ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်းပေါင်း ၉၀၀ ကို တိုင်းဒေသကြီးအတွင်း၌ တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လက်တွဲညီညီ

လှေတစ်စင်းနဲ့ ရေလမ်းခရီးသွားရာမှာ လှေသူကြီးက လမ်းညွှန်သတိပေးရသလို ပဲ့ကိုင်နဲ့ လှေထိုးသားက လှေရွေ့သွားဖို့ လှော်တက်ကိုင် လှော်ပေးရပါတယ်။ လှေကို ပဲ့ကိုင်ရသောသူဟာ လိုရာခရီးရောက်ဖို့ တာဝန်အရှိဆုံးလူဖြစ်တဲ့အတွက် ၎င်းရဲ့ သတိ၊ ဝီရိယ၊ ပညာ၊ ဖြတ်ထိုးဉာဏ်နဲ့ ဆုံးဖြတ်ချက်ဟာ အလွန်အရေးကြီးပါတယ်။

လှေစမထွက်ခင်ကပင် လှေရဲ့ကြံ့ခိုင်မှုအခြေအနေကို သိထားရပါမယ်။ ခရီးလမ်းကြောင်းကို လေ့လာရမယ်။ ဘယ်လိုသွားမယ်ဆိုတာ စိတ်ကူးထားရမယ်။ တကယ်သွားပြီဆိုတာနဲ့ မိမိလှေပေါ်မှာရှိတဲ့ ခရီးသည်များရဲ့ ဘဝသည် မိမိလက်ထဲမှာ ရှိနေတယ်ဆိုတာကို သတိသွင်းထားရပါမယ်။ လမ်းညွှန်သူ လှေသူကြီးရဲ့လမ်းညွှန်မှုကိုလည်း ခံယူရပါမယ်။ လှေသူကြီးအမိန့်ရလို့ ထွက်ပြီဆိုတာနဲ့ လှော်တက်ကိုင်ပြီး အားသွန်ခွန်စိုက် လှော်ရတော့တာပဲ။ ဒီလိုလှော်တဲ့နေရာမှာ ဘယ်ညာနှစ်ဖက်ကို မိမိဦးတည်သော ခရီးလမ်းဆုံးရောက်ဖို့ ညှိပြီး လှော်တတ်ရတယ်။ တစ်ဖက်တည်းလှော်ရင် ဦးတည်ချက်ခရီး လမ်းလွဲသွားတယ်။ လှော်နေရင်း ရေစီးနှုန်းကိုရင် ခိုပြီး အနားယူတတ်ရမယ်။ ဒီအချိန်မှာ လှေပေါ်က ခရီးသည်တွေနဲ့ စကားပြောဆို အပန်းဖြေလို့ရတယ်။

ဒီလိုပဲ ခေါင်းဆောင်မယ်လို့ဆုံးဖြတ်ထားတဲ့ ခေါင်းဆောင်တစ်ယောက်ဟာ မိမိနောက် လိုက်လာမယ့်သူတွေအတွက်၊ မိမိတို့ဦးတည်သော ခရီးစဉ်အတွက် လှေတစ်စီးကို ပဲ့ကိုင်သောလူတစ်ယောက်ကဲ့သို့ ကျင့်သုံးတတ်ဖို့ လိုအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူ့ကိုယ်စား ခေါင်းဆောင်သွားပေးမယ့်သူတွေ ဖြစ်ပါတယ်။ ပြည်သူတွေက သူတို့ကို ခေါင်းဆောင်ပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ခေါင်းဆောင်လုပ်ဖို့ ရွေးချယ်လိုက်တာပဲ။ ခေါင်းဆောင် အရည်အချင်းရှိတဲ့သူတစ်ယောက်ဟာ မဲရဖို့ အတင်းအကျပ် လုပ်စရာမလိုပါဘူး။ ကိုယ်ရဲ့ အရည် အချင်းကိုထုတ်ပြဖို့ပဲလိုတယ်။ အရည်အချင်းရှိတဲ့သူများလေ မိမိစွမ်းဆောင်ရည်ကို ထုတ်ပြဖို့လိုလေပါပဲ။ ပြည်သူ့ကိုယ်စားလှယ်တွေကတစ်ဆင့် တိုင်းပြည်ကို ဦးဆောင်မယ့် နိုင်ငံခေါင်းဆောင်တွေလည်း ဖြစ်လာကြတယ်။ လှေတစ်စင်းရဲ့လှေသူကြီးနဲ့ ပဲ့ကိုင်တွေနဲ့ တူပါတယ်။ ပြည်သူတွေက ခရီးသည်တွေပေါ့။ လှေကြီးက ဘယ်ရှိမှာလဲ။

လှေသူကြီးနဲ့ ပဲ့ကိုင် ဘယ်လောက်ကောင်းနေနေ ပါလာတဲ့ခရီးသည်တွေက မငြိမ်ရင် လှေကိုမထိန်းနိုင်သလိုပဲ ခေါင်းဆောင်တွေ ဘယ်လောက်ကောင်းကောင်း၊ ခေါင်းဆောင်တွေ ဘယ်လောက်တော်တော် ပြည်သူတွေက မငြိမ်ရင် တိုင်းပြည်ရဲ့ဦးတည်ချက် လမ်းကြောင်းကို ရောက်မှာမဟုတ်ဘူး။ လှေပေါ်က ခရီးသည်တစ်ယောက် ဖောက်တာနဲ့ လှေမှောက်သွားနိုင်သလိုပဲ ပြည်သူတွေထဲကတစ်ယောက် အတွေးအခေါ်လေးတစ်ချက်မှားတာနဲ့ တိုင်းပြည်ဦးတည်ချက် နှောင့်နှေးသွားနိုင်တယ်။ ခေါင်းဆောင်တွေဘက်ကို ကြည့်မယ်ဆိုရင်တော့ တိုင်းပြည်ကို ပဲ့ကိုင်၊ လမ်းညွှန်ပေးမယ့် ခေါင်းဆောင်တွေရဲ့ ဆုံးဖြတ်ချက်တစ်ချက်ဟာ တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်ပါပဲ။

ဒါကြောင့် ပြည်သူတွေနဲ့ ခေါင်းဆောင်တွေကို မေးချင်တာက-

ပြည်သူတွေက ဘယ်လို လှေသူကြီးနဲ့ ပဲ့ကိုင်ကို ရွေးကြမှာလဲ။ လှေမလူးအောင်၊ လှေမမှောက်အောင် ဘယ်လိုထိုင်မှာလဲ။ လေတိုက်လို့၊ လှိုင်းမိလို့ လှေမမှောက်အောင် လှေသူကြီးက ဘယ်လိုနေပါ၊ ဘယ်လိုထိုင်ပါ၊ ဘယ်လိုကူပါလို့ ပြောရင် လက်ခံကြမှာလား။ ခေါင်းဆောင်တွေကရော လှေ၊ ခရီးသည်၊ ခရီးစဉ်တွေနဲ့ တူတဲ့ တိုင်းပြည်၊ ပြည်သူ၊ လမ်းစဉ်တွေကို ဦးဆောင်နိုင်ဖို့ ကိုယ့်အရည်အချင်းကိုယ် ယုံကြည်မှုရှိရဲ့လား။ အရည်အချင်းပြည့်လာအောင် သင်ယူဖို့ ဆန္ဒရှိရဲ့လား။ ပြည်သူတွေက ခေါင်းဆောင်ဖို့နေရာပေးထားသလို ပြည်သူတွေကို ခေါင်းဆောင်နိုင်တဲ့ အရည်အချင်းရှိကြောင်း တာဝန်ယူရဲမှာလား။

**ခရီးသည်ဖြစ်တဲ့ ပြည်သူတွေဟာ သတိပေးလမ်းညွှန်မယ့် လှေသူကြီးနဲ့ လှေလှော်မယ့် ပဲ့ကိုင်တို့နဲ့တူတဲ့ ခေါင်းဆောင်အရည်အချင်းရှိတဲ့သူတွေကို ရွေးချယ်တတ်ဖို့လိုတယ်။ ကိုယ်ရွေးချယ်ထားတဲ့ ခေါင်းဆောင်ရဲ့ စွမ်းဆောင်ရည်ကို ယုံကြည်ဖို့လိုတယ်။ ဝေဖန်အပြစ်တင်တာကနေ ဝေဖန်အကြံပေးတဲ့အကျင့်တွေ ပြောင်းလဲသင့်တယ်။ လူဆိုတာ အားလုံးပြီးပြည့်စုံတယ်လို့တော့ ဘယ်ရှိမှာလဲ။**

သတိထားရသလိုပဲ လေတိုက်နှုန်းကိုလည်း လေ့လာဖို့လိုတယ်။ ရေထဲမှာရှိတဲ့ အမှိုက်၊ ဒိုက်၊ မှော်၊ ဝဲ တွေကိုလည်း သတိထားရတယ်။ ကိုယ့်ခရီးနဲ့ပြိုင်ပြီးလှော်လာတဲ့ လှေကိုလည်း သတိထားရတယ်။ မျက်နှာချင်းဆိုင်လာတဲ့လှေကိုလည်း ရှောင်တတ်ဖို့လိုတယ်။ ဖြတ်သွားမယ့်လှေကို လမ်းပေးဖို့ သိတတ်ရမယ်။ မိမိလှေပေါ်ပါလာတဲ့ ခရီးသည်ရဲ့စကားသံကိုလည်း နားထောင်ထားရမယ်။ လှော်နေရင်း လှော်တက်မကိုင်ဘဲ လှေသွားနေတယ်ဆိုတိုင်းပြည်ကြီးပဲပေါ့။

ခရီးသည်ဖြစ်တဲ့ ပြည်သူတွေဟာ သတိပေးလမ်းညွှန်မယ့် လှေသူကြီးနဲ့ လှေလှော်မယ့် ပဲ့ကိုင်တို့နဲ့ တူတဲ့ ခေါင်းဆောင်အရည်အချင်းရှိတဲ့သူတွေကို ရွေးချယ်တတ်ဖို့လိုတယ်။ ကိုယ်ရွေးချယ်ထားတဲ့ခေါင်းဆောင်ရဲ့ စွမ်းဆောင်ရည်ကို ယုံကြည်ဖို့လိုတယ်။ ဝေဖန် အပြစ်တင်တာကနေ ဝေဖန်အကြံပေးတဲ့အကျင့်တွေ ပြောင်းလဲသင့်တယ်။ လူဆိုတာ အားလုံးပြီးပြည့်စုံတယ်လို့တော့

လှေနဲ့တူတဲ့တိုင်းပြည်ကိုတော့ ခေါင်းဆောင်ရော၊ ပြည်သူရော ရွေးချယ်ခွင့်မရှိပါဘူး။ ခရီးသည်က လှေထိုးသား၊ ပဲ့ကိုင်၊ လှေသူကြီးကို ရွေးခွင့်ရှိသလိုပဲ ပြည်သူတွေက ကိုယ့်ကိုခေါင်းဆောင်ပေးမယ့်သူကိုပဲ ရွေးချယ်ခွင့်ရှိပါတယ်။ တိုင်းပြည်ကိုဦးဆောင်မယ့် ခေါင်းဆောင်တွေကရော လှေတစ်စင်းကို ဦးဆောင်သွားမယ့် ပဲ့ကိုင်တစ်ယောက်လို မိမိရဲ့လိုအပ်ချက်တွေကို သိရှိဖို့လိုပါတယ်။ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ခေါင်းဆောင်နဲ့ ပြည်သူတွေ လက်တွဲညီညီ လုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ။

**ဆောင်းပါး-ခင်သန်းနွဲ့**

## သီးနှံ ၁၅ မျိုးအတွက် GAP Guideline(မူကြမ်း)ဖြည့်စွက်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မုံရွာ မတ် ၂၂**

မြန်မာ့ GAP Protocol နှင့်သီးနှံ ၁၅ မျိုးအတွက် GAPGuideline(တတိယမူကြမ်း) ဖြည့်စွက်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မတ် ၂၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးကမ်ဇာမုံက "မြန်မာ့ GAP မှာ အာဆီယံ GAP ကို အခြေခံထားတဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ(Food Safety)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ(Environmental Management)၊ လုပ်သားများ ကျန်းမာရေးဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ လူမှုဘဝ သာယာဝပြောရေးကဏ္ဍ(Workers Health Safety And Welfare)နဲ့ ထွက်ကုန်အရည်အသွေးကဏ္ဍ(Produce Quality) ဆိုတဲ့ ကဏ္ဍလေးရပ် ဖြစ်ပါတယ်။ ဒီကဏ္ဍကြီးလေးရပ်ကို နိုင်ငံရဲ့ဦးစားပေးအစီအစဉ်အရ တစ်ခုပြီးမှတစ်ခုကို ဆောင်ရွက်လို့ရသလို အတူပူးတွဲဆောင်ရွက်ရင်လည်း ရပါတယ်။ GAP ဆိုတာက မြေပြုပြင်စိုက်ပျိုးထုတ်လုပ်တာကနေ စားသုံးသူ လက်အရောက်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းမှာ စားသုံးသူအတွက် အန္တရာယ်ဖြစ်စေမယ့် ကူးစက်ညစ်ညမ်းမှု အနည်းဆုံးဖြစ်စေတဲ့ လိုက်နာရမယ့်နည်းလမ်းတွေကို စုစည်းထားတဲ့ စံလုပ်ထုံးလုပ်နည်း လမ်းညွှန်မှုတွေဖြစ်ပါတယ်"ဟု ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်မည့် Asean Free Trade အရ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စိုက်ပျိုးရေးထွက်ကုန်များကို လွတ်လွတ်လပ်လပ် တင်ပို့ရောင်းချနိုင်သည့်အခါ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAPs)ကို လိုက်နာဆောင်ရွက်စိုက်ပျိုးကြရန်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ထားရန် အရေးကြီးကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။




ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးလှမြင့်အောင်က ဆွေးနွေးပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှလှမြင့်က မြန်မာ GAP Protocol နှင့် သီးနှံ ၁၅ မျိုး အတွက် GAP Guideline ရေးဆွဲထားမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး သီးနှံတစ်မျိုးချင်းအလိုက် GAP Guideline ရေးဆွဲထားမှုကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကာ ဆွေးနွေးပွဲတက်ရောက်သူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အဆင်ပြေစေရန် ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းများဖွင့်လှစ်

**ကျောက်တန်း မတ် ၂၂**

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျ စီမံပြီး အောင်မြင်မှုရရှိစေရန်အတွက် ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဇွဲဘာကုန်းတန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ မတ်လတတိယပတ်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ဇွဲဘာကုန်းတန်းကျေးရွာနှင့် ကွန်နီးကျေးရွာတို့မှ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များ စုံညီစွာတက်ရောက်ကြပြီး လူထုဗဟိုပြုစီမံကိန်းမှ လက်ထောက်နည်းပညာမှူး ဦးထက်ဝေပိုင်နှင့် လူထုစည်းရုံးရေးမှူး ဦးထက်နိုင်ဦးတို့က ဆွေးနွေးပို့ချ လက်တွေ့သရုပ်ပြကြသည်။

အလားတူ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များမှ ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းများကို ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၇၈ ရွာတွင်လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း (ကျောက်တန်း)**

## သတင်းတိုများ

### ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသော ခရမ်းမြို့နယ်အတွင်းမှ ဆရာတော်ကြီးများအား ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ ဂုဏ်ပြုပူဇော်ပွဲ ဂုဏပူဇာသဘင် အခမ်းအနားကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ မတ် ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးထံမှ သီလခံယူကြပြီး ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ ဦးဆောင်နာယက ကမ္ဘာ့ရတနာဘဏ်ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းက အသင်း၏ သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြပြီး အသင်းနာယကကြီးများနှင့် အလုပ်အမှုဆောင်များက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး အပါအဝင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါးတို့အား ဂုဏ်ပြုပူဇော်လွှာနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **ခရမ်းစိုးမြင့်**

### ပခုက္ကူမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပခုက္ကူမြို့သိဒ္ဓိဇေယျာအောင်မင်္ဂလာစေတီတော်ကြီး ၁၂၄ နှစ်ပြည့်(၂၄)ကြိမ်မြောက် ပခုက္ကူမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂၀ ရက်က ကျင်းပခဲ့သည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပခုက္ကူမြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ကျောင်းထိုင်ဆရာတော်ကြီးများ အပါအဝင် မြို့ပေါ်နှင့် မြို့နယ်အတွင်းမှ သံဃာတော်အပါး ၂၅၀ နှင့် သီလရှင်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းမိသားစုများ၊ နယ်မြေခံ တပ်မတော်မိသားစုများ၊ ပုဂ္ဂလိကဘဏ်များ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

### သံဃာတော်များအား သာသနာဝင်စိစစ်ရေးကတ်ပြားများဆက်ကပ်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက် စိတ္တပါလဂူကျောင်း စာသင်တိုက်ရှိ စာသင်သား ရဟန်းသံဃာများအား သာသနာဝင်စိစစ်ရေးကတ်ပြားများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးမျိုးခိုင်နှင့် ဝန်ထမ်းများသည် မတ် ၂၀ က လာရောက်ဆက်ကပ်ခဲ့ကြောင်း သိရသည်။ သာသနာဝင်စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် စိတ္တပါလဂူကျောင်း စာသင်တိုက်ကြီးရှိ စာသင်သားရဟန်းတော် ၅၁ ပါးအတွက် သာသနာဝင်စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

### အန္တရာယ်ရှိသော တားမြစ်စားသောက်ကုန်များရောင်းချခြင်းမရှိစေရန် စစ်ဆေးပညာပေး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားကျေးရွာ စည်ပင်သာယာဈေး၌ အန္တရာယ်ရှိသောစားသောက်ကုန်များ ရောင်းချမှုမရှိစေရန် ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဆိုင်ရှင်များအား အသိပညာပေးဟောပြောပွဲကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မတ် ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့်အတူ မီးသတ်ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဈေးအတွင်း၌ အန္တရာယ်ရှိစားသောက်ကုန်များ၊ တားမြစ် စားသောက်ကုန်များ၊ တရားမဝင်သော ကြက်ဥများ ရောင်းချခြင်း ရှိ-မရှိ လိုက်လံစစ်ဆေးကာ စားသောက်ကုန်နမူနာများ သိမ်းဆည်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဈေးသူ ဈေးသားများနှင့် ကျေးရွာနေပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူက အသိပညာပေးဟောပြောပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူက ဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### တရားမဝင်သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း တရားမဝင် သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်နှင့်အတူ မတ် ၂၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အင်းတော်မြို့နယ် ပင်ဝယ်ရဲကင်းစခန်းအပိုင် နယ်မြေအတွင်း နယ်မြေခံတပ်မတော်မှ ဗိုလ်မှူးနေမျိုးထိုက် ဦးဆောင်သော တပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ပင်ဝယ်ကျေးရွာနှင့် တုံးလုံကျေးရွာအကြား ကျွန်းစိုက်ခင်းအတွင်း၌ တရားမဝင်သစ်စက်လည်ပတ်လုပ်ကိုင်နေသည်ကို တွေ့ရှိ၍ အင်းတော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားပြီး ဝင်ရောက်ဖမ်းဆီးခဲ့ရာ ၃၂ ကောင် အင်ဂျင်ဖြင့် သစ်စက်တစ်လုံးကို ပိုင်ရှင်ဖြစ်သူ နိုင်ဝင်းသိန်း(၃၅ နှစ်)နှင့်အတူ ဖမ်းမိခဲ့ပြီး ကျွန်းသစ် ၂၃ လုံး(အလေးချိန် ၄ ဒသမ ၅၅ တန်)၊ ကျွန်းခွဲသားဆိုက်စုံ ၃၉ ချောင်း (အလေးချိန် ၀ ဒသမ ၇၄၈)တန်တို့ကိုလည်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် သစ်စက်လုပ်ကိုင်သူ နိုင်ဝင်းသိန်းအား မော်လူးရဲစခန်း၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

(ဝ၆၇)

# ဂျပန်၊ တောင်ကိုရီးယားတို့ အကြိတ်အနယ်နွှဲရမယ့် ၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန် ခြေစစ်ပွဲ

၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲရဲ့အာရှဇုန်ပွဲစဉ်တွေကို မတ် ၂၃ ရက် ညပိုင်းမှာ ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အုပ်စု အသီးသီးက ထိပ်ဆုံးအသင်းတွေဟာ အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်လို့ ပုံမှန်အားထုတ်မှုထက်ပိုပြီး အားထည့်ရမှာဖြစ်သလို ဆီးရီးယားနဲ့ ဥဇဘက်ကစ္စတန်တို့ပွဲကတော့ မလေးရှားမှာ ကစားရမှာဖြစ်ပါတယ်။ အာရှဇုန်ပွဲစဉ်တွေမို့ ပရိသတ်တွေမဖြစ်မနေ ကြည့်ရှုအားပေးရဦးမှာဖြစ်ပါတယ်။



တောင်ကိုရီးယားအသင်းသားများ အောင်ပွဲခံနေစဉ်

**တရုတ်နှင့် တောင်ကိုရီးယား**

ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်မရှိသလောက်ဖြစ်နေတဲ့ တရုတ်တို့အတွက် ဒီပွဲမှာ အမာခံကစားသမားတွေနဲ့အတူ အားထည့်ကစားပါ့မလားဆိုတာ စဉ်းစားစရာပါပဲ။ ဒါပေမယ့် ခရိုအေးရှားလိုအသင်းကို ပွဲကစားချိန်ပြည့်တဲ့ အထိ တစ်ဂိုးစီသရေကစားနိုင်တဲ့ ခြေစွမ်းမျိုးပြန်ရရင် တောင်ကိုရီးယားတို့ မလွယ်ပါဘူး။ ဥဇဘက်ကစ္စတန်နဲ့ ဆီးရီးယားတို့ကို ရှုံးပွဲဆက်တိုက်ကြုံတွေ့ထားတဲ့ တရုတ်ရဲ့ခြေစွမ်းကလည်း အားရစရာမရှိပါဘူး။ တောင်ကိုရီးယားတို့ကလည်း လက်ကျန်ပွဲစဉ်တိုင်း ရလဒ်ကောင်းအောင် ကြိုးစားရတော့မှာမို့ အမှားမခံတော့တဲ့ အနေအထားမှာ အနိုင်ရအောင်ပဲ အားထုတ်ပါလိမ့်မယ်။ ဂိုးမပြတ်ပေမယ့် တောင်ကိုရီးယားရဲ့နိုင်ပွဲပါ။

**ယူအေအီးနှင့် ဂျပန်**

အကောင်းဆုံးခြေစွမ်းရရှိနေတဲ့ ဂျပန်တို့အတွက်တော့ ယူအေအီးက ခက်ခဲတဲ့ပြိုင်ဘက်ပါပဲ။ ထိုင်း၊ အီရတ်၊ ဩစတြေးလျ၊ အိုမန်နဲ့ ဆော်ဒီအာရေဗျတို့ကို နိုင်ပွဲရအောင် ကြိုးစားနိုင်ခဲ့တဲ့ ဂျပန်ဟာ ခြေစွမ်းမာကျောတဲ့ ယူအေအီးကို ပွဲကျပ်အဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ ယူအေအီးတို့က နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဩစတြေးလျကို ရှုံးခဲ့ပေမယ့် ထိုင်း၊ ဘာရိန်းနဲ့ အီရတ်တို့ကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ခဲ့တာမို့ အခုပွဲဟာလည်း သရေရလဒ်ထွက်ပေါ်သွားနိုင်ပါတယ်။

**ကာတာနှင့် အီရန်**

အီရန်မြေမှာ ကစားခဲ့တဲ့ပွဲမှာ ကာတာတို့အရေးနိမ့်ခဲ့ရပေမယ့် အခုအချိန်မှာတော့ ပုံမှန်ခြေစွမ်းပြနိုင်နေတဲ့ ကာတာကို အီရန်တို့ အဝေးကွင်းမှာ သိပ်မလွယ်ပါဘူး။ ကာတာရဲ့နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးထားပါတယ်။ အီရန်တို့ကတော့ အခုတလောနိုင်ပွဲတွေဆက်နေပြီး ကစားအားလည်း ကောင်းနေတာမို့ကာတာတို့နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**အီရတ်နှင့် ဩစတြေးလျ**

အီရတ်တို့လည်း ခြေစွမ်းမတည်မငြိမ်ဖြစ်နေတာမို့ အခုပွဲ အိမ်ကွင်းမှာ ဩစတြေးလျကို နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ဩစတြေးလျဟာ အာရှဇုန်မှာ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ ခြေကုန်ထုတ်ဖို့ ရှိနေပြီး အီရတ်လို အိမ်ကွင်းမာကျောတဲ့အသင်းကို အကြိတ်အနယ်နွှဲရပါလိမ့်မယ်။ ခြေစွမ်းတည်ငြိမ်နေတဲ့ ဩစတြေးလျရဲ့စွမ်းဆောင်မှုက အနိုင်ရလဒ်ကို သိမ်းပိုက်သွားမှာ အမှန်ပါပဲ။

**ဆီးရီးယားနှင့် ဥဇဘက်ကစ္စတန်**

အာရှဇုန်အုပ်စု (A) မှာ ဥဇဘက်ကစ္စတန်တို့က ငါးပွဲကစားပြီးချိန်မှာ ကိုးမှတ်ရပြီး အုပ်စုတတိယနေရာမှာရှိနေပါတယ်။ ဆီးရီးယားတို့က ငါးပွဲကစား ငါးမှတ်ရကာ စတုတ္ထနေရာမှာရှိနေတာမို့ နှစ်သင်းစလုံး အကြိတ်အနယ်နွှဲရမယ့်ပွဲပါပဲ။ ဥဇဘက်ကစ္စတန်တို့က တိုက်စစ်အားကောင်းပြီး ဂိုးလည်း သွင်းနိုင်ကြပါတယ်။ ခံစစ်ပိုင်းမှာလည်း အမှားအယွင်းနည်းသလို ပြိုင်ဘက်တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုကိုလည်း ဟန့်တားနိုင်ပါတယ်။ ဆီးရီးယားတို့က တိုက်စစ်မထက်မြက်ပေမယ့် ခံစစ်ပိုင်း ကျစ်လျစ်တာမို့ ဥဇဘက်ကစ္စတန်တို့က အနိုင်ရလဒ်ကို ခက်ခက်ခဲခဲ ဖော်ထုတ်ရပါလိမ့်မယ်။

**ထိုင်းနှင့် ဆော်ဒီအာရေဗျ**

အာရှဇုန်အုပ်စု(B)မှာ ထိုင်းတို့ကငါးပွဲကစားပြီးချိန်မှာ တစ်မှတ်ရရှိနေပြီး အုပ်စုအောက်ဆုံးနေရာမှာ ရပ်တည်နေပါတယ်။ ဆော်ဒီအာရေဗျတို့ကလည်း ငါးပွဲကစား၊ ၁၀ မှတ်နဲ့ ဂိုးကွာခြားချက်အရ အုပ်စု ထိပ်ဆုံးမှာ ဦးဆောင်နေတာမို့ ဒီပွဲက ထိုင်းတို့ခြေကုန်ထုတ်ရမယ့်ပွဲပါ။ တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ နှစ်သင်းစလုံး ကွာဟချက်ကြီးတာမို့ ထိုင်းတို့မလွယ်ပါဘူး။ ဆော်ဒီအာရေဗျမြေမှာ ကစားရမယ့် ဒီပွဲဟာ ထိုင်းတို့ မျှော်လင့်လို့ မရနိုင်တဲ့ပွဲပါပဲ ။ ။

❏ မိုးမြင့်လင်းလက် ❏



# ပေါ်တူဂီ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးခဲ့တဲ့ စီရော်နယ်ဒို

ရီးရဲမက်ဒရစ် တိုက်စစ်မှူး စီရော်နယ်ဒိုကို လစ္စဘွန်းမြို့မှာ ပေါ်တူဂီနိုင်ငံရဲ့တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို တနင်္လာနေ့က ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိ စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ် ကစားဖော် ပီပီနဲ့ စပို့တင်း လစ္စဘွန်း ဂိုးသမား ရှိုင်းပက်ထရီစီယိုတို့ကို ကျော်လွှားပြီး အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။

ပတ်ထရီစီယိုဟာ ပြီးခဲ့တဲ့နှစ်က ပေါ်တူဂီအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ စီရော်နယ်ဒိုဟာ ယူရို ၂၀၁၆ မှာ ပေါ်တူဂီအသင်းနဲ့အတူ အသင်းခေါင်းဆောင် မလုပ်မီ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ ဒီလိုကြိုးစားအားထုတ်နိုင်ခဲ့မှုကြောင့် Ballon d'or ဆုနဲ့ ဖီဖာရဲ့အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ရီးရဲမက်ဒရစ်မှ ကစားဖော်တွေ နည်းပြတွေနဲ့ ပေါ်တူဂီအသင်းနဲ့အတူ ဥရောပချန်ပီယံရှစ်ဆုဖလားရယူပေးခဲ့ရာမှာ ပါဝင်တဲ့သူတွေ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်လို့ စီရော်နယ်ဒိုက ဆုလက်ခံအပြီး ပြောဆိုခဲ့ပါတယ်။

# ဝင်းဂါးကို ထပ်မံစာချုပ်လိုတဲ့ အာဆင်နယ် ကစားသမားများ

အာဆင်နယ်အသင်းရဲ့ ဝါရင့်ကစားသမားတွေကတော့ ရလဒ်တွေမကောင်းခဲ့တဲ့နောက်ပိုင်း နည်းပြဝင်းဂါးကို ထပ်မံစာချုပ်ပြီး အသင်းမှာ ဆက်လက်နည်းပြလုပ်စေလိုတဲ့ ဆန္ဒရှိတယ်လို့ ဝါရင့်ကစားသမား ဂျီရုဒ်က ပြောဆိုလိုက်ပါတယ်။ ဝင်းဂါးရဲ့ ၂၁ နှစ်တာအတွင်း အာဆင်နယ်အသင်းကို နည်းပြလုပ်စဉ်မှာ အဆိုးရွားဆုံး အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

ပြီးခဲ့တဲ့ ပရီမီယာလိဂ် ငါးပွဲကစားရာမှာ လေးပွဲရှုံးနိမ့်ခဲ့ပါတယ်။ နောက်ဆုံး ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် စာချုပ်သစ်ချုပ်ဆိုရေး အလို မရှိ၊ ဝင်းဂါး ထွက်သွားဆိုတဲ့ ကြွေးကြော်သံတွေ ထွက်ပေါ်ခဲ့ပါတယ်။ ပရိသတ်တွေရဲ့ဆန့်ကျင်မှုတွေ တိုးပွားလာနေသော်လည်း အာဆင်နယ်ကစားသမားတွေကတော့ အသက် ၆၇ နှစ်အရွယ် နည်းပြဝင်းဂါးကို စာချုပ်သစ်ချုပ်ဆိုလိုတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝင်းဂါးရဲ့စာချုပ်သစ်ကို မြင်တွေ့လိုပါတယ်။ သူနဲ့အတူ စွန့်စားမှုတွေ ထပ်မံပြုလုပ်သွားဖို့ လိုပါတယ်။ ကျွန်တော်တို့ သူ့ကို အားပေးရမှာ ဖြစ်ပါတယ်လို့ ဂျီရုဒ်က ဆိုပါတယ်။ သို့ပေမယ့် အိုဇေးလ်နဲ့ ဆန်ချက်ဇ်ကိုတော့ အာဆင်နယ်က ရောင်းထုတ်သွားဖွယ်ရှိနေပါတယ်။






# ချန်ပီယံလိဂ်ဝင်ခွင့် နေရာလုပွဲတွေ ပြင်းထန်လာနိုင်တဲ့ ပရီမီယာလိဂ်

ပရီမီယာလိဂ်ပွဲစဉ် ၂၉ အပြီးမှာတော့ ချယ်လ်ဆီးအသင်းက ရမှတ် ၁၀ မှတ်အသာနဲ့ ဦးဆောင်နေပြီဖြစ်တဲ့အတွက် ဒီနှစ်ချန်ပီယံဖြစ်ဖို့ အတော်လေးနီးစပ်သွားပြီ ဖြစ်ပါတယ်။ စပါး၊ မန်စီးတီးနဲ့ လီဗာပူးတို့ကတော့ လောလောဆယ် ထိပ်ဆုံးလေးသင်းနေရာမှာ ရှိနေပါတယ်။

သို့ပေမယ့် မန်ယူနဲ့ အာဆင်နယ်ကတော့ နံပါတ် ၄ နေရာကိုရဖို့ အပြိုင်ကြိုးစားရမယ့် အနေအထားဖြစ်ပါတယ်။ လီဗာပူးနောက်က ခြောက်မှတ်သာ ကွာတဲ့ အဲဗာတန်ကလည်း နံပါတ် ၄ နေရာကို ချိန်နေတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် လက်ကျန်ပွဲစဉ်တွေကတော့ ချန်ပီယံလိဂ်နေရာလုပွဲက အတော်လေးပြင်းထန်လာမယ့် အနေအထားဖြစ်ပါတယ်။ အိမ်ကွင်းအနိုင်မရသေးတဲ့ ဒုတိယနေရာမှ စပါး၊ ရှုံးပွဲမရှိ နံပါတ် ၅ နေရာတက်လာတဲ့ မန်ယူတို့ဟာ လာမယ့်ပြိုင်ပွဲတွေမှာ အနိုင်ပွဲတွေရဖို့ အကြိတ်အနယ် ကြိုးစားဖွယ်ရှိနေပါတယ်။

မန်စီးတီးကလည်း ပီရီမီယာလိဂ်မှာ ရှုံးပွဲမရှိတာ နှစ်လကျော်သွားပြီဖြစ်ပါတယ်။ အာဆင်နယ်ကလည်း ဝင်းဂါးရဲ့စာချုပ်သက်တမ်းကို ကာကွယ်ဖို့ နံပါတ် ၄ နေရာရရေး ကြိုးစားဖွယ်ရှိနေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# စစ်ကိုင်းမြို့မစျေးတွင် လက်တွေ့မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

**စစ်ကိုင်း မတ် ၂၂**

စစ်ကိုင်းမြို့ မြို့မစျေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှုနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို မြို့နယ် မီးသတ်ဦးစီးဌာနနှင့် စျေးဝန်ထမ်းများ ပူးပေါင်း၍ မတ် ၂၀ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးသူအောင် ဦးဆောင်သော သန္နိမီးသတ်တပ်ဖွဲ့ဝင်များက မြို့မစျေးမှ ဝန်ထမ်းတစ်ဦးချင်းအား ရှေးဦးမီးငြိမ်းသတ်နည်းဖြစ်သည့် မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်းကို လက်တွေ့သင်ပြလုပ်ဆောင်စေခဲ့ပြီး ဆက်လက်၍ သန္နိမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မီးသတ်ယာဉ်လေးစီးနှင့် မီးသတ်စက်ကြီး စွမ်းရည်ကို သရုပ်ပြခဲ့သည်။

ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များကလည်း လူနာတင်ယာဉ်တစ်စီးနှင့်အတူ သောတာပန်ရပ်ကွက် လူမှုကယ်ဆယ်ရေးအသင်းဝင်များနှင့် ပူးပေါင်းကာ အကယ်၍ စျေးမီးလောင်မှုဖြစ်ပွားပါက စျေးအတွင်း ကားအဝင်အထွက်လမ်းများ ရှင်းလင်းခြင်း၊ စျေးအတွင်း အပြင်ရှိ ရေသိုလှောင်ကန်များမှ ရေသွယ်ယူ၍ မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်မှုအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှုများကို လက်တွေ့ လေ့ကျင့်သရုပ်ပြခဲ့ကြသည်။



မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာသို့ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် စျေးဝန်ထမ်းများ၊ စျေးအကျိုးတော်ဆောင်များ၊ စစ်ကိုင်းခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး(ဒုတိယတန်း) ဦးမြင့်သိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ပညာသင်ထောက်ပံ့ကြေးဆိုင်ရာများ သုံးသပ်ဆွေးနွေး

**တနင်္သာရီ မတ် ၂၂**

ပညာရေးဝန်ကြီးဌာန၏ ကျောင်းထောက်ပံ့ကြေးလုပ်ငန်းနှင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရေး အစီအစဉ်အရ ထောက်ပံ့ကြေးများပေးအပ်ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ငွေကြေးထောက်ပံ့သည့်စီမံကိန်း ကွင်းဆင်းလေ့လာချက်များနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို တနင်္သာရီမြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က အခြေခံပညာကျောင်းများအား ကျောင်းသားဦးရေ အချိုးအရ ထောက်ပံ့ပေးမှုနှင့် စတုတ္ထတန်းမှ ဒသမတန်းအထိ ကျောင်းဆက်တက်ရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး Save the Children မှ စီမံကိန်းအရာရှိ ဒေါ်သူဇာအေးက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၂၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းသို့ ထောက်ပံ့ကြေးနှင့်ပတ်သက်သော အရည်အသွေးဆိုင်ရာဆန်းစစ်မှု ကွင်းဆင်းဆောင်ရွက်ရာတွင် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် Save the Children မှ စီမံကိန်းအရာရှိများဖြစ်ကြသည့် ဦးချမ်းမြေ့ငြိမ်း၊ ဒေါ်မေလဲ့လဲ့သင်းနှင့် ဦးမြတ်ခိုင်တို့က ပညာသင်ထောက်ပံ့ကြေးနှင့်ပတ်သက်သော အရည်အသွေးဆိုင်ရာ ဆန်းစစ်မှုနှင့် လေ့လာတွေ့ရှိမှုများကို ဆက်လက်ဆွေးနွေးကြပြီး အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်လှစ်

**ကန့်ဘလူ မတ် ၂၂**

အခြေခံပညာကျောင်းများတွင်သင်ကြားမည့် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးများ တိုးတက်မြင့်မားလာရန်နှင့် သင်ကြားရေးတွင် အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းကို မတ် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို တက်ရောက်ပြီးပါက နေ့စားလပေး ဆရာ ဆရာမများအနေဖြင့် ဇွန်လကျောင်းဖွင့်ချိန်တွင် နေ့စားလပေးမှ အမြဲတမ်းဆရာဖြစ်လာနိုင်ကြောင်း၊ နိုင်ငံတော်က ဆရာဖြစ်လက်မှတ်ကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ နေ့စားလပေး ဆရာ ဆရာမများအနေဖြင့် ယခုသင်တန်းတက်ရောက်ခြင်းဖြင့် သင်ကြားမှု အရည်အသွေး တိုးတက်လာပြီး ထိရောက်စွာသင်ပြပေးနိုင်ရန်၊ ဆရာတစ်ယောက်တွင်ရှိသင့်သည့် စိတ်သဘောထားများ ရရှိစေရန်နှင့် ကလေးများကိုသင်ကြားရာတွင် နည်းစနစ်မှန်စွာနှင့် စိတ်ရှည်စွာဖြင့် သင်ကြားနိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးစိုးသန်းက သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

ထို့နောက် ဒုတိယ မြို့နယ်ပညာရေးမှူးက သင်တန်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းသား ဆရာ ဆရာမများအား သင်တန်းနည်းပြဆရာများနှင့် မိတ်ဆက်ပေးသည်။ အဆိုပါသင်တန်းသို့ ကန့်ဘလူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၁၆ ခုနှစ်က ခန့်ထားသည့်နေ့စား ဆရာ ၃၀ နှင့် ဆရာမ ၁၇၉ ဦးတို့ တက်ရောက်သင်ကြားကြပြီး သင်တန်းတွင် ဘာသာရပ် ၁၃ မျိုးကို ဒုတိယမြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးများ၊ နည်းပြသင်တန်းတက်ရောက်ပြီးသည့် ဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ မတ် ၂၀ ရက်မှ မေ ၅ ရက်အထိဖြစ်ပြီး သင်္ကြန်ကာလရုံးပိတ်ရက်များတွင် သင်တန်းပိတ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းဖွင့်

**ဖန်းမော် မတ် ၂၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ ပြန့်ပွားရေးအဖွဲ့ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလျက် ကချင်ပြည်နယ် ဖန်းမော်မြို့ ဓမ္မပါလ လယ်ပေါ်ကျောင်းဆရာတော် ဦးဆောင်သည့် ဓမ္မပါရမီ ဗုဒ္ဓဓမ္မဝေယျာဝစ္စအသင်းက ကြီးမှူးဖွင့်လှစ်သော စတုတ္ထအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲကို မတ် ၂၀ ရက်က ဓမ္မပါလ လယ်ပေါ်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။




သင်တန်းဖွင့်ပွဲတွင် သင်တန်းပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများက လယ်ပေါ်ကျောင်းဆရာတော်ထံမှ ဩဝါဒခံယူကြပြီး သင်တန်းကို စတင်ပို့ချခဲ့သည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ကလေးငယ် ၁၀၀ တက်ရောက်ကြပြီး ဗုဒ္ဓဓမ္မ ယဉ်ကျေးလိမ္မာသင်တန်းတွင် ရတနာသုံးပါးအကြောင်းနှင့် ဗုဒ္ဓဝင်၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ လောကုတ္တရာ ကြီးပွားတိုးတက်ရေး၊ လောကီကြီးပွားချမ်းသာရေး၊ တရားရှုမှတ်နှင့် ဓမ္မတေးဖြင့်သရုပ်ပြသင်ကြားခြင်း ဘာသာရပ်များ ပါဝင်ကာ ကွန်ပျူတာသင်တန်းတွင် အခြေခံကွန်ပျူတာ အသုံးပြုနည်းများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ မတ် ၂၀ ရက်မှ မေ ၈ ရက်အထိဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**






SMS Alert ဝန်ဆောင်မှုများ

- Debit Alert (စာရင်းသို့ ငွေဝင်ခြင်း)
- Credit Alert (စာရင်းမှငွေထုတ်ခြင်း)
- Cash Management Alert
  - Incoming and Outgoing funds
  - Cheque Payment
  - Returned Cheque
- Bill Payment (ဘီလ်ပေးဆောင်ခြင်း)
- Payroll Debit / Credit
- TT Transfer
- Trade Transactions
- Credit Advice
- Remittance Alert Over the counter (ငွေလွှဲရောက်ရှိခြင်းပြည်တွင်း/ပြည်ပ)
- Remittance to Account (စာရင်းသို့ ငွေလွှဲရောက်ရှိခြင်းပြည်တွင်း/ပြည်ပ)
- EASI Smart Card spending Alert ( ATM မှငွေထုတ်ယူခြင်းနှင့် POS တွင်သုံးစွဲခြင်း)

Website: www.cbbank.com.mm Call Center: (+951) 231 7770



ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၅)ခု မှ ရွေးထုတ်ထားသည့် World Star ပဏာမလက်ရွေးစင်များကလာမည့်
ဧပြီလ (၇) ရက်နေ့ ည (၉) နာရီ (၁၅) မိနစ် အချိန်မှာ MRTV-4 မှတစ်ဆင့်
ပရိသတ်ကြီးဆီ အရောက်လှမ်းလာမှာမို့ စောင့်ကြည့်ကြဖို့မမေ့နဲ့နော် . . .
Galaxy STAR
World Star Searching Project
GRAHAM
PHYU PHYU KYAW THEIN
PHOE KAR
J ME
SUNG TIN PAR
Title Sponsored by
SAMSUNG
Main Sponsored by
ooredoo
Co - Produced by
LIFE
Produced by
SBS Plus
NAMIN




Another Prestigious Project

MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ရန်ကုန်မြစ်ဝပင်လယ်ပြင်တွင် ရေကြောင်းပြစခန်းစင် (PILOT FIXED STATION) တည်ဆောက်ရေးလုပ်ငန်းအတွက် အကြိုတိုင်းတာစမ်းစစ်မှုများဆောင်ရွက်ရန် တိုင်းတာရေးစင် (SURVEY PLATFORM) တစ်ခုကို အောက်ပါအတိုင်းတည်ဆောက်ရန် ဆောင်ရွက်ပါမည် -

| | | |
|---|---|---|
| (က) | တိုင်းတာရေးစင်တည်နေရာ | - Lat 16° 13' 07.33" |
| | | - Long 096° 16' 57.54" |
| | | (လက်ခုပ်ကုန်းကမ်းခြေမှ အရှေ့တောင်ဘက်ရေမိုင် ၆.၅ မိုင်ခန့်အကွာ) |
| (ခ) | စင်အရွယ်အစား | - အလျား၄မီတာxအနံ၄မီတာxရေပေါ်အမြင့်၈မီတာ |
| (ဂ) | နေ့အချိန်ပြအမှတ်အသား | - အလံအနီရောင်လွှင့်ထားမည်။ |
| (ဃ) | ညအချိန်ပြအမှတ်အသား | - Flashing 1 Sec (Red) |
| (င) | စင်အမျိုးအစားနှင့်အရောင် | - သံကိုယ်ထည်စင်၊ အဝါရောင် |

၂။ တိုင်းတာရေးစင်တည်ဆောက်မှုကို ၂၃.၃.၂၀၁၇ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၃၁.၃.၂၀၁၇ ရက်နေ့တွင် တည်ဆောက်ပြီးစီးပါမည်။ ၎င်းစင်ကိုခန့်မှန်း ၃၀.၄.၂၀၁၈ ရက်နေ့အထိထားရှိပါမည်။


၃။ တိုင်းတာရေးစင်တည်ဆောက်မှုကို အောက်ဖော်ပြပါရေယာဉ်များဖြင့် သတ်မှတ်တည်နေရာတွင် လုပ်ငန်းဆောင်ရွက်ပါမည် -

| | ရေယာဉ်အမည် | အမျိုးအစား | ဆက်သွယ်နိုင်သည့်လေလှိုင်း |
|---|---|---|---|
| (က) | Day Wa Yar Zar | ကမ်းထိုးရေယာဉ် | VHF - CH - 16 |
| (ခ) | Sang Hang Zhuang 2 | စက်မဲ့ကုန်တွဲရေယာဉ် | VHF - CH - 16 |
| (ဂ) | Eainda 6 | တွန်းရေယာဉ် | VHF - CH - 16 |

၃။ ဖော်ပြပါရေယာဉ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် အခြေပြုပြီးလုပ်ငန်းဆောင်ရွက်နေစဉ် အတွင်း ထင်ရှားသည့်နေရာ၌ အလံအနီလွှင့်ထူပြသထားမည်ဖြစ်ပြီး ညအချိန်တွင် ပတ်လည်မီး Flashing 1 Sec (Red) ပြသထားပါမည်။

၅။ အထက်ပါရေယာဉ်များလုပ်ငန်းဆောင်ရွက်နေစဉ် နေရာရွှေ့ပြောင်း၍မရသဖြင့် ဖြတ်သန်းသွားမည့် ရေယာဉ်များသည် တိုင်းတာရေးစင်နေရာနှင့် အနည်းဆုံး ၀.၅ ရေမိုင်အကွာမှရှောင်တိမ်းသွားလာကြရန်နှင့် တည်ဆောက်ပြီးစီးပါကလည်း ၎င်းအကွာအဝေးအတိုင်းတိုင်းတာရေးစင်အား ရှောင်တိမ်းသွားလာကြရန် ရေကြောင်းသတိပေးချက် ထုတ်ပြန် အပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်




**Survey Platform**

## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊စိတ္တရမဟီအဆင့်မြင့်အိမ်ရာ စီမံကိန်း (၂၆×၂၇)လမ်းနှင့်(၇၃×၇၄)လမ်းကြားကွန်ဒို ၄၊ ၅၊ ၆ရှိ Commercial တိုက်ခန်းများကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ရောင်းချမည့်လူနေတိုက်ခန်းပေါင်း** -၆ယူနစ် (၁ယူနစ် ၃ လွှာ)
(ခ) **တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** -၂၄-၃-၂၀၁၇ရက်
(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းပြီး တင်ဒါဖွင့်လှစ်မည့်ရက်-** ၂၅-၄-၂၀၁၇ရက်
(ဃ) **တင်ဒါအဆိုပြုလွှာ ရောင်းချမည့်နေရာ** -ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၄၀၊ နေပြည်တော်

၂။ တိုက်ခန်း (၁) ခန်း၏ ကြမ်းခင်းဈေးနှုန်းမှာ (၁)စတုရန်းပေလျှင် ငွေကျပ် ၉၆၀၀၀ ( ကျပ်ကိုးသောင်းခြောက်ထောင်)နှုန်းဖြစ်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်အသေးစိတ် အချက်အလက်များကို ဖုန်း-၀၆၇-၄၀၇၅၂၇သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ်(၂၈၁)၊ မြေကွက်တည်နေရာအမှတ်(၂၈၁)၊ ဦးဘချိုလမ်း၊ ၃၅ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးအေးမောင်)A/RGN ၀၀၅၈၂၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအေးမောင်(ဖခင်)နှင့်ဒေါ်မြကြင်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁) ဒေါ်ခင်မြင့်ကြည် ၁၂/မရက(နိုင်)၀၆၉၄၄၈၊ (၂) ဒေါ်သီဂီအေး ၁၂/မရက(နိုင်)၀၅၉၀၉၈၊ (၃) ဒေါ်ကြူနီအေး၁၂/မရက(နိုင်)၀၆၉၄၄၆၊ (၄) ဦးထွန်းကို ၁၂/မရက(နိုင်)၀၆၉၄၁၉၊ (၅) ဒေါ်ကြူကြူအေး ၁၂/မရက(နိုင်)၀၈၄၆၄၂၊ (၆) ဦးကြည်ရွှင် ၁၂/ဒဂမ(နိုင်)၀၀၅၁၁၄၊ (၇) ဒေါ်ရည်ရည်လွင် ၁၂/ဒဂမ(နိုင်)၀၀၉၈၂၁တို့မှ ဖခင်ဖြစ်သူသည် ရဟန်းဝတ်(ဒုလ္လဘ)ဖြင့် ရတနာပုံကျောင်း၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းတွင် ၁၉-၄- ၂၀၀၅ရက်၌ ပျံလွန်တော်မူခဲ့ကြောင်း မိခင်ဖြစ်သူသည် ၆-၁-၂၀၀၁ရက်တွင် ကွယ်လွန်ခဲ့ ကြောင်း ၎င်းတို့သည် သားသမီးများဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင်ဒေါ်မြကြင်(ခ)ဒေါ်မြကြည်၏ သေစာရင်းမိတ္တူမှန်+ဖခင်ဦးအေးမောင်(ခ)ဦးကူန္ဒာစက္က၏ သေစာရင်းမိတ္တူမှန်၊ သန်းခေါင်စာရင်းတင်ပြ၍ ပိုင်ဆိုင်စွန့်လွှတ်မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ ပျဉ်ကာသွပ်မိုးတစ်ထပ်အိမ်တွင် ဦးထွန်းကို မိသားစုနေထိုင်ပြီး ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်းတွင် သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ ဖခင်အမည် ဦးအေးမောင်(ခ)ဦးကူန္ဒာစက္ကတစ်ဦးတည်းဖြစ်ကြောင်းနှင့် မိခင်အမည် ဒေါ်မြကြည်(ခ)ဒေါ်မြကြင်တစ်ဦးတည်းဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏စာအမှတ် ၁၄၉/၂၀၁၇ (၂၃-၁-၂၀၁၇)ဖြင့် ၎င်းစာအမှတ် ၁၅၈/၂၀၁၇ (၂၃-၁-၂၀၁၇)ဖြင့် ၎င်းတင်ပြ၍ ပိုင်ဆိုင်+စွန့်လွှတ်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

မော်တော်ဆိုင်ကယ်အမှတ် ၅၁ဃ/၆၁၈၄၇ Nulang 125 ယာဉ်လက်ဝယ်ရှိသူ Lwin Moe Aung Trading Co.,Ltd.က (ကမ-၃) ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5C/7354 Toyota Hilux KZN 130 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၈/မဘန(နိုင်)၀၃၀၁၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

ကျောက်စိမ်း အသားကျောက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ စာ-၅

စိန်တုံး ၁၀၀၀ ဝှက်ယူလာသူတစ်ဦးကို အကောက်ခွန်အရာရှိများက ဖမ်းဆီး စာ-၁၀

ကန့်ဘလူဘူတာနှင့် ကျွန်းလှဘူတာအကြား ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုဖြစ် စာ-၁၂

# ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်စုံစမ်းမေးမြန်း

**နေပြည်တော် မတ် ၂၂**

ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်မှ ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်၊ ဒေါက်တာ အောင်ထွန်းသက်၊ ဒေါက်တာ ဒေါ်သက်သက်ဇင်၊ ဦးညွန့်ဆွေ၊ ဒေါ်ကျိန်ဝိုက်မန်တို့ပါဝင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာဖြစ်စဉ်များနောက်ပိုင်း မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ကျေးရွာသူ၊ ကျေးရွာသားများအား စုံစမ်းမေးမြန်းပြီး ပြဿနာများကို ညှိနှိုင်းတိုင်ပင်၍ မှန်ကန်စွာ ဖြေရှင်းနိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မတ် ၁၈ ရက်မှ ၂၂ ရက်အထိ သွားရောက်၍ ကော့ခ်ဘဇားခရိုင်အတွင်းရှိ ဒုက္ခသည်စခန်းသုံးခု၌ မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ကော်မရှင်အဖွဲ့ဝင်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စုံစမ်းစစ်ဆေးနေစဉ်မှာပင်

*စာမျက်နှာ ၅ ကော်လံ ၄* ❍



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ အရေးပိုင်နှင့် တွေ့ဆုံဆွေးနွေးနေစဉ်

# နိုင်ငံတကာနည်းပညာရယူကာ သံရည်ကျိုလုပ်ငန်းများ အဆင့်မြှင့်တင်မည်



**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံ၌ သမားရိုးကျထုတ်လုပ်နေသော သံရည်ကျိုလုပ်ငန်းများကို နိုင်ငံတကာနည်းပညာအကူအညီရယူကာ အရည်အသွေးမြင့်မားသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောကြားသည်။

"အခု ကျွန်မတို့မြန်မာနိုင်ငံမှာရှိနေတဲ့ သံရည်ကျိုလုပ်ငန်းတွေက သမားရိုးကျရှေးရိုးနည်းတွေအတိုင်း ထုတ်ကုန်တွေကို ထုတ်လုပ်နေကြတာ များပါတယ်။ သူတို့မှာ လုပ်ပုံကိုင်ပုံနည်းစနစ်တွေ၊ ကျွမ်းကျင်မှုတွေ၊ အရင်းအနှီးတွေ၊ နည်းပညာတွေ အများကြီးလိုအပ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ စက်မှုလုပ်ငန်းတွေနဲ့ သံရည်ကျိုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးနိုင်ဖို့

*စာမျက်နှာ ၅ ကော်လံ ၁* ✪

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၄ ရက် သတင်းစာတွင် ပါရှိမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၄ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (မြန်မာ့အလင်း)

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ဇောင်းတူမြို့၊ ဘော်လခဲမြို့နှင့် သိမ်ဇရပ်မြို့တို့၌ ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့၌ ၀ ဒသမ ၀၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် သာယာမည်။ (မိုး/ဇလ)

edexcel Approved Center 95873



PEARSON

EMPS INTERNATIONAL SCHOOL
Simple way to Brighter Future

နိုင်ငံတကာအတန်း နှင့် မြန်မာကျောင်းအတန်း တစ်ပြိုင်နက် ရနိုင်မည့် အခွင့်အလမ်း

- Pre-School (2 ½ to 5 Yr )
- edexcel (Primary 1 - 6)
- KG မှ အလယ်တန်းအထိ
- Special Needs Classes
- Weekend Classes

EMPS Inya Myaing : No.10, Inya Myaing Road, Golden Valley (1) Qtr, Bahan Township, Yangon. Tel : 01 510 991, 01 527 535, 09 444 64 666 1 ~ 5
EMPS Padonmar : No.15/D, Padonmar Street, (Near Russia Embassy), Dagon Township, Yangon. Tel : 09 254 200 234, 01 252 148
EMPS Yadanar : Bld - 5, Room - 11, Malikha Housing, Yadanar Road, Thingangyun Township, Yangon. Tel : 09 26 213 0007, 09 26 213 0008




ပထမအကြိမ် တရုတ်-မြန်မာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အမှာစကားပြောကြားစဉ်

**အချပ်ပို (က)မှ**

ဖြေ ။ ။ ဒေသတွင်း အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ အားလုံးနဲ့ပူးပေါင်းပြီး ဝန်ကြီးဌာနအနေနဲ့ မြန်မာ့ခရီးသွားလုပ်ငန်းကို အဆင့်မြှင့်တင်နေတာ ဖြစ်ပါတယ်။ CLMV လေးနိုင်ငံအတွက် Four Countries- One Destination ကွန်ဖရင့်ကို မြန်မာနိုင်ငံနဲ့ ဒေသတွင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်အနေနဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ခရီးသွား လုပ်ငန်း ချိတ်ဆက်ဆောင်ရွက်တာကို ၂၀၁၆ ဇူလိုင် ၃၀ ရက်ကနေ ဩဂုတ် ၁ ရက်အထိ ရန်ကုန်မြို့ HAGL Complex မှာရှိတဲ့ Melia ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

**ဈေးကွက်မြှင့်တင်**

အဲဒီ ကွန်ဖရင့်မှာ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ တိုင်ပင်ညှိနှိုင်းခဲ့ကြပါတယ်။ ကွန်ဖရင့်ကနေ ဒေသတွင်း နိုင်ငံတွေအကြား ခရီးသွားလုပ်ငန်းဆိုင်ရာအမြင်တွေ ဖလှယ်ရရှိခဲ့သလို၊ ခရီးသွားလုပ်ငန်းတွေ ပိုပြီးဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဈေးကွက်မြှင့်တင်ခြင်းနဲ့ ခရီးသွားလုပ်ငန်းအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်တဲ့ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒေသတွင်း ဘဏ်လုပ်ငန်းတွေ ချိတ်ဆက်ဆောင်ရွက်ဖို့အတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။

မြန်မာ-ထိုင်းခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကိုလည်း ၂၀၁၇ ဇန်နဝါရီ ၁၁ ရက်မှာ နေပြည်တော် Kempinski ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ မြန်မာနဲ့ထိုင်း ပုဂ္ဂလိကရော၊ အစိုးရကဏ္ဍခရီးသွားလုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်တွေက ပိုမိုပူးပေါင်းနိုင်ဖို့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ အခမ်းအနားကနေ မြန်မာ-ထိုင်း နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ခရီးသွားလုပ်ငန်းဝန်ကြီးတွေက လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

စာချွန်လွှာမှာ ကောင်းမွန်တဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုတွေ၊ စည်းမျဉ်း စည်းကမ်းဆိုင်ရာ တရားဝင်မှုဘောင်တွေ၊ မဟာဗျူဟာကျတဲ့ စီမံကိန်းချမှတ်တာတွေ ပါဝင်ပါတယ်။ အဲဒီကနေ အချက်အလက်တွေဖလှယ်ကြဖို့၊ ပူးတွဲခရီးသွားလုပ်ငန်း မြှင့်တင်ဖို့နဲ့ ဈေးကွက်ရှာဖွေဖို့၊ ခရီးစဉ်တွေရေးဆွဲဖို့ စတာတွေ ပါဝင်ပါတယ်။ ခရီးသွား ထုတ်ကုန်တွေ အမျိုးအစားစုံလင်ဖို့နဲ့ ဖွံ့ဖြိုးရေးတွေမှာ နည်းပညာအကြံဉာဏ်တွေရယူဖို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးမှာ တစ်ဖက်နဲ့တစ်ဖက် အကူအညီတွေပေးအပ်ဖို့၊ ခရီးသွားလုပ်ငန်း အချက်အလက်ဗဟိုဌာနတွေ ထူထောင်တဲ့အခါ အကူအညီတွေပေးဖို့၊ သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းတွေအပါအဝင် မိတ်ဖက်အဖွဲ့အစည်းတွေအကြား ပူးပေါင်းဆောင်ရွက်တဲ့ ကိစ္စတွေမှာ တွန်းအားပေးကြဖို့ စတာတွေကို ထည့်သွင်းထားပါ တယ်။ ယခုလ နောက်ဆုံးပတ်မှာလည်း ပထမအကြိမ် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေး ကျင်းပသွားဖို့ ရှိပါတယ်။

တရုတ်နိုင်ငံနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းမှုအနေနဲ့ ပထမဆုံးအကြိမ် တရုတ်-မြန်မာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ၂၀၁၇ မတ် ၁ ရက်နဲ့ ၂ ရက်နေ့တွေမှာ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) မှာ ကျင်းပခဲ့ပါတယ်။ "ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း မြန်မာ-တရုတ် နှစ်နိုင်ငံ အကြား မဟာဗျူဟာမြောက်" ပြည့်စုံသော ပူးပေါင်းဆောင်ရွက်မှု တွန်းအားသစ်ခေါင်းစဉ်နဲ့ ကျင်းပတာဖြစ်ပြီး ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ တရုတ်အမျိုးသား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့တွေ ပူးပေါင်းစီစဉ်ခဲ့တာဖြစ်ပါတယ်။

နှစ်နိုင်ငံဖြတ်ကျော်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲနဲ့ လင်ချန်း-မဲခေါင်မြစ် တစ်လျှောက် မြို့တွေရဲ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။ တရုတ်နိုင်ငံဘက်က ခရီးသွားလုပ်ငန်းရှင်တွေနဲ့ မြန်မာခရီးသွားလုပ်ငန်းရှင်တွေ တွေ့ဆုံခဲ့ကြပြီး မြန်မာ-တရုတ် ခရီးစဉ်တွေ အပြန်အလှန်ဝယ်ယူရောင်းချနိုင်ဖို့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။

**ချယ်ရီပင်ပေါင်း ၁၀၀၀**

ဂျပန်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်တာတွေအနေနဲ့ ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ချယ်ရီပင်စိုက်ပွဲတော်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းတို့ကနေ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဂျပန်နဲ့ မြန်မာနှစ်နိုင်ငံအကြား ပြည်သူတွေ ချစ်ကြည်

**အချပ်ပို (ဂ)သို့**

**နိုင်ငံတော်အစိုးရသစ်ရဲ့ ရက် ၁၀၀ စီမံချက်အပြီးမှာ ခြောက်လအတွင်း ဆောင်ရွက်ရမယ့် စီမံကိန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးကို ရွေးချယ်ခဲ့ပြီး ဒေသခံပြည်သူလူထုရဲ့ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးဖို့၊ အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ ရလာဖို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မှာရှိတဲ့ သဘာဝဂေဟစနစ်တွေ မပျက်စီးသေးတဲ့ ကျွန်းတွေကို ထိခိုက်မှုမရှိဘဲ ခရီးသွားလုပ်ငန်းနဲ့ အစားထိုး အလုပ်အကိုင်တွေ ဖြစ်လာအောင် စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခဲ့**




ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများဖော်ထုတ်မြှင့်တင်ရေး အတွေ့အကြုံများ ဖလှယ်ဆွေးနွေးနေစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



**အချပ်ပို(ခ)မှ**

ရင်းနှီးမှုနဲ့ အနာဂတ်လူငယ်တွေ ငြိမ်းချမ်းရေးကို ပိုပြီး အလေးထားဆောင်ရွက်ကြဖို့၊ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့နဲ့ နေပြည်တော်နဲ့ ပတ်ဝန်းကျင်ကို ကမ္ဘာ့ခရီးစဉ်ဒေသတစ်ခု အနေနဲ့ ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ခဲ့ပါတယ်။

ဂျပန်နိုင်ငံကနေ ချယ်ရီပင်ပေါင်း ၁၀၀၀ ကို နေပြည်တော် ကြာပန်းအဝိုင်းကနေ လွှတ်တော်အဆောက်အအုံတွေဆီသွားတဲ့ ဇဝနလမ်းရဲ့ လမ်းဘေးဝဲယာတွေမှာ စိုက်မှာဖြစ်ပါတယ်။ ပထမအကြိမ်အနေနဲ့ Yoko Sakura အမျိုးအစား ချယ်ရီပင် ၁၀၀ ကို စိုက်ပျိုးပြီး ၂၀၁၇ ကနေ ၂၀၁၉ ခုနှစ်အတွင်းမှာ နှစ်စဉ် နိုဝင်ဘာလတိုင်း ချယ်ရီပင် ၂၀၀ စီကို ဆက်လက်စိုက်ပျိုးပြီး ၂၀၂၀ ပြည့်နှစ်မှာ ချယ်ရီပင် ၃၀၀ ကို အပြီးသတ်စိုက်ပျိုးမှာ ဖြစ်ပါတယ်။

**မေး ။ ။ အစိုးရသက်တမ်း တစ်နှစ်တာအတွင်းမှာ ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသအသစ်တွေကိုရော တိုးချဲ့ဆောင်ရွက်နေတာရှိပါသလား။**

ဖြေ ။ ။ နိုင်ငံတော်အစိုးရသစ်ရဲ့ရက်၁၀၀ စီမံချက်အပြီးမှာ ခြောက်လအတွင်းဆောင်ရွက်ရမယ့် စီမံကိန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးကို ရွေးချယ်ခဲ့ပြီး ဒေသခံပြည်သူ လူထုရဲ့ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးဖို့၊ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေရလာဖို့၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ သဘာဝဂေဟစနစ်တွေ မပျက်စီးသေးတဲ့ ကျွန်းတွေကို ထိခိုက်မှုမရှိဘဲ ခရီးသွားလုပ်ငန်းနဲ့ အစားထိုးအလုပ်အကိုင်တွေ ဖြစ်လာအောင် စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇ ဇန်နဝါရီ ၂ ရက်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီကို ဝန်ကြီးဌာနကနေ ဦးဆောင်ပြီး အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေနဲ့ ပူးပေါင်းဖွဲ့စည်းခဲ့ပါတယ်။

## မြိတ်ကျွန်းစု

ဝန်ကြီးဌာနအနေနဲ့လည်း တနင်္သာရီဒေသဖွံ့ဖြိုးဖို့ အကြိမ်ကြိမ်သွားရောက်ပြီး ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီအနေနဲ့လည်း လုပ်ငန်းညှိနှိုင်းတာတွေ လုပ်ခဲ့ပါတယ်။ ကွင်းဆင်းလေ့လာချက်တွေအရ တနင်္သာရီတိုင်းဒေသကြီးထဲမှာ သာယာလှပတဲ့ ကျွန်းတွေအများကြီးရှိပါတယ်။ အဲဒီကျွန်းတွေကို လူတွေပိုသိလာရင် ခရီးသွားလုပ်ငန်း ပိုမိုဖြစ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် အဲဒီဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေကို အရင်ဆုံးဖြည့်တင်းဖို့လိုပါတယ်။ အထူးသဖြင့် လေယာဉ်ကွင်းတွေ၊ ဟိုတယ်တွေကို အဆင့်မြှင့်တင်ပေးဖို့ လိုအပ်တာကြောင့် ပထမဆုံး ကမ္ဘာလှည့်ခရီးသည်တွေအနေနဲ့ သက်ဆိုင်ရာဒေသတွေကနေ ကော့သောင်းကို တိုက်ရိုက်ပျံသန်းနိုင်ဖို့ ကော့သောင်းလေဆိပ်ကို နိုင်ငံတကာဝင်ပေါက်အနေနဲ့ ပြောင်းလဲနိုင်ဖို့ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။

**အချပ်ပို(ဃ)သို့**



ရပ်ရွာလူထုအခြေပြု ကျေးရွာများတွင် ဒေသခံတို့၏ နေထိုင်မှုဓလေ့စရိုက်ကို နှစ်ခြိုက်နေကြသည့် ခရီးသွားဧည့်သည်များ



ယခုနှစ်တွင် မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်မည့် မြိတ်ကျွန်းစုဒေသ



ပြည်တွင်း ပြည်ပ ခရီးသွားများတည်းခိုနိုင်သည့် အင်းလေးဒေသရှိ အင်းလေးခေါင်တိုင်ဟူပင်ဟိုတယ်ကို တွေ့ရစဉ်

**အချပ်ပို(ဂ)မှ**

ဒ့ါအပြင် မြိတ်ကျွန်းစုအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အသင့်တော်ဆုံးနေရာဖြစ်မယ့် ဒေသတွေကို ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့၊ မသွားရနယ်မြေတွေကို သတ်မှတ်သင့်တဲ့နေရာတွေမှာ သတ်မှတ်ပေးကြဖို့၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကို အကန့်အသတ်နဲ့ ဘယ်လောက်လုပ်ရမယ်ဆိုပြီး ကန့်သတ်သင့်တဲ့နေရာတွေကို ကန့်သတ်ဖို့ ပင်မနယ်မြေသတ်မှတ်ခြင်း စီမံကိန်းတစ်ခုကို ရေးဆွဲပြုစုနေပါတယ်။

တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းအောင်မြင်လာခဲ့မယ်ဆိုရင် ဆလုံရွာအပါအဝင် မဖွံ့ဖြိုးသေးတဲ့ ကျေးရွာတွေကိုလည်း CSR လုပ်ငန်းတွေ အကောင်အထည်ဖော်ကြဖို့နဲ့ လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားတွေရဲ့ လုံခြုံရေးတွေ၊ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်နေပါတယ်။

**Information Center**

**မေး ။ ။ ခရီးသွားတွေအတွက် သိရှိလိုတဲ့ ခရီးသွားခြင်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ဘယ်လိုဖော်ပြပေးနေပါသလဲ။**

ဖြေ ။ ။ ဝန်ကြီးဌာနမှာ မူလကတည်းက ခရီးသွားဧည့်သည်တွေအတွက် လိုအပ်တဲ့ အချက်အလက်တွေကို သိစေဖို့နဲ့ အဆင်ပြေပြေနဲ့ လွယ်လွယ်ကူကူသွားရောက်ဖို့ ကူညီဆောင်ရွက်ပေးတဲ့ Information Center တွေ ရှိပါတယ်။ ဒါကို တကယ်လက်တွေ့ကျကျ အသုံးပြုနိုင်ကြဖို့နဲ့ ဒေသတိုင်းမှာ ဖွင့်လှစ်နိုင်ဖို့ ဝန်ကြီးဌာနက ပြင်ဆင်နေပါတယ်။

အစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်းမှာတော့ ဖယ်ခုံကောင်တာ(လွိုင်ကော်)၊ ကန်ပက်လက်ကောင်တာ (ချင်းပြည်နယ်)၊ ဟဲဟိုးလေဆိပ်ကောင်တာ၊ မော်လမြိုင်ကောင်တာ (မွန်ပြည်နယ်)၊ စစ်တွေကောင်တာ (ရခိုင်ပြည်နယ်)နဲ့ ကလောကောင်တာတွေကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ခရီးသည်တွေအတွက် အချက်အလက်တွေ၊ လိုအပ်တဲ့မေးမြန်းမှုတွေကို ဖြေရှင်းပေးနိုင်ဖို့ စီစဉ်ထားပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူ့စွမ်းအားအရင်းမြစ်တွေနဲ့ ပတ်သက်ပြီး မြှင့်တင်ပေးနေတာရော ရှိပါသလား။**

ဖြေ ။ ။ ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာ လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးဖို့နဲ့ အလုပ်အကိုင် အခွင့်အလမ်းသစ်တွေပိုပြီး ပေးအပ်နိုင်ဖို့ ၂၀၁၆ ဧပြီကနေ ၂၀၁၇ ဖေဖော်ဝါရီအထိ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းတွေနဲ့ ဆက်စပ်သင်တန်းတွေ စုစုပေါင်း ၆၁ ကြိမ်အထိ ဖွင့်ပေးခဲ့ပြီး သင်တန်းသား ၈၂၄၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။




**ဂျပန်နိုင်ငံ Tokyo Metropolitan Assembly Federation for Japan Myanmar Friendship ၏ ပံ့ပိုးမှုနှင့် ပထမဆုံး လူ့စွမ်းအားအရင်းမြစ် အစီအစဉ် Guest Relation ကျင်းပစဉ်**




**မြန်မာ-ထိုင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်**

ဧည့်လမ်းညွှန်သင်တန်း၊ ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်း၊ ဟိုတယ်ဝန် ဆောင်မှုဆိုင်ရာ သင်တန်းတွေ၊ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာသင်တန်းတွေ၊ ထိုင်းဘာသာ စကားပြောသင်တန်းတွေနဲ့ စက်လှေယာဉ်မောင်းသင်တန်းတွေကို ပေးအပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

**လူဇင်ဘတ်၊ ဆွစ်ဇာလန်၊ နော်ဝေ၊ ဂျပန်၊ အီတလီတို့နှင့် ပူးပေါင်းဆောင်ရွက်**

လူဇင်ဘတ်နိုင်ငံ Lux Dev ရဲ့ ပံ့ပိုးမှုနဲ့ ဝန်ကြီးဌာနက ဝန်ထမ်းတွေကို အင်္ဂလိပ်စာနဲ့ အခြားစွမ်းဆောင်ရည်မြှင့်သင်တန်းတွေ၊ ဆွစ်ဇာလန်နိုင်ငံ Swiss Contact ရဲ့အစီအစဉ်နဲ့ လုပ်ငန်းခွင်ဝင်ပြီးနဲ့ ပြင်ပသင်တန်းသားတွေကို ဟိုတယ်နဲ့ ခရီးသွားလာရေးဆိုင်ရာ သင်တန်းတွေ ပေးအပ်နိုင်ခဲ့ပါတယ်။ နော်ဝေနိုင်ငံ Partnership for Change အစီအစဉ်နဲ့ ညောင်ရွှေမြို့မှာ Inle Speaks Community Skills Development Center ဖွင့်ပြီး ခရီးသွားလုပ်ငန်းနယ်ပယ်မှာ လက်တွေ့ဝင်ရောက်သူတွေနဲ့ ဒေသခံတွေအတွက် အင်္ဂလိပ်စာနဲ့ ကွန်ပျူတာသင်တန်းတွေကို ပေးအပ်နိုင်ခဲ့ပါတယ်။

ဂျပန်နိုင်ငံ Tokyo Metropolitan Assembly Federation for Japan Myanmar Friendship ရဲ့ ပံ့ပိုးမှုနဲ့ ပထမဆုံး လူ့စွမ်းအားအရင်းမြစ် အစီအစဉ် Guest Relation သင်တန်းတွေ ပို့ချပေးနိုင်ခဲ့ပါတယ်။

အီတလီနိုင်ငံ Florence University ရဲ့ပံ့ပိုးမှုနဲ့ မြန်မာနိုင်ငံအတွက် လူသားစွမ်းရည် တည်ဆောက်ခြင်း စီမံချက်အရ အဲဒီတက္ကသိုလ်ကို သွားရောက်ပြီး နာရီ ၂၄၀ ကြာ သင်ခန်းစာတွေရယူပြီး ကျန်တဲ့သင်ခန်းစာတွေကို အွန်လိုင်းကနေ တိုက်ရိုက်ပြုစုရတဲ့ Urban Analysis and Management မဟာဘွဲ့ တစ်နှစ်သင်တန်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ၂၀၁၆ ဒီဇင်ဘာမှာ မန္တလာကောလိပ်နဲ့ အမျိုးသားစီမံခန့်ခွဲမှု ကောလိပ် (ရန်ကုန်)တို့ကနေ B.A (Tourism) ဘွဲ့ရ ၂၆ ဦးကို ခေါ်ယူပြီး အကြီးတန်းစာရေးရာထူး ခန့်အပ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ တစ်နှစ်တာဖြတ်သန်းမှုအတွင်းမှာ အခြားဆောင်ရွက်ချက်တွေရော ကျန်ရှိပါသေးသလားရှင့်၊**

ဖြေ ။ ။ ဝန်ကြီးဌာနအနေနဲ့ မြန်မာ-လာအို-ကမ္ဘောဒီးယား-ဗီယက်နမ် နိုင်ငံဖြတ်ကျော် ခရီးစဉ်တွေကို ၂၀၁၈ မှာ စတင်နိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်နေတာရှိပါတယ်။ ညောင်ရွှေမြို့ ကျောက်တိုင်ကွင်းမှာလည်း ညဈေးတန်းဖွင့်လှစ်နိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေသလို အင်းလေးကန်ရေရှည်တည်တံ့စေဖို့ သောင်တူးစက်တစ်လုံးကိုလည်း လှူဒါန်းပေးခဲ့ပါတယ်။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနကနေ အမှိုက်သယ်ယာဉ် ၁၀ စီးကို ငှားရမ်းပေးနိုင်ရေး လုပ်ဆောင်ခဲ့ပါတယ်။ အမှိုက်တွေ စွန့်ပစ်ဖျက်ဆီးနိုင်ဖို့အတွက် ဆောင်ရွက်နေပြီး ဧည့်စာရင်းကိုလည်း အီးမေးလ်စနစ်နဲ့ ပေးပို့ခွင့်ရအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဇက်စပ်စနစ်နဲ့ ဆောင်ရွက်နေတဲ့ ဟိုတယ်တွေကိုလည်း အဆင့်မြင့်မားဖို့နဲ့ လုပ်ငန်းပိုမိုအောင်မြင်ဖို့အတွက် နည်းလမ်းရှာ ဆောင်ရွက်ညှိနှိုင်းနေတာတွေ ရှိပါတယ်။

အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်ရှင့်။




**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် CLMVT Forum တက်ရောက်စဉ်**



ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်
မန်းဂျော်နီ

# ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တစ်နှစ်တာ

ညီညီဆွေ





မြန်မာနိုင်ငံ၏စပါးကျီဟု တင်စားခေါ်ဝေါ်သည့် ဧရာဝတီတိုင်း ဒေသကြီးသည် ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသော်လည်း ယခုအခါ ပြန်လည်နာလန်ထူလာခဲ့ပြီဖြစ်သည်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး လုပ်ငန်းအပြင် စက်မှုလုပ်ငန်းများ ထူထောင်ကာ တိုင်းဒေသကြီးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အတွက်ပါ တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီပံ့ပိုးဆောင်ရွက်နေသော တိုင်းဒေသကြီးတစ်ခု ဖြစ်သည်။


မော်တင်စွန်းဘုရားဖူးများ၊ ငွေဆောင်၊ ချောင်းသာတို့တွင် အပန်းဖြေအနားယူသူများ၊ ပြည်တွင်း ပြည်ပမှ ခရီးသွားများ ဖြင့် စည်ကားနေသော တိုင်းဒေသကြီးလည်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် ယာယီစာရင်းအရ လူတစ်ဦးချင်း ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုခန့်မှန်းတန်ဖိုး ၁၄သိန်းခွဲခန့်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ် မှုနှင့် ဝန်ဆောင်မှုခန့်မှန်းတန်ဖိုးကို ကျပ် ၁၅၇၀၀၀၀ ကျော် ခန့်မှန်းထားကြောင်း သိရသည်။

## ရင်းနှီးမြှုပ်နှံမှု

စီးပွားရေးကဏ္ဍ၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၂၁ ခု၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၁၉၀၀၀၀ ခန့်နှင့် နိုင်ငံခြားသားရင်းနှီး မြှုပ်နှံမှု ၂၀၊ တန်ဖိုးငွေ အမေရိကန်ဒေါ်လာကျပ်သန်းပေါင်း ၃၇၀ ခန့်ရှိသည်။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အထည်ချုပ် လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ကြသည်။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စက်နှင့်ဆားစက်များကို ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးပြီး နည်းပညာများပံ့ပိုးပေးခဲ့သည်။ SME လုပ်ငန်း ၇၀၀ ကို ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန် SME member Card ထုတ်ပေးပြီး SME လုပ်ငန်းရှင် ၇၀ တို့အား CGI စနစ်ဖြင့် ချေးငွေထုတ်နိုင်ရန် CB Bank နှင့် ချိတ်ဆက်ပေးခဲ့သည်။ SME လုပ်ငန်းရှင်များ Capacity Building များဖွံ့ဖြိုးတိုးတက်စေရေးအတွက် Training and Work-shop များဆောင်ရွက်ပေးကာ ပုဂ္ဂလိက စက်မှုလုပ်ငန်းပေါင်း ၃၆၀ ခန့်ကို မှတ်ပုံတင်ပေးခဲ့သည်။ စက်ရုံ၊ အလုပ်ရုံများ ဘွိုင်လာအန္တရာယ်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းပေါင်း ၂၃၀၀ ခန့်ကို စစ်ဆေးဆောင်ရွက်ခဲ့သည်ဟုစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။





> ❝ ဧရာဝတီတိုင်း ဒေသကြီး၌ မိုးစပါးဧက ၃၇ သိန်းကျော်နှင့် နွေစပါး ဧက ၁၃ သိန်းကျော် စုစုပေါင်း စိုက်ဧက သိန်း ၅၀ ကျော် စိုက်ပျိုးသည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၈ ဒသမ ၂၀ ရာခိုင်နှုန်းရှိသည်။ ❞

## စက်မှုဇုန် သုံးခု

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက “ပုသိမ်၊ မအူပင်၊ ညောင်တုန်းစက်မှုဇုန်တွေ ဖော်ထုတ်နေပါတယ်။ အခု ဆိုရင် ပုသိမ်မှာ စက်မှုဇုန်ရှိနေပါပြီ။ ညောင်တုန်းနဲ့ မအူပင်မှာ စတင်ဖော်ထုတ်နေပါပြီ။ ဒီနေရာတွေ အများကြီး တိုးတက်လာရင် ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ တိုင်းဒေသကြီးအတွင်းက ပြည်သူများ ပြန်လာမှာ မုချမလွဲပါပဲ။ ဒီလူတွေကို ကျွန်တော်တို့က ကြိုဆိုနေမယ်ဆိုတာကို ပြောနိုင်ပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီး ကမ်းရိုးတန်း တောက်လျှောက်မှာ ဆိပ်ကမ်းတစ်ခုကိုလည်း ဖော်ထုတ်ဖို့ ကြိုးစားနေပါတယ်”ဟု ပြောသည်။

စပါးကျီဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၌ မိုးစပါးဧက ၃၇ သိန်းကျော်နှင့် နွေစပါး ဧက ၁၃သိန်းကျော် စုစုပေါင်း စိုက်ဧက သိန်း ၅၀ကျော် စိုက်ပျိုးသည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၈ ဒသမ ၂၀ ရာခိုင်နှုန်းရှိသည်။

## တောင်သူဖလှယ်စနစ်

သီးနှံအထွက်တိုးရန်အတွက်လည်း သုတေသနနှင့် မျိုးသန့်ခြံများမှ မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed-RS) များကို ရယူပြီး မြို့နယ် ၂၆ မြို့နယ်တွင် မျိုးစေ့ထုတ် အကျိုးဆောင် တောင်သူများနှင့်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed- CS) အဆင့်ရောက်အောင် ပွားများထုတ်လုပ်ပြီး တောင်သူစိုက်ခင်းများသို့ ဌာနအစီအစဉ်နှင့် တောင်သူဖလှယ်စနစ်ဖြင့် စုစုပေါင်း တင်း ၁၆၁၀၀၀၀ ကျော်ကို ဖြန့်ဖြူးစိုက်ပျိုးနိုင်ခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းပြီး ဘက်စုံစံပြကျေးရွာစီမံကိန်းကို ပုသိမ်နှင့်ကန်ကြီးထောင့်မြို့နယ်များရှိ ကျေးရွာ ၁၀ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အချပ်ပို (စ) သို့



ရောဝတီတိုင်းဒေသကြီးရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ အလုပ်သမများ အထည်ချုပ်နေမှုကို တွေ့ရစဉ်

**ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ၊ ဖျာပုံနှင့် မြတ်မော်တင်စွန်းဒေသများတွင် နိုင်ငံခြားဧည့်သည်များ တည်းခိုနိုင်သည့် အဆင့်မြင့် ဟိုတယ်နှစ်လုံး၊ တည်းခိုရိပ်သာ လေးလုံး၊ အခန်းပေါင်း ၁၇၈ ခန်းအား လုပ်ငန်းလိုင်စင် ချထားခွင့်ပြုဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ လေးသိန်းခွဲကျော်ရှိသည့်အတွက် ယခင်နှစ်ထက် ၆၉ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်လျက်ရှိပြီး ဝင်ငွေရရှိမှုမှာ ပြည်တွင်းကျပ်သန်း ၁၃၁၀၀ ကျော်နှင့် ပြည်ပဒေါ်လာ ၁၆၆၀၀၀၀ ကျော် ရရှိခဲ့**

အချပ်ပို(င)မှ

### စိုက်ပျိုးရေးမှာ အောင်မြင်ဖို့

“ကျွန်တော်တို့တိုင်းဟာ စိုက်ပျိုးရေး တိုင်းဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာ အောင်မြင်ဖို့အတွက် အဓိကက မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေး၊ ဓာတ်မြေသြဇာစံချိန်မီများကို ထုတ်ပေးနိုင်ရေး၊ ဒီလိုထုတ်ပေးနိုင်ဖို့အတွက်ဆိုရင် စိုက်/ဘဏ်ချေးငွေကို ပေးရမှာဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့အခါမှာ အချိန်မီထုတ်ပေးနိုင်ရေးအတွက် ကြိုးစားခဲ့ကြရပါတယ်။ တစ်နှစ်တာအတွင်းမှာ ကျပ်သန်းပေါင်း ၄၈၀၀၀၀ ကျော် ထုတ်ပေးနေတဲ့အတွက် အရင်ကထက် ကျပ်သန်းပေါင်း ၁၆၀၀၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ပါတယ်”ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

“လယ်သမားတွေ အာမခံရရှိဖို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) ထုတ်ပေးဖို့ကလည်း အရေးကြီးပြန်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇) ထုတ်ပေးနိုင်မှုအနေနဲ့ တစ်နှစ်တာအတွင်းမှာ လယ်ယာမြေဧရိယာကေပေါင်း ၄၁ သိန်းကျော် ထုတ်ပေးနိုင်ခဲ့ပါတယ်။

“ပုသိမ် - ကြံခင်းရထားလမ်း၊ ဟသ်ာတ - ဇလွန် ရထားလမ်းဖောက်စဉ်က မြေတွေကို သိမ်းခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့အတွက် ဖြစ်ပါတယ်။ နောက် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာ ကားလမ်းဖောက်စဉ်ကလည်း မြေတွေကို သိမ်းခဲ့ရပါတယ်။ ဒီလမ်းဖောက်စဉ်ပါသွားတဲ့ အိမ်မြေတွေအတွက် လျော်ကြေးနစ်နာငွေကျပ်သန်းပေါင်း ၂၂၀၀ ကျော် ပေးအပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တစ်ချိန်က စီမံကိန်းအတွက် သိမ်းထားတာတို့၊ လမ်းတံတားဆောက်လုပ်ရေးအတွက် သိမ်းထားတာတို့ မြေတွေရှိခဲ့တဲ့အထဲက စွန့်လွှတ်မြေကေပေါင်း ၆၇၆၀ ကိုလည်း တောင်သူတွေကို ပြန်လည်ပေးအပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

### နွေစပါးနှင့် ဆောင်းသီးနှံ

“မြန်အောင်- ဟသ်ာတ- ဇလွန် -အင်္ဂပူ-ဓနုဖြူ-ညောင်တုန်း-မအူပင်မြို့ကြီးတွေဟာ အမြဲတမ်းနှစ်စဉ်လိုပဲ တစ်မြို့မဟုတ် တစ်မြို့ကတော့ ကမ်းပြိုနေတာကို တွေ့ရပါတယ်။ အဲ့တာတွေကိုလည်း မြစ်ကမ်းထိန်းတာကြီးတွေကို ပြီးစီးအောင် လုပ်ပေးနိုင်ခဲ့တဲ့အတွက် လယ်ကေပေါင်း သုံးသိန်းကျော်ကို ရေဘေးကနေ ကာကွယ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တိမ်ကောနေတဲ့ ချောင်းကော၊ မြောင်းကော ၂၆၂ ခုကို ပြုပြင်တူးဖော်ပေးနိုင်ခဲ့ပြီး တာတမံ ၂၄ ခုကိုလည်း မွမ်းမံပြီး အဆင့်မြင့်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဝါးခယ်မမြို့နယ် ရွှေလောင်းကျိုးပတ်တာအတွင်းမှာ ရေနုတ်မြောင်း ၁၈ မြောင်းကို လုပ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နွေစပါးနဲ့ဆောင်းသီးနှံကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။

“ကြံခင်း-မြန်အောင် နွေစပါးစိုက်ပျိုးခင်းတွေအတွက် ကျွန်းချောင်းဆည်ကိုလည်း ဆည်ရေသောက်စနစ်အတွက် လိုအပ်တာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းဟာ မိုးတွင်းမှာ ရေကြောင့်ဒုက္ခရောက်သလို နွေရာသီမှာလည်း ရေတွေခန်းခြောက်ပြီး သောက်သုံးရေကို ပို့ပေးနေရတာရှိပါတယ်။ ဂျပန်နိုင်ငံ JICA နဲ့ ပူးပေါင်းပြီး မြန်မာကျပ်ငွေ ၂ ဒသမ ၅ ဘီလီယံကျော် အကုန်အကျခံပြီး ရေပေးဝေဖို့ အခုမတ်လမှာ ဖျာပုံမြို့ပေါ် ရပ်ကွက်တွေကို ရေဂါလန်ခြောက်သိန်းကျော် စတင်ဖြန့်ဝေပေးနိုင်တော့မှာ ဖြစ်ပါတယ်”ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

### ဆိုလာပါဝါစနစ်ဖြင့် မီးလင်း

တစ်နှစ်တာအတွင်း မဟာဓာတ်အားလိုင်းမရရှိသေးသည့် ကျေးရွာ ၄၆၅ ရွာကို ဆိုလာမီးရရှိအောင် ဆောင်ရွက်

အချပ်ပို(ဆ)သို့



ရောဝတီတိုင်းဒေသကြီးရှိ ငွေဆောင်ယုဇနဟိုတယ်အဆောက်အအုံအား တွေ့ရစဉ်

အချပ်ပို(၈)မှ

ပေးနိုင်ခဲ့ပြီး ဆိုလာပါဝါစနစ်ဖြင့် မီးလင်းရေးအတွက် ကျေးရွာတစ်ရွာ အိမ်ခြေ ၁၅၀ ကျော်အတွက် ဆောင်ရွက်နိုင်ခဲ့သည်။

တစ်အိမ်ထောင်သုံး ဆိုလာစနစ်မီးလင်းရေးနှင့် ကျေးရွာ ၄၆၀ ကျော်၊ စာသင်ကျောင်း ၃၄၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဆေးပေးခန်း ၇၈ ခန်း၊ ဘာသာရေးကျောင်း ၄၀၁ ကျောင်း၊ ကျေးရွာတွင်းလမ်းမီးတိုင် ၂၃၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဓာတ်အားလိုင်းတိုးချဲ့တည်ဆောက်မှုနှင့်ပတ်သက်ပြီး ၆၆ ကေဗွီဓာတ်အားလိုင်း ၁၇ မိုင်၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၆ မိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်း မိုင် ၇၀ ကျော်၊ ၀ ဒသမ ၄ ကေဗွီဓာတ်အားလိုင်း မိုင် ၂၀ကျော်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဓာတ်အားခွဲရုံကြီးများကိုလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ (၆၆/၃၃/၁၁ ) ကေဗွီ ၂၀ အမ်ဗွီအေ တိုးချဲ့ပေးနိုင်ခဲ့သည်။

ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခရိုင်၌ မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၇၄ ခုအား တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခင်ဆက်သွယ်ရေးလွှမ်းခြုံပေးမှုမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၆၅ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လွှမ်းခြုံနိုင်ခဲ့ပြီး ဝေးလံသောဒေသများဖြစ်သည့် ပြင်စလူ၊ ငရုတ်ကောင်းဒေသ ဂေါရန်ဂျီကျွန်း၊ ရွှေသောင်ယံ ဘောမိဒေသများတွင်လည်း ဆက်သွယ်နိုင်ပြီဖြစ်သည်။

အထက်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ မူလတန်းကျောင်း၊ မူလတန်းကျောင်း(ခွဲ) စုစုပေါင်း ၃၆၁ ကျောင်း၊ တက္ကသိုလ်ဝင်စာစစ်ဌာန ၂၆ ခုကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမ ၃၃၀၀ ခန့်နှင့် နေ့စားလပေးပညာရေးရုံးဝန်ထမ်း ၄၄၀ ကျော်ကို ဖြည့်ဆည်းခန့်ထားပေးနိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ဆုအဖြစ် အထက်တန်း၊ အလယ်တန်း စုစုပေါင်း ၁၄၅ ဦးကို လည်းကောင်း၊ ပညာသင်ထောက်ပံ့ကြေးအဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်း ၁၉၀၀ ခန့်ကို ချီးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဗလာစာအုပ် ၃၀၅၀၀၀ ဒါဇင်ခန့်၊ မူလတန်းအဆင့်ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၁၉၀၀၀၀ ခန့် ထောက်ပံ့နိုင်ခဲ့ကာ ပုသိမ်ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမ ၂၃၀၀ခန့် မွေးထုတ်ပေးနိုင်ခဲ့သည်။

အချပ်ပို(၉)သို့



ဧရာဝတီတိုင်းဒေသကြီး၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းအား တွေ့ရစဉ်

**ကျွန်တော်တို့တိုင်းဟာ စိုက်ပျိုးရေး တိုင်းဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာ အောင်မြင်ဖို့အတွက် အဓိကက မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေး၊ ဓာတ်မြေဩဇာစံချိန်မီများကို ထုတ်ပေးနိုင်ရေး၊ ဒီလိုထုတ်ပေးနိုင်ဖို့အတွက်ဆိုရင် စိုက်/ ဘဏ်ချေးငွေကို ပေးရမှာဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့အခါမှာ အချိန်မီထုတ်ပေးနိုင်ရေးအတွက် ကြိုးစားခဲ့ကြရပါတယ်။ တစ်နှစ်တာအတွင်းမှာ ကျပ်သန်းပေါင်း ၄၈၀၀၀၀ ကျော် ထုတ်ပေးနေတဲ့အတွက် အရင်ကထက် ကျပ်သန်းပေါင်း ၁၆၀၀၀၀ ကျော် ထုတ်ပေးနိုင်ခဲ့**



ဧရာဝတီတိုင်းဒေသကြီး၌ ချောင်းကော၊ မြောင်းကောများ ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်



ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရေစုကန်၊ ရေစစ်ကန်များ တည်ဆောက်ထားမှုကို တွေ့ရစဉ်

အချပ်ပို(ဆ)မှ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး သုံးရုံး၊ တိုက်နယ်ဆေးရုံလေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၁ ခု၊ ဆရာဝန်၊ သူနာပြုစုစုပေါင်း ၆၀၆ ဦး ခန့်ထားနိုင်ခဲ့ပြီး အထူးကုဆရာဝန်ကြီးများဦးဆောင်ကာ ကွင်းဆင်းဆေးကုသမှု အကြိမ် ၃၀ ဖြင့် လူနာပေါင်း ၂၅၀၀၀ ခန့်ကို ကုသပေးနိုင်ခဲ့သည်။ ပြည်သူများအား ဆေးဝါးဝယ်ယူအသုံးချရေးအတွက် ကျပ်သန်း ၁၇၈၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဆေးရုံများအတွက် ကျပ်သန်း ၄၄၀၀ခန့် ထောက်ပံ့ပေးနိုင်ခဲ့သည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်**

အင်း ၁၇၇၇ အင်းအနက်မှ အင်း ၂၀၉ အင်းကို ရေလုပ်သားအစုအဖွဲ့ ၂၀၄ ဖွဲ့သို့ ကြမ်းခင်းဈေးဖြင့် လုပ်ကိုင်ခွင့်များချထားပေးကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ငါးမွေးမြူရေးလုပ်ငန်းတွင် ရေချိုငါးပိသာ ထောင်ပေါင်း ၆၁၀၀၀၀ ကျော်နှင့် ရေငန်ငါးပိသာထောင်ပေါင်း ၃၂၈၀၀၀ ခန့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ရေချိုငါးလုပ်ငန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ရေငန်ငါးလုပ်ငန်းမှာ ၀ ဒသမ ၆၆ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

မြို့နယ်လေးမြို့နယ်တွင် မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ တည်ထောင်မှုအနေဖြင့် ရန်ပုံငွေကျပ်သန်း ၁၂၀ အသုံးပြုပြီး ကျေးရွာလေးရွာတွင် ဝက် ၈၇၅ ကောင်၊ ဘဲ ၁၄၀၀ ခန့်၊ ကြက် ၈၀၇ ကောင်တို့ကို တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**တိုးတက်ပေါက်ဖွား**

နွားမေထုန်မဲ့သားစပ်လုပ်ငန်းတွင်လည်း မျိုးမြင့်သားစပ်ကောင်ရေ ၅၀၀ တိုးချဲ့သားစပ်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ကောင်ရေ ၁၅၀ တိုးတက်ပေါက်ဖွားနိုင်ခဲ့သည်။ ရေဘေးသင့်မြို့နယ် ၁၆ မြို့နယ်သို့ စပ်စာတောင့်အိတ် ၁၀၀၀ ကျော်၊ မြက် ၁၄ တန်၊ တန်ဖိုးကျပ်သန်း ၂၀ ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ ကျွဲ၊ နွားခွာနာလျှာနာရောဂါဖြစ်ပွားသော ကျေးရွာ ၁၀ ရွာမှ နွားကောင်ရေ ၄၀၀၀ အား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပြည်တွင်းပြည်ပခရီးသွား လေးသိန်းခွဲ**

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ၊ ဖျာပုံနှင့်မြတ်မော်တင်စွန်းဒေသများတွင် နိုင်ငံခြားဧည့်သည်များ တည်းခိုနိုင်သည့် အဆင့်မြင့်ဟိုတယ်နှစ်လုံး၊ တည်းခိုရိပ်သာ လေးလုံး၊ အခန်းပေါင်း ၁၇၈ ခန်းအား လုပ်ငန်းလိုင်စင် ချထားခွင့်ပြုဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ လေးသိန်းခွဲကျော်ရှိသည့်အတွက် ယခင်နှစ်ထက် ၆၉ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်လျက်ရှိပြီး ဝင်ငွေရရှိမှုမှာ ပြည်တွင်းကျပ်သန်း ၁၃၁၀၀ ကျော်နှင့် ပြည်ပ ဒေါ်လာ ၁၆၆၀၀၀၀ ကျော် ရရှိခဲ့သည်။

သဘာဝဘေးနှင့်ပတ်သက်ပြီး အိမ်ခြေ ၂၉၀၀၀ ကျော်အတွက် အိမ်ဆောက်ပစ္စည်းနှင့်ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေသိန်း ၃၀၀၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်းမြို့နယ် ၁၇ မြို့နယ်၌ ဆိုင်ကလုန်းရှယ်လ်တာ ၅၅ ခုကို တည်ဆောက်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်သည့် ပြည်သူများအား ထောက်ပံ့ရန် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးကို တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင် အိမ်ထောင်စု ၅၀၀၀ စာ၊ ဟင်္သာတ၊ မြောင်းမြ၊ ဖျာပုံ၊ လပွတ္တာ ခရိုင်ရုံးများတွင် အိမ်ထောင်စု ၅၀၀၀ စာ စီစဉ်ထားရှိပြီး ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးများအတွက် ရန်ပုံငွေများကိုလည်း စီစဉ်ထားရှိကြောင်း သိရသည်။

**တွင်တွင်ကျယ်ကျယ်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ တိုးပွားစေရန်အတွက် သင်တန်း၊ ဟောပြောပွဲ၊ သရုပ်ပြလေ့ကျင့်မှုများကိုလည်း တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိပြီး ကြိုတင်သတိပေးစနစ် ပိုမိုကောင်းမွန်စေရန်အတွက် စက်ကိရိယာများကိုလည်း တိုးချဲ့တပ်ဆင်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ကျေးလက်လမ်းတံတားတွေကောင်းဖို့ သိပ်အရေးကြီးပါတယ်။ ကျွန်တော်တို့မြို့ပေါ်မှာချည်းပဲ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးရှိတာမဟုတ်ပါဘူး။ ကျေးလက်တွေမှာလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်နေတဲ့လူတွေအတွက် လမ်းတံတားကောင်းဖို့ သိပ်အရေးကြီးပါတယ်။ ဒီလမ်းတံတားတွေမှာ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ ကွန်ကရစ်တံတား၊ သံကူကွန်ကရစ်တံတား၊ သစ်သားတံတား၊ ဘေလီတံတားတွေကိုလည်း ဆောက်ပေးနေပါတယ်။ လမ်းဦးစီးဌာန လမ်းတံတားအတွက် ငွေကျပ်သန်းပေါင်း ၆၀ ဘီလီယံကျော် သုံးစွဲနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေးကိုလည်း အထူးကြိုးစားပြီးဆောင်ရွက်နေတာကို ပြည်သူတွေကို ပြောကြားလိုပါတယ်။

"ပြည်သူတွေကို ပစ်မထားဘဲ အကောင်းဆုံးကြိုးစားပြီး ပြည်သူတွေကို အလုပ်အကျွေးပြုသွားမယ်ဆိုတာကို ပြောရဲပါတယ်"ဟု ပြောကြားခဲ့ပါကြောင်း။ ။




မြန်မာဆယ်မာအူး(လ်) အွန်ဒုံ (SMU) ကျေးရွာသစ်စီမံကိန်းအဖြစ် ကန်ကြီးထောင့်မြို့နယ် ညောင်ချောင်းကျေးရွာဆေးပေးခန်းကို တွေ့ရစဉ်